# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ ဝါဆိုလဆန်း (၅) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (10-7-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၇၁)


## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။


၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## ချင်းတောင်မြို့ရှိ ချင်းတောင်ဟိုင်အယ်အဖွဲ့နှင့် ချင်းတောင်သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှုစင်တာတို့သို့ လှည့်လည်ကြည့်ရှုလေ့လာ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ချင်းတောင်ဟိုင်အယ်အဖွဲ့(Qingdao Haier Group)အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် ဇူလိုင် ၉** တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချင်းတောင်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ချင်းတောင်မြို့အတွင်းရှိ ချင်းတောင်ဟိုင်အယ်အဖွဲ့ (Qingdao Haier Group)နှင့် ချင်းတောင်သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုစင်တာ (Qingdao Hisense Research and Development center)တို့သို့ လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**




ရတနာပုံ
၂၀၁၄ ခုနှစ် ဇူလိုင် ၁၀ ရက်
အယ်ဒီတာ့အာဘော်

## မိုးရာသီတွင်သတိပြုဆင်ခြင်သင့်သည့် ဝမ်းပျက်ဝမ်းလျှောအန္တရာယ်

မိုးရာသီသို့ရောက်သည့်အခါ မြန်မာနိုင်ငံတွင်အဖြစ်များလေ့ရှိသည့် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ပတ်သက်ပြီး ကြိုတင်သတိပြုဆင်ခြင်ကာကွယ်သင့်သည်များကို သိထားရန်လိုပါသည်။ အဓိကအားဖြင့် မိုးရာသီတွင် အမှည့်လွန်ကာ ယင်နားထားသည့် ရာသီပေါ်သီးနှံများကိုစားသုံးမိခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှုအားနည်းခြင်း စသည်တို့မှတစ်ဆင့်ကူးစက်နိုင်သော ဝမ်းရောဂါပိုးရပ်စ်ပိုးများ ခန္ဓာကိုယ်အတွင်းဝင်ရောက်ခြင်းမှ ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်ပွားရခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါများနှင့်ပတ်သက်၍ သတင်းမျိုးစုံပျံ့နှံ့ခဲ့သော်လည်း တာဝန်ရှိသူများ၏ဆောင်ရွက်ချက်အဖြစ် မြို့နယ်တချို့တွင် ဇွန် ၂၆ ရက်နေ့မှစ၍ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများဖြင့် လူနာတချို့ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုအဆင့်ကွင်းဆင်းအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများပါဝင်သည့် ကွင်းဆင်းအဖွဲ့များနှင့်ပူးပေါင်း၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ကြီးကြပ်ညွှန်ကြားပံ့ပိုးမှုတို့ဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ကွင်းဆင်းဆောင်ရွက်ကာ လူနာသစ်ရှာဖွေခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ဇူလိုင် ၄ ရက်မှ ၆ ရက်အတွင်း ဆေးရုံတက်လူနာများမြင့်တက်ခဲ့သော်လည်း အများစုမှာ သာမန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ လူနာများသာဖြစ်ကြောင်း တွေ့ရှိရပါသည်။ ယခုအခါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ပြည်သူလူထု၏ပူးပေါင်းဆောင်ရွက်မှုဖြင့် အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိသည့်အတွက် အချိန်တိုအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုကို အကောင်းဆုံးထိန်းချုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခဲ့ပါက လူတစ်ဦးချင်းစီက ကျန်းမာရေးနှင့်ညီညွတ်သောလူနေမှုဘဝပုံစံများကိုသိရှိနားလည်ပြီး လိုက်နာကျင့်သုံးနေထိုင်ကြမည်ဆိုပါက ရောဂါဘယကင်းဝေးကာ ကျန်းမာခြင်းသုခနှင့် ပြည့်စုံကြမည်ဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနက အသိပညာပေးထားသည့်အတိုင်း "လက်သန့်၊ ရေသန့်၊ အစာသန့်၊ အိမ်သာသန့်"ဟူသော "သန့်လေးသန့်"ကို လိုက်နာခြင်းဖြင့် ဝမ်းပျက်ဝမ်းလျှောနှင့်ကူးစက်ရောဂါများဖြစ်ပွားခြင်းမှ ကာကွယ်နိုင်မည်ဖြစ်သည်။ အစာသန့်စေရန် ယင်မနားစေရန်ဖုံးအုပ်ထားခြင်း၊ သန့်ရှင်းသောချက်ပြုတ်ပစ္စည်းများအသုံးပြု၍ ချက်ပြုတ်ခြင်း၊ ချက်ပြုတ်ပြီး ပူပူနွေးနွေးစားသုံးခြင်း၊ စားသုံးသည့် ရာသီပေါ်သီးနှံများကိုလည်း အမှည့်မလွန်စေရန် သတိပြုခြင်းများဆောင်ရွက်သင့်သည်။ သောက်သုံးရေများသန့်ရှင်းစေရန်အတွက် ရေသန့်များအသုံးပြုခြင်း၊ ရေသန့်မရနိုင်လျှင် ရေကိုဆူပွက်အောင် သေချာစွာကျိုချက်သောက်သုံးသင့်သည်။ လက်သန့်ရန်အတွက် အစာမစားခင်နှင့် အိမ်သာသွားပြီးတိုင်း လက်ကိုဆပ်ပြာနှင့်စင်ကြယ်စွာဆေးကြောသင့်ပါသည်။ အိမ်သာသန့်ရန်အတွက်ကိုမူ ယင်လုံအိမ်သာဖြစ်ရန်လိုပြီး အနံ့အသက်မထွက်စေရေး၊ အညစ်အကြေးများယိုစိမ့်မှုမရှိစေရေးဆောင်ရွက်သင့်ပါသည်။

သို့ဖြစ်ရာ ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာများ ပြန့်ပွားနိုင်ရန်အတွက် သက်ဆိုင်ရာပြည်သူ့ကျန်းမာရေးဦးစီးဌာနက ရောဂါထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများ၊ ပညာပေးလုပ်ငန်းများ၊ သန့်ရှင်းရေးလုပ်ငန်းများနှင့် ရောဂါထပ်မံဖြစ်ပွားမှုရှိ၊ မရှိစောင့်ကြည့်သည့် လုပ်ငန်းများကို ဖြန့်ဝေပညာပေးမှုများပြုလုပ်ပေးလျက်ရှိရာ မိမိနှင့်ပတ်ဝန်းကျင်တွင် ဝမ်းပျက်ဝမ်းလျှောရောဂါများမဖြစ်ပွားရအောင် ဂရုပြုလိုက်နာသင့်ပါသည်။ ကျန်းမာရေးအသိပညာမြင့်မားပြီး ကျန်းမာရေးဗဟုသုတပြည့်စုံနေမှသာလျှင် ဖြစ်လာနိုင်သည့်ရောဂါအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ပြီး ဘဝတစ်လျှောက်လုံး ကျန်းမာရေးနှင့်ညီညွတ်စွာနေထိုင်နိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားအပ်ပါသည်။

## မန္တလေးမြို့ရှိ ဈေးရောင်းချရန်ခွင့်မပြုထားသောနေရာများတွင် ဈေးရောင်းချမှုမရှိစေရေး ရှောင်တခင်စစ်ဆေးအရေးယူမည်




ယခင်က မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အစွန့်ဌာနနှင့် ပူးပေါင်းအဖွဲ့များ ရှောင်တခင်စစ်ဆေးစဉ်။

**မန္တလေး ဇူလိုင် ၉**

မန္တလေးမြို့နယ်ခြောက်မြို့နယ်အတွင်း ဈေးရောင်းချရန် ခွင့်မပြုထားသောနေရာများတွင် ဈေးသည်များ ဈေးရောင်းချမှုမရှိစေရေး ယခုလအတွင်း ရှောင်တခင်စစ်ဆေးအရေးယူမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာန ဒုတိယဌာနမှူး ဦးရဲထွန်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့ စည်ပင်နယ်နိမိတ်မြို့နယ် ခြောက်မြို့နယ်အတွင်း ဈေးရောင်းချခွင့် မပြုထားသည့်နေရာများတွင် ဈေးဆိုင်များဖွင့်လှစ်ရောင်းချမှုမရှိစေရေး စစ်ဆေးရေးလုပ်ငန်းများကို မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ အခွန်ဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အခြားပူးပေါင်းအဖွဲ့များဖြင့် ယခုလအတွင်း ရှောင်တခင်စစ်ဆေးအရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မန္တလေးမြို့စည်ပင်နယ်နိမိတ်မြို့နယ်ခြောက်မြို့နယ်အတွင်း ဈေးရောင်းဖို့ ခွင့်မပြုတဲ့နေရာတွေ အများအပြားရှိပါတယ်။ ဥပမာ-ကျုံးဘေးလိုနေရာမျိုးဆို လုံးဝဈေးရောင်းချခွင့်မရှိပါဘူး။ ပြီးတော့ လူသွားလူလာများတဲ့ တကယ့်မိန်းလမ်းမကြီးတွေမှာဆိုလဲ မြောင်းတွေကို ကျူးကျော်ထားပြီး ဈေးရောင်းချခွင့်မပြုထားပါဘူး"ဟု ဦးရဲထွန်းက ပြောပြသည်။

မန္တလေးမြို့စည်ပင်နယ်နိမိတ်မြို့နယ် ခြောက်မြို့နယ်ဖြစ်သည့် အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်တို့အတွင်း သန့်ရှင်းသာယာလှပမှုရှိစေရေးအတွက် ခွင့်ပြုချက်မရဘဲ ကန့်သတ်ထားသော နေရာများတွင် ဈေးရောင်းချနေသည့် စည်းကမ်းမဲ့ဈေးသည်များကို စစ်ဆေးမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ရောင်းချမှုများကို တွေ့ရှိပါက ဒဏ်ကြေး ငွေကျပ် ၁၀၀၀၀ မှ ငွေကျပ် ၅၀၀၀၀ ထိ ဒဏ်ရိုက်အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ (၁၈၄)

## ရောဝတီမြစ်ရေ မန္တလေးမြို့၏ စိုးရိမ်ရေမှတ်ထက်ကျော်လွန်နေပြီး တစ်ပေခွဲခန့် ဆက်လက်မြင့်တက်လာနိုင်

**မန္တလေး ဇူလိုင် ၉**

ဧရာဝတီမြစ်ရေသည် မန္တလေးမြို့တွင် ၁၂၇၃ စင်တီမီတာကို ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်ထက်ကျော်လွန်နေကာ လာမည့် ၂၄ နာရီအတွင်း တစ်ပေခွဲခန့် ဆက်လက် မြင့်တက်လာနိုင်ကြောင်း မန္တလေးတိုင်းဒေသကြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်ဌာနခွဲ) ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောပြ၍ သိရသည်။

အဆိုပါဧရာဝတီမြစ်ရေ ၁၂၇၃ စင်တီမီတာသည် ယနေ့နံနက် ၁၀ နာရီ မိနစ် ၃၀ အချိန် တိုင်းတာချက်အရဖြစ်ပြီး မန္တလေးမြို့၏ စိုးရိမ်ရေမှတ်သည် ၁၂၆၀ စင်တီမီတာရှိကာ စိုးရိမ်ရေမှတ်ထက် ၁၃ စင်တီမီတာ ကျော်လွန်နေကြောင်း၊ လာမည့် ၂၄ နာရီအတွင်း၌လည်း တစ်ပေခွဲခန့် ဆက်လက်မြင့်တက်နိုင်ပြီး စိုးရိမ်ရေမှတ်အထက်တွင် ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းထားကြောင်း သိရသည်။

"ပုံမှန်အားဖြင့် အနောက်တောင် မုတ်သုံလေရာသီဟာ မြန်မာနိုင်ငံတောင်ပိုင်းကို စတင်တဲ့ မေလလယ်ကနေပြီးတော့ မေလကုန်၊ ဇွန်လဆန်းဆိုရင် မြန်မာနိုင်ငံမြောက်ပိုင်း ဒေသတွေမှာ မုတ်သုံမိုးတွေ ပျံ့ပျံ့နှံ့နှံ့ရွာပါတယ်။ တဖြည်းဖြည်းတော့ မြန်မာနိုင်ငံမြောက်ပိုင်းဒေသတွေမှာ သုံးပတ်လောက်၊ တစ်လလောက် မုတ်သုံမိုး ပျံ့ပျံ့နှံ့နှံ့ရွာသွန်းပြီးချိန် မိုးဦးကာလကုန်ခါနီး ဇွန်လကုန်လောက် အချိန်မှာတော့ မြန်မာနိုင်ငံမြောက်ပိုင်းရဲ့ မြစ်ရေကြီးတဲ့ရာသီ စတင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်တွေမှာတော့ မြစ်ဖျားပိုင်းတွေမှာ မြစ်ရေကြီးခဲ့တဲ့အခြေအနေနဲ့ အတူတူ အခုဧရာဝတီမြစ်လယ်ပိုင်းဒေသတွေမှာတော့ တဖြည်းဖြည်းနဲ့ အမြင့်ဆုံးရေမှတ်တွေ ရောက်နေတဲ့ အနေအထားမျိုးဖြစ်ပါတယ်။ မန္တလေးမြို့မှာ ဇူလိုင်လဒုတိယပတ်ကနေပြီးတော့ ဩဂုတ်လဒုတိယပတ်လောက်ထိ ဖြစ်ရိုးဖြစ်စဉ်အမြင့်ဆုံး မြစ်ရေတက်လေ့ရှိတဲ့ကာလဖြစ်ပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန(အထက်မြန်မာပြည်ဌာနခွဲ) ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

## မန္တလေးဈေးကွက်အတွင်း အောင်ပန်းဘက်မှထွက်ရှိသည့် ကြက်သွန်ဖြူ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မန္တလေး ဇူလိုင် ၉**

မန္တလေး ဈေးကွက်အတွင်း အောင်ပန်းဘက်မှ ထွက်ရှိသည့် ကြက်သွန်ဖြူ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်းမန္တလေးမြို့မှ အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မန္တလေး ဈေးကွက်အတွင်း ဇူလိုင်လ ဒုတိယပတ်တွင် အောင်ပန်းဘက်မှထွက်ရှိသည့် ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ ယခုလက်ရှိတွင် ကြက်သွန်ဖြူများကို ပြည်တွင်းဈေးကွက်အပြင် ပြည်ပနိုင်ငံများကလည်း မှာယူမှုများရှိကြောင်း သိရသည်။

"အခု မန္တလေးဈေးကွက်ထဲမှာ အောင်ပန်းဘက်ကနေ ထွက်ရှိတဲ့ ကြက်သွန်ဖြူတွေကို ကုန်သည်တွေ အနေနဲ့ အဝယ်တော်တော်များလာတယ်။ ပြည်တွင်းကော၊ ပြည်ပကပါ ကြက်သွန်ဖြူတွေ အဝယ်လိုက်လာတာကြောင့် မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်က သိသိသာသာကို ကောင်းမွန်လာတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ အောင်ပန်းဘက်မှထွက်ရှိသည့် ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"အခုလတ်တလော အောင်ပန်းဘက်ကနေ မန္တလေးကို တင်ပို့တဲ့ ကြက်သွန်ဖြူတွေကို ရန်ကုန်နဲ့ အခြားမြို့ကြီးတွေကိုလဲ ပြန်ပြီး တင်ပို့နေရပါတယ်။ လတ်တလော ကြက်သွန်ဖြူအသစ်တွေလဲ လက်ကျန်နည်းနေပေမဲ့ ဈေးကတော့ ပုံမှန်အနေအထားမှာပဲ ရှိပါတယ်"ဟု ဒေါ်မေသဲဆွေက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် ထန်းတောကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်း

**မလှိုင် ဇူလိုင် ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် ရေထွက်ကျေးရွာအုပ်စု ထန်းတောကြီးကျေးရွာ၌ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ဇူလိုင် ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကြောင်းအရာများ၊ စီမံကိန်းရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်က ကော်မတီဝင် ရွေးချယ်ရမည့်စည်းမျဉ်းစည်းကမ်းများ၊ ကျေးရွာက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အစည်းအဝေးတက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာလုပ်ငန်းအဖွဲ့ဝင် ၁၁ ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ထန်းတောကြီးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း၃၀၀ကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ ရေလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းများလုပ်ကိုင်ရန် ချေးငွေများ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ကိုနိုင်စိုးသန့်-မဆွေဇင်ဝင်း မိသားစုက ဆွမ်းအတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးစင်မောင်၊ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နွေစပါး ၃၂၄၇ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ရေဦး ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နွေစပါး ၃၂၄၇ ကေထိ ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများ ရိတ်သိမ်းမှုကို ယခုနှစ် ဇွန်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ နွေစပါး ၃၂၄၇ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၇၈ ဒသမ ၁၁ တင်း ထွက်ရှိကြောင်း သိရသည်။

"တန့်ဆည်မြို့နယ်မှာ နွေသီးနှံစိုက်ပျိုးရာသီက နွေစပါး ၇၈၉၅ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုလက်ရှိမှာလဲ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ နွေစပါး ၃၂၄၇ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးတာ၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိဖို့၊ ရိတ်သိမ်းပြီးစပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိဖို့ စတဲ့ အသိပေးတာတွေကို လုပ်ဆောင်ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်တောင်သူများအနေဖြင့် တစ်ကေအထွက်နှုန်းတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊နည်းပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့်ပညာပေးဆွေးနွေးပွဲများဆောင်ရွက်ခြင်း၊ လိုအပ်သည့်သွင်းအားစုများ အချိန်မီရရှိရေး ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ပေးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

# ပျော်ဘွယ်မြို့နယ် သပြေရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပျော်ဘွယ် ဇူလိုင် ၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သပြေရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၆၇ သိန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သပြေရိုးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၀ ဦးကို ငွေကျပ် သိန်း ၈၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ ဦးကိုငွေကျပ် ၂၅၄ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကိုငွေကျပ် ၁၃၃ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၆၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကဏန်းပျော့ပိဿာချိန် ၈၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့


**ဖျာပုံ ဇူလိုင် ၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကဏန်းပျော့ပိဿာချိန် ၈၇၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်စုခိုင်က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ဒေသထွက် ကဏန်းပျော့များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ မေလအတွင်းက ဂဏန်းပျော့သန့်စင်ပြီး ပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ကဏန်းပျော့သန့်စင်ပြီးပိဿာချိန် ၈၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒီဘက်ကထွက်ရှိတဲ့ ကဏန်းပျော့တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ဒီနှစ်က ပြည်တွင်းဈေးကွက်မှာ အရောင်းအဝယ်သွက်လာတာပါ။ တင်ပို့ကုန်များလာတော့ ကဏန်းပျော့လုပ်ငန်း လုပ်ကိုင်တဲ့သူတွေ အဆင်ပြေလာတာ တွေ့ရတယ်။ ဒါ့ပြင် ကုန်ပစ္စည်း တင်ပို့တဲ့လုပ်ငန်းတွေနဲ့ဆက်စပ်တဲ့သူတွေလဲ အဆင်ပြေလာတယ်။ လက်ရှိ ရန်ကုန်ဈေးကွက်မှာ ကဏန်းပျော့တွေ အဝယ်လိုက်လာပါတယ်။ ဒီဘက်ဒေသမှာ ကဏန်းပျော့မွေးမြူရေးလုပ်ငန်းကို အခုလို ရာသီမှာ အများဆုံးလုပ်ကိုင်ကြပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်စုခိုင်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့် ကဏန်းပျော့များ ဝယ်ယူမှု အားကောင်းနေခြင်းကြောင့် ဖျာပုံမြို့နယ်ရှိ ကဏန်းပျော့မွေးမြူရေး လုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်သားများ၊ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး လုပ်ငန်းရှင်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း ၎င်းကဆက်လက်ပြောပြ၍ သိရသည်။**ကျော်ကျော်လင်း**



# အမရပူရခေတ် မိုးကောင်းကျောင်းတိုက်

မောင်သာ(ရှေးဟောင်းသုတေသန)



အမည်မသိဓာတ်ပုံဆရာရိုက်ကူးခဲ့သည့် မဟာဝေယန်ဘုံကျော်(မိုးကောင်း)ကျောင်း

မြန်မာ့ဗိသုကာလက်ရာ ဘုန်းကြီးကျောင်းအများစုကို ကုန်းဘောင်ခေတ်နှောင်းပိုင်း ရတနာပုံခေတ်တွင် ကျွန်းသစ်ဖြင့် အများဆုံးတည်ဆောက်ခဲ့သည်။ သို့သော် ရတနာပုံခေတ်မတိုင်မီ အမရပူရခေတ်တွင်လည်း တော်ဝင်မိသားစုများတည်ဆောက်လှူဒါန်းခဲ့သည့် သစ်သားဘုန်းကြီးကျောင်းများလည်းရှိခဲ့သည်။

အမရပူရခေတ်တွင်တည်ဆောက်ခဲ့သည့်သစ်သားကျောင်းများသည်လည်း ရတနာပုံခေတ် ကျောင်းအများစုကဲ့သို့ပင် အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးပျောက်ကွယ်ခဲ့ကြသည်။ သစ်သားအဆောက်အအုံများသည် အုတ်အဆောက်အအုံများကဲ့သို့ နှစ်ကာလအလွန်ရှည်ကြာစွာမတည်တံ့နိုင်ဘဲ ပျက်စီးခဲ့ကြရခြင်းဖြစ်ပေသည်။

အမရပူရခေတ် မင်းနေပြည်တော် အမရပူရမြို့တွင် ဘုရင်နှင့် တော်ဝင်မိသားစုများတည်ဆောက်ခဲ့သည့် အလွန်လက်ရာမြောက်သော သစ်သားဘုန်းကြီးကျောင်းများတွင် ပုဂံမင်း(၁၈၄၆-၁၈၅၃)နှင့် မိုးကောင်းမိဖုရား သီရိရတနာစန္ဒာမဟေသီတို့၏ အလှူတော် မဟာဝေယန်ဘုံကျော်ကျောင်းလည်း အပါအဝင်ဖြစ်ကာ မိုးကောင်းမိဖုရားကို အစွဲပြုလျက် မိုးကောင်းကျောင်းဟုလည်း ထင်ရှားခဲ့သည်။

**အမရပူရခေတ်**

၁၇၅၂ ခုနှစ်မှ ၁၈၈၅ ခုနှစ်ထိ ရှည်ကြာခဲ့သည့် ကုန်းဘောင်ခေတ်တွင် အမရပူရသည် မြန်မာ့နန်းမြို့တော်ဟောင်းတစ်ခုအဖြစ် ယနေ့တိုင်ထင်ရှားလျက်ရှိသည်။ အမရပူရမြို့နယ်တွင် တည်ရှိသည့် တောင်သမန်တံတား၊ ပုထိုးတော်ကြီး၊ နေပူခံကိုယ်တော်ကြီး၊ ကျောက်တော်ကြီး၊ ရွှေကြက်ယက်၊ ရွှေကြက်ကျစသည့် ကုန်းဘောင်ခေတ်အမွေအနှစ်များသည် လာရောက်လည်ပတ်လေ့လာသူများဖြင့် စည်ကားနေလေ့ရှိသည်။

အမရပူရသည် ဗဒုံမင်းလက်ထက်တွင် ၁၇၈၃ ခုနှစ်မှ ၁၈၂၃ ခုနှစ်ထိတစ်ကြိမ်၊ သာယာဝတီမင်းလက်ထက်တွင် ၁၈၃၇ ခုနှစ်မှ ၁၈၅၇ ခုနှစ်ထိ တစ်ကြိမ် ကုန်းဘောင်ခေတ်နေပြည်တော် နှစ်ကြိမ်ဖြစ်ခဲ့သည်။

ဘိုးတော်ဘုရား ဗဒုံမင်းသည် အလောင်းမင်းတရားကြီး၏ စတုတ္ထမြောက်သားတော်ဖြစ်ပြီး ၁၇၈၂ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် တူတော်စဥ့်ကူးမင်းကို စီရင်ပြီး အင်းဝထီးနန်းကိုသိမ်းပိုက်၍ ကုန်းဘောင်ဆက်၏ ဆဋ္ဌမမြောက်ဘုရင်ဖြစ်လာခဲ့သည်။

ဗဒုံမင်းသည် တောင်သမန်အင်း၊ ဒုဋ္ဌဝတီမြစ်၊ ရွှေတချောင်း၊ တက်သေးအင်းနှင့် အောင်ပင်လယ်ကန်တို့ ဝန်းရံနေသည့် ထီးပေါင်းကားအရပ်၌ မြို့တည်ရန် ၁၇၈၂ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် မြို့၊ ကျုံး၊ ရွှေနန်း၊ ရွှေဂူ၊ ကျောင်း၊ ပိဋကတ်တိုက်၊ ကန်နှစ်ဌာနကို တစ်ပြိုင်တည်း ရွှေပန္နက်၊ ငွေပန္နက်စိုက်ခဲ့ပြီး ၁၇၈၃ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် မြို့တော်ခုနစ်ဌာနကို တစ်ပြိုင်တည်း စတင်တည်ဆောက်ခဲ့သည်။ အမရပူရကို တည်ခဲ့သည့် မြန်မာသက္ကရာဇ် ၁၁၄၄ ခုနှစ်ကို "အင်းအိုင်ဝိုက်လည်၊ အမရတည်"ဟု မှတ်သားခဲ့ကြသည်။

ဗဒုံမင်းသည် ၁၇၈၃ ခုနှစ် ဇွန် ၁ ရက်တွင် အမရပူရမြို့တော်ကို အရှေ့မျက်နှာ ဦးနိမ်တံခါးမှ ထွက်၍ လက်ယာရစ်လှည့်ပြီး သိမ်းပိုက်ခဲ့ကာ ကုန်းဘောင်မင်းဆက်တွင် နန်းသက် သက်တမ်းအရှည်ဆုံးဘုရင်ဖြစ်လာခဲ့သည်။ ဗဒုံမင်းသည် ၁၇၈၃ ခုနှစ် မေ ၁၇ ရက်တွင် အမရပူရရွှေနန်း၌ ရာဇာဘိသေကခံယူခဲ့သည်။

အမရပူရတွင် ဗဒုံမင်း(၁၇၈၂-၁၈၁၉)၊ စစ်ကိုင်းမင်း(၁၈၁၉-၁၈၃၇)၊ သာယာဝတီမင်း(၁၈၃၇-၁၈၄၆)၊ ပုဂံမင်း(၁၈၄၆-၁၈၅၃)နှင့် မင်းတုန်းမင်း(၁၈၅၃-၁၈၇၈)တို့ နန်းစံခဲ့ကြသည်။ အမရပူရတွင် ဗဒုံမင်း ပထမဆုံးနန်းစံခဲ့သည့်နှစ်မှ အမရပူရမှ မန္တလေးမြို့သို့ပြောင်းရွှေ့ပြီး မင်းတုန်းမင်းနန်းစံခဲ့သည့် ၁၈၆၀ ပြည့်နှစ်ထိကာလကို ရတနာပုံခေတ်ဟု သတ်မှတ်ကြသည်။

သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက အင်းဝသည် အထက်မြန်မာပြည်၏ အကောင်းဆုံးမင်းနေပြည်တော်နေရာဖြစ်ပြီး နေပြည်တော်ကို အင်းဝမှအမရပူရသို့ ပြောင်းရွှေ့ခြင်းသည် နိုင်ငံနှင့်ပြည်သူများကို အကျပ်အတည်းအခက်အခဲများ ဖြစ်စေကြောင်း သုံးသပ်ခဲ့သည်။

ယခုအခါတွင် အမရပူရသည် မန္တလေးတိုင်းဒေသကြီးတွင်ပါဝင်သည့် ခရိုင်မြို့ဖြစ်၍ မန္တလေးမြို့နှင့် တစ်ဆက်တစ်စပ်တည်းတည်ရှိသည်။ ၇၉ ဒသမ ၆၂ စတုရန်းမိုင်ကျယ်ဝန်းသည့် အမရပူရမြို့နယ်ကို နှစ်မြို့(အမရပူရနှင့်မြစ်ငယ်)၊ ရပ်ကွက် ကိုးခု၊ ကျေးရွာအုပ်စု ၄၂ အုပ်စု၊ ကျေးရွာ ၁၇၀ ဖြင့် ဖွဲ့စည်းထားရာ အရှေ့ဘက်တွင် ပုသိမ်ကြီးနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ အနောက်ဘက်တွင် တံတားဦးနှင့် စစ်ကိုင်းမြို့နယ်၊ တောင်ဘက်တွင် စဥ့်ကိုင်မြို့နယ်နှင့် မြောက်ဘက်တွင် ချမ်းမြသာစည်မြို့နယ်တို့တည်ရှိသည်။

**အမရပူရခေတ်ဘုန်းကြီးကျောင်းများ**

၇၁ နှစ်ကြာ သက်တမ်းရှည်ခဲ့သည့် အမရပူရခေတ်တွင် ကုန်းဘောင်ဘုရင်နှင့် တော်ဝင်မိသားစုများက သာသနိကအဆောက်အအုံများစွာကို တည်ဆောက်လှူဒါန်းခဲ့ရာသံဃာတော်များကိုတင်လှူခဲ့သည့် သစ်သားဘုန်းတော်ကြီးကျောင်းများလည်း ပါဝင်ခဲ့သည်။

၎င်းတို့အနက် မိုးကောင်းကျောင်းတိုက်သည် မန္တလေးမြို့ လမ်း ၉၀ နှင့် ၂၆ လမ်းထောင့်နေရာ၌ တည်ရှိခဲ့သည်။ ကျောင်းတိုက်ဝင်းသည် အလျား ပေ ၄၃၀၊ အနံ ၁၉၈ ပေ ကျယ်ဝန်း၍ ကျောင်းအဆောက်အအုံ၏အရွယ်ပမာဏသည် အလျား ၂၅၈ ပေ၊ အနံ ၁၀၆ ပေ (၇၉ မီတာ×၃၂ မီတာ)ဖြစ်၍ ကျွန်းတိုင် ၃၄၂ တိုင်ရှိသည်။ မိုးကောင်းကျောင်းတိုက်၏ တိုင်လုံးအရေအတွက်ကို "ကြက်လည်ဆန်ပြန်ချ၊ မိုးကောင်းတိုင်ပေါင်းရ"ဟု မှတ်သားခဲ့ကြသည်။ (ပိဋကတ်သင်္ချာနည်းအရ "ကြက်လည်ဆန်"ကို ပြောင်းပြန်ယူလျှင် ၃၄၂ ဖြစ်သည်။)

မိုးကောင်းကျောင်းတွင် သရက်ကင်းအုတ်လှေကားငါးစင်းရှိပြီး ပြာသာဒ်ဆောင်ကို ဘုံခုနစ်ဆင့်၊ စနုဆောင်ကို ဘုံသုံးဆင့်၊ ဆောင်မကြီးကို ဘုံငါးဆင့်နှင့် ဘောဂဆောင်ကို ဘုံသုံးဆင့်ပြုလုပ်ခဲ့သည်။ ကျောင်းတိုက်ကို ရာမာယဏဇာတ်လာ ဇာတ်ကွက်ပန်းပုရုပ်များဖြင့် အလှဆင်ခဲ့သည်။

မိုးကောင်းကျောင်းတိုက်ဟု အများကခေါ်ဝေါ်ခဲ့သည့် "မဟာဝေယန်ဘုံကျော်ကျောင်း"ကို ရှေးဟောင်းသုတေသနဌာနက ကျောက်စာဝန် မစ္ဆတာတော်စိန်နိ၏ညွှန်ကြားချက်အရ အမည်မသိဓာတ်ပုံဆရာတစ်ဦးက ၁၉၀၄ ခုနှစ်တွင် ရိုက်ကူးခဲ့သည်။ အဆိုပါဓာတ်ပုံကို အိန္ဒိယရှေးဟောင်းသုတေသနစုစည်းမှု(ASI Collections 1903-1907)တွင် ဖော်ပြခဲ့သည်။

**မိုးကောင်းကျောင်းတိုက်ဆရာတော်များ**

အမရပူရခေတ်လက်ရာ မိုးကောင်းကျောင်းတိုက်ကို တည်ဆောက်လှူဒါန်းခဲ့သည့် အလှူရှင်သည် ကုန်းဘောင်ဆက် နဝမမြောက်ဘုရင် ပုဂံမင်းနှင့် မြောက်ဆောင်တော်မိဖုရား သီရိရတနာစန္ဒာမဟေသီတို့ဖြစ်သည်။ ဘုရင်နှင့် မိဖုရားတို့သည် ကျောင်းအဆောက်အအုံကိုတည်ဆောက်ခဲ့ပြီး ၁၈၄၉ ခုနှစ်တွင် ပုသိမ်ဆရာတော်ကို တင်လှူခဲ့သည်။

ထိုအကြောင်းခြင်းရာများကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင် "မြောက်ဆောင်တော်မိဖုရား သီရိရတနာစန္ဒာမဟေသီက ကုသိုလ်တော် မဟာလောကရံသီစေတီတော် အနောက်မုခ်အထွက်တွင် အရံမီးတားနှင့်တကွ စမြင်ပါ ဘုံငါးထပ်၊ ကျောင်းမ ကသည် ကျောင်းဦးပြာသာဒ်ဆောင်အထိ စမုတ်ကူးပါအနောက်ဆောင်နှင့်တကွ ဘဝရှင်မင်းတရားကြီးထံ ပန်ကြားဆောက်လုပ်ပြီးပြေသည်ကို ပုသိမ်ဆရာတော်အား တင်လှူတော်မူ၏"ဟု မှတ်တမ်းတင်ခဲ့သည်။

မင်းတုန်းမင်းလက်ထက်တွင် ပုသိမ်ဆရာတော် ပျံလွန်တော်မူသဖြင့် မင်းတုန်းမင်းသည် မိုးကောင်းကျောင်းကို ရွှေကျင်ဆရာတော်ကို လှူဒါန်းသော်လည်း ဆရာတော်က လက်မခံသဖြင့် ပန်းတောချောင်ဆရာတော် ဦးသဒ္ဓမ္မကို တင်လှူခဲ့သည်။ ဦးသဒ္ဓမ္မပျံလွန်တော်မူချိန်တွင် ရွှေကျင်တိုက်ဆရာတော် ဦးဂန္ဓမာကိုတင်လှူခဲ့သည်။ သီပေါမင်းဘုရင်ဖြစ်လာချိန်တွင် ဆရာတော်ဦးဂန္ဓမာသည် ဟင်္သာတသို့ကြွသွားခဲ့သဖြင့် သာသနာပိုင် တောင်တော်ဆရာတော်ကို တင်လှူခဲ့သည်။ သီပေါမင်းပါတော်မူပြီးနောက် သက္ကရာဇ် ၁၂၄၈ ခုနှစ်တွင် သာသနာပိုင်ဆရာတော်က ဖန်းကျီးဆရာတော် ဦးနန္ဒိန္ဒကို လွှဲအပ်ခဲ့ပြီး သက္ကရာဇ် ၁၂၆၉ ခုနှစ်တွင် တိုက်အုပ်ဆရာတော် ဦးဇာဂရကို လွှဲပြောင်းလှူဒါန်းခဲ့သည်။

အမရပူရခေတ်မှသည် အင်္ဂလိပ်ခေတ်ထိ နှစ် ၆၀ ကြာတည်တံ့ခဲ့သည့် မိုးကောင်းကျောင်းတိုက် ခေါ် မဟာဝေယန်ဘုံကျော်ကျောင်းသည် သက္ကရာဇ် ၁၂၇၁ ခုနှစ် ကဆုန်လဆန်း ၅ ရက်(၁၉၀၉ ခုနှစ် မေ ၂၃ ရက်)တွင် မီးလောင်ပြာကျကာ ပျောက်ကွယ်သွားခဲ့ပေသည်။

❖ ၇၁ နှစ်ကြာ သက်တမ်းရှည်ခဲ့သည့် အမရပူရခေတ်တွင် ကုန်းဘောင်ဘုရင်နှင့် တော်ဝင်မိသားစုများက သာသနိကအဆောက်အအုံများစွာကို တည်ဆောက်လှူဒါန်းခဲ့ရာ သံဃာတော်များကိုတင်လှူခဲ့သည့် သစ်သားဘုန်းတော်ကြီးကျောင်းများလည်း ပါဝင်ခဲ့သည်။ ၎င်းတို့အနက် မိုးကောင်းကျောင်းတိုက်သည် မန္တလေးမြို့ လမ်း ၉၀ နှင့် ၂၆ လမ်းထောင့်နေရာ၌ တည်ရှိခဲ့သည်။ ကျောင်းတိုက်ဝင်းသည် အလျား ပေ ၄၃၀၊ အနံ ၁၉၈ ပေ ကျယ်ဝန်း၍ ကျောင်းအဆောက်အအုံ၏ အရွယ်ပမာဏသည် အလျား ၂၅၈ ပေ၊ အနံ ၁၀၆ ပေ(၇၉ မီတာ×၃၂ မီတာ)ဖြစ်၍ ကျွန်းတိုင် ၃၄၂ တိုင်ရှိသည်။ မိုးကောင်းကျောင်းတိုက်၏ တိုင်လုံးအရေအတွက်ကို "ကြက်လည်ဆန်ပြန်ချ၊ မိုးကောင်းတိုင်ပေါင်းရ"ဟု မှတ်သားခဲ့ကြသည်။ ❖

**ကိုးကား**

- ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (ဦးမောင်မောင်တင်)
- တော်ဝင် ကျွန်းဘုန်းကြီးကျောင်းများ (ညဏ်လင်းတင့်)
- အမရပူရမြို့နယ် ဒေသဆိုင်ရာအချက်အလက်များ (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)
- ASI Collections, Burma Circle, 1903-1907

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေ မှာ စိတ်ညစ်မှုတွေ၊ စိတ်အလို မကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီ အချိန်မှာ မရည်ရွယ်ပါဘဲ ခဏ လောက်ဖြစ်ဖြစ် လမ်းထလျှောက် မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက် ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျ မှုတွေ သက်သာပျောက်ကင်း သွားပြီး တစ်ခါတစ်ရံမှာ အကြံ ဉာဏ်ကောင်းတွေ ထွက်လာ တာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှု အရဆိုရင်လည်း လမ်းလျှောက် ခြင်းဟာ စိတ်ကိုကြည်လင် လန်းဆန်းစေတယ်လို့ တွေ့ရှိ ထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက် ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက် ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက် ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ် ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေ ကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေ ကုန်ကြေးကျခြင်းလည်း မရှိပါ ဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လောက် သာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာ မယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်း သာတယ်လို့ ပြောစမှတ်ရှိသလို မျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘဝမှာ မိနစ် ၃၀ ကြာ လမ်း လျှောက်ကြပါစို့လို့ တိုက်တွန်း နှိုးဆော်လိုက်ရပါတယ်။

# လမြတ်ဝါဆို

\- လရာသီ ကရကဋ်
မိုးလေမပြတ် သည်ချိန်ခါ၊
တောတောင်တွေ စိမ်းစိုလန်း
ပန်းရောင်စုံဖြာ၊
ပြဗ္ဗာသာဋ်နက္ခတ် စန်းယှဉ်ကာ
ကောင်းကင်မှာ ထွန်းပလင်း၊
ပုန်းညက်ဖြူ မြတ်လေးပန်းတို့
ပွင့်လန်းလို့သင်း။

\- ချိန်ခါအညီ ပဥ္စင်းခံပွဲ
ကျင်းပအမြဲ တစ်နှစ်တစ်ခါ၊
မြတ်သဒ္ဓါ ပွင့်လန်းလို့
လှူဒါန်းချိန်ခါ၊
မြန်မာတို့ ဓလေ့ဘာသာ
မရွေ့ရှည်ကြာ ဝတ်မပျက်၊
လပြည့်ချိန်ခါ ဓမ္မစကြာတရား
ဟောကြားခြွေမြွက်။

\- သန္ဓေ တောထွက်
တရားဦးဓမ္မစက် ဟောကြားကာ၊
လပြည့်ညအခါ ငွေလမင်းက
ဝင်းပလို့ဖြာ၊
သတ္တဝါအပေါင်းနှင့် လူနတ်ပြဟ္မာ
ကျွတ်တန်းဝင်ကာ နေ့တစ်နေ့၊
သုံးပါးရတနာ စတင်ခဲ့သည့်
ဝါဆိုလပြည့်။ ။

ရွှေတိုး(ထုံးဘို)

# မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ဧက ၂၆၀၀ စိုက်ပျိုးမည်

**မြောင်းမြ ဇူလိုင် ၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ် တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ၌ စားဖိုဆောင်သီးနှံ ဧက ၂၆၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီး ဌာနမှ ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။



ယခင်နှစ်က ဂေါ်ဖီထုပ်စိုက်ခင်းကို တွေ့ရစဉ်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖို ဆောင်သီးနှံ ဧက ၂၆၀၀ ကို ဇူလိုင် လ ဒုတိယပတ်တွင် စတင်စိုက်ပျိုး သွားမည်ဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံများ လျာထား ချက်ပြည့်မီစေရန် စိုက်ပျိုးရေးဦးစီး ဌာနမှ တောင်သူအသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

"အခုနှစ်မိုးသီးနှံ စိုက်ပျိုးရာသီ မှာ စားဖိုဆောင်သီးနှံကို ဧက ၂၆၀၀ လျာထား စိုက်ပျိုးသွားမှာဖြစ် ပါတယ်။ လျာထားချက်ပြည့်မီစေ ဖို့ကိုလဲ တောင်သူတွေနဲ့ ပူးပေါင်း ဆောင်ရွက်နေပါတယ်။ စိုက်ပျိုး ထားတဲ့အသီးအနှံတွေမှာလဲ ပိုးမွှား အန္တရာယ်ကင်းရှင်းဖို့နဲ့ အထွက် ကောင်းစေဖို့ ဓာတုကင်းလွတ်တဲ့ အသီးအနှံတွေဖြစ်စေဖို့ကိုလဲ ကူညီ ဆောင်ရွက်ပေးနေပါတယ်။ စားဖို ဆောင်သီးနှံတွေ စိုက်ပျိုးတဲ့အခါ အရည်အသွေးကောင်း မျိုးစေ့နဲ့ ဈေးကွက်ဝင်သီးနှံများ ဖြစ်စေ ရေး နည်းပညာတွေနဲ့ အခြားပံ့ပိုးမှု တွေကို မစိုက်ပျိုးမီ စိုက်ပျိုးရေးဦးစီး ဌာနက ဆောင်ရွက်ပေးနေပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီး ဌာနမှ ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် စားဖိုဆောင်သီးနှံများ စိုက်ပျိုးရာ တွင် ပန်းဂေါ်ဖီ၊ ပိန်းဥ၊ နံနံပင်၊ မုန် လာ၊ တိုင်ထောင်ပဲ၊ ဂေါ်ဖီထုပ်၊ ခရမ်းသီး၊ ဘူးသီး၊ သခွားသီး၊ ကန်စွန်းပင်၊ ရုံးပတီ၊ ကြက်ဟင်းခါး သီး၊ ပဲပုစွန်းသီး စသည့်သီးနှံအမျိုး အစားများကို စိုက်ပျိုးသွားမည်ဖြစ် ကြောင်း၊ အဆိုပါသီးနှံများအောင် မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေရန်၊ သဘာဝဘေးနှင့် အခြားအကြောင်းများကြောင့် ပျက် စီးမှုမရှိစေရန် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှစိုက်ခင်းများထံ ကွင်း ဆင်းပြီး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်လင်း

# ကမမြို့နယ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု မုန့်မျိုးစုံပြုလုပ်နည်းသင်တန်းဖွင့်

**ကမ ဇူလိုင် ၉**

မကွေးတိုင်းဒေသကြီး သရက် ခရိုင် ကမမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ် အကိုင်အခွင့်အလမ်း ရရှိစေရန်၊ မိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဇူလိုင် ၈ ရက် နံနက်ပိုင်းက အသက်မွေးဝမ်းကျောင်းအထောက် အကူပြု မုန့်မျိုးစုံပြုလုပ်နည်းသင် တန်းကို အဆိုပါဦးစီးဌာနရုံး၌ ဖွင့် လှစ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်ခရိုင် ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ကမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်း ကျော်ကျော်မျိုးက သင်တန်းဖွင့်လှစ် ရခြင်း၏ ရည်ရွယ်ချက်များ၊ သင် တန်းတွင်ပို့ချပေးမည့် ဘာသာရပ် များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်ထောက်ကူ ပစ္စည်းများကို သင်တန်းသူများထံ လွှဲပြောင်း ပေးအပ်သည်။

အဆိုပါ မုန့်မျိုးစုံပြုလုပ်နည်း သင်တန်းဖွင့်ပွဲသို့ သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် ငှက်ပျောပန်ကိတ်၊ ငှက်ပျောပေါင်း၊ သာကူပြင်၊ မုန့်လက်ကောက်၊ ရွှေဖရုံသီးဆနွင်း မကင်း၊ ကြက်ဥပူတင်း၊ ကျောက် ကျော အစရှိသည့်မုန့်အမျိုးမျိုးကို ကျွမ်းကျင်နည်းပြများက ဇူလိုင် ၈ ရက်မှ ဇူလိုင် ၁၄ ရက်ထိ ခုနစ် ရက်ကြာ စာတွေ့၊ လက်တွေ့အခမဲ့ သင်ကြားပို့ချ ပေးသွားမည်ဖြစ် ကြောင်း သရက်ခရိုင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်းထံမှ သိရသည်။

ငြိမ်းသူ(စလင်း)

# ကွမ်းခြံကုန်းမြို့နယ် ကျိုက်ပတ်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ကွမ်းခြံကုန်း ဇူလိုင် ၉**

ရန်ကုန်တိုင်းဒေသကြီး တွံတေး ခရိုင် ကွမ်းခြံကုန်းမြို့နယ် ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)အကောင် အထည်ဖော်ဆောင်ရွက်မည့်ကျိုက် ပတ်ကျေးရွာ၌ စီမံကိန်းမိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း ခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စု သီတာလင်းက ကျေးရွာဖွံ့ဖြိုးတိုး တက်ရေးလုပ်ငန်းစီမံကိန်းအကောင် အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါလုပ်ငန်းစဉ်များ၊ ကျေးရွာ၏ VDP စီမံကိန်းရေးဆွဲ ရန်နှင့် ထွက်ပေါ်လာသည့်စီမံချက် များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်တို့ကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ ကွမ်းခြံကုန်းမြို့ နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုး တက်ရေးလုပ်ငန်းစီမံကိန်းတာဝန်ခံ က ကျေးရွာကော်မတီဝင်ရွေးချယ် ရာတွင် လိုက်နာရမည့်စည်းမျဉ်း စည်းကမ်းများ၊ ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်း ပြောကြားကာ သက်ဆိုင်ရာတာဝန် ရှိသူများနှင့် ကျေးရွာသူ၊ ကျေးရွာ သားများက ကျေးရွာကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့် အညီရွေးချယ်ဖွဲ့စည်းပေးကြသည်။

ကျိုက်ပတ်ကျေးရွာ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ် မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသား များကိုယ်တိုင် အကောင်အထည် ဖော် ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ကျော်ဇေဦး(မော်ရမ်းမြေ)

# နိုင်ငံတကာ သတင်းများ

## ရုရှားသမ္မတပူတင်နှင့် အိန္ဒိယဝန်ကြီးချုပ်တို့ မော်စကိုမြို့၌ တွေ့ဆုံဆွေးနွေး

**မော်စကို ဇူလိုင် ၉**

ရုရှားသမ္မတပူတင်နှင့် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာ မိုဒီတို့သည် ဇူလိုင် ၈ ရက်တွင် မော်စကိုမြို့ပြင်ရှိ သမ္မတပူတင်၏နေအိမ်၌ အလွတ်သဘောဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

သမ္မတပူတင်နှင့် ဝန်ကြီးချုပ် နာရန်ဒရာမိုဒီတို့သည် ကရင်မလင်နန်းတော်၌ တရားဝင် ထိပ်သီးဆွေးနွေးပွဲမကျင်းပမီ တစ်ရက်အလိုတွင် သမ္မတပူတင်၏နေအိမ်၌ အလွတ်သဘောဆွေးနွေးပွဲ ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါ အလွတ်သဘောဆွေးနွေးပွဲတွင် သမ္မတပူတင်သည် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီကို လက်ဖက်ရည်၊ ဘယ်ရီသီး၊ သကြားလုံးများနှင့် ဧည့်ခံခဲ့ကြောင်း သိရသည်။

ထို့ပြင် သမ္မတပူတင်သည် ဧည့်သည်တော် အိန္ဒိယဝန်ကြီးချုပ်ကို ၎င်း၏ နေအိမ်ခြံဝင်းကိုလည်း လှည့်လည်ပြသခဲ့ကြောင်း ရုရှားပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီသည် ပထမဆုံးအကြိမ်အဖြစ် ရုရှားနိုင်ငံသို့ ရောက်ရှိနေခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံသည် အစဉ်အလာအရ ရုရှားနှင့် ဆက်ဆံရေးကောင်းမွန်သည့်နိုင်ငံဖြစ်ပြီး ယူကရိန်းစစ်ပွဲအတွက် ရုရှားနိုင်ငံကို ပြစ်တင်ရှုတ်ချရန် ငြင်းပယ်ထားသောနိုင်ငံဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## တရုတ်နှင့် ဘီလာရုစ် နှစ်နိုင်ငံတပ်ဖွဲ့ဝင်များ ပိုလန်နိုင်ငံနယ်စပ်အနီး ပူးတွဲစစ်ရေးလေ့ကျင့်မှုများ စတင်ပြုလုပ်



**မင့်စ် ဇူလိုင် ၉**

တရုတ်နှင့် ဘီလာရုစ် နှစ်နိုင်ငံတပ်ဖွဲ့ဝင်များသည် ပိုလန်နိုင်ငံနယ်စပ်အနီးတွင် ဇူလိုင် ၈ ရက်က ပူးတွဲစစ်ရေးလေ့ကျင့်မှုများ စတင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)၏ ထိပ်သီးညီလာခံ မကျင်းပမီ တစ်ရက်အလိုတွင် တရုတ်နှင့် ဘီလာရုစ်တပ်များက နေတိုးအုပ်စုဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် ပိုလန်နိုင်ငံနယ်စပ်အနီး ပူးတွဲစစ်ရေးလေ့ကျင့်မှုများ စတင်နေခြင်းဖြစ်သည်။

အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ပိုလန်နယ်စပ်နှင့် မိုင်အနည်းငယ်အကွာရှိ ဘရက်စ်မြို့အနီး ပြုလုပ်နေခြင်းဖြစ်ကြောင်း ဘီလာရုစ်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

တရုတ်နှင့် ဘီလာရုစ်တပ်များအနေဖြင့် အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ယခုလ ၁၉ ရက်နောက်ပိုင်းထိ ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုများတွင် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးလေ့ကျင့်မှုများကို အဓိကထားပြုလုပ်မည်ဖြစ်ကြောင်း ဘီလာရုစ် ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

လက်ရှိပြုလုပ်နေသည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများတွင် တပ်ဖွဲ့ဝင်အရေအတွက် မည်မျှပါဝင်သည်ကို ဘီလာရုစ်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားထားခြင်းမရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## အိန္ဒိယ၌ ရာသီဥတုဖောက်ပြန်မှုကြောင့် လက်ဖက်ဈေးနှုန်းများ မြင့်တက်

**ဒေလီ ဇူလိုင် ၉**

လက်ဖက်အဓိကစိုက်ပျိုးထုတ်လုပ်သည့် ဒေသများ၌ ရာသီဥတုဖောက်ပြန်မှုကြောင့် လက်ဖက်အထွက်နှုန်းကျဆင်းခဲ့ရပြီးနောက် အိန္ဒိယနိုင်ငံ၌ လက်ဖက်ဈေးနှုန်းများ မြင့်တက်လာကြောင်း ဇူလိုင် ၈ ရက် သတင်းများတွင် ဖော်ပြခဲ့သည်။

သို့ရာတွင် လက်ဖက်ဈေးနှုန်းများ မြင့်တက်လာမှုကြောင့် ပြီးခဲ့သည့် ၁၀ နှစ်တာကာလအတွင်း ထုတ်လုပ်မှုစရိတ် မြင့်တက်လာမှုပြဿနာနှင့် ရင်ဆိုင်ခဲ့ရသော အိန္ဒိယ လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းအတွက် ခုသာခံသာ ရှိလာနိုင်သည်။

ယခုနှစ် မေလမှစ၍ အာသံပြည်နယ်၌ ပေါ်ပေါက်ခဲ့သည့် အပူလှိုင်းကျရောက်မှုများနှင့် ရေလွှမ်းမိုးမှုများကြောင့် လက်ဖက်အထွက်နှုန်း ကျဆင်းခဲ့ရပြီး ပြည်တွင်းလက်ဖက်ဈေးနှုန်းများ မြင့်တက်နေကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားထားသည်။

အာသံပြည်နယ်၌ လက်ဖက်စိုက်ပျိုးရေးလုပ်ငန်းသည် အိန္ဒိယတစ်နိုင်ငံလုံး နှစ်စဉ်လက်ဖက်ထွက်နှုန်း စုစုပေါင်း၏ ထက်ဝက်ကျော်ကို ထုတ်လုပ်ပေးနေသည့် ပြည်နယ်ဖြစ်သည်။

ယခုနှစ် မေလအတွင်း အိန္ဒိယနိုင်ငံ၏ လက်ဖက်အထွက်နှုန်းသည် ယမန်နှစ်မေလနှင့် နှိုင်းယှဉ်ပါက ၃၀ ရာခိုင်နှုန်းကျော် ကျဆင်းခဲ့ပြီး ၉၂ ဒသမ ၉၂ သန်းထိ ရှိခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ အိန္ဒိယနိုင်ငံတွင် လက်ရှိ လက်ဖက်ဈေးနှုန်းမှာလည်း ယမန်နှစ် အလားတူကာလကထက် ၂၀ ရာခိုင်နှုန်း မြင့်တက်လာပြီး တစ်ကီလိုဂရမ်လျှင် ရူပီး ၂၁၇ ဒသမ ၅ ရူပီး (အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၁ ဒေါ်လာ)ထိ ရှိလာခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



## ဂျုံနှင့် ပြောင်းအပါအဝင် အချို့သော စားနပ်ရိက္ခာများအတွက် အခွန်စည်းကြပ်မှုကို ရက်ပေါင်း ၁၅၀ ရပ်ဆိုင်းရန် နိုင်ဂျီးရီးယားအစိုးရစီစဉ်

**အဘူဂျာ ဇူလိုင် ၉**

ဂျုံနှင့်ပြောင်းအပါအဝင် အချို့သော စားနပ်ရိက္ခာသွင်းကုန်များအပေါ် အခွန်စည်းကြပ်မှုကို ရက်ပေါင်း ၁၅၀ ကြာ ရပ်ဆိုင်းပေးရန် နိုင်ဂျီးရီးယားအစိုးရက စီစဉ်ထားကြောင်း ဇူလိုင် ၈ ရက်တွင် ဖော်ပြခဲ့သည်။



ပြည်တွင်း၌ စားနပ်ရိက္ခာဈေးနှုန်းများ မြင့်တက်လာမှုပြဿနာကို ဖြေရှင်းရေးအတွက် အချို့သော စားနပ်ရိက္ခာများ၏ သွင်းကုန်များအပေါ် အခွန်စည်းကြပ်မှုရပ်ဆိုင်းပေးရန် စီစဉ်ထားခြင်းဖြစ်သည်။

ယခုနှစ်အတွင်း နိုင်ဂျီးရီးယားနိုင်ငံ၌ စားနပ်ရိက္ခာဈေးနှုန်းများမှာ ယခင်နှစ်များကထက် ၄၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

စားနပ်ရိက္ခာဈေးနှုန်းဖောင်းပွမှုကို ကိုင်တွယ်ရေးအတွက် ဂျုံနှင့်ပြောင်းကဲ့သို့ အချို့စားနပ်ရိက္ခာသွင်းကုန်များအပေါ် အခွန်စည်းကြပ်မှုများကို ရက်ပေါင်း ၁၅၀ ရပ်ဆိုင်းပေးရန် စီစဉ်ထားကြောင်း နိုင်ဂျီးရီးယားအစိုးရက ဇူလိုင် ၈ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် စားနပ်ရိက္ခာဈေးနှုန်းမြင့်တက်မှုကို ထိန်းချုပ်ရေးအတွက် လိုအပ်သည့် လုပ်ငန်းအစီအမံများကိုလည်း ရက်ပေါင်း ၁၈၀ အတွင်း အကောင်အထည် ဖော်မည်ဖြစ်ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နိုင်ဂျီးရီးယား အစိုးရသည် စားနပ်ရိက္ခာထိန်းချုပ်ရေး အစီအမံများအရ ယခုနှစ်အတွင်း ဂျုံမက်ထရစ်တန် ၂၅၀၀၀၀ နှင့် ပြောင်းမက်ထရစ်တန် ၂၅၀၀၀၀ ထိ ဝယ်ယူတင်သွင်းရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## အိန္ဒိယအစိုးရက ဥတ္တရပရာဒေ့ရှ်ပြည်နယ် ဘာသာရေးပွဲတော် လူပြိုမှုအတွက် တာဝန်ရှိသူခြောက်ဦးကို ရာထူးချထား

**ဒေလီ ဇူလိုင် ၉**

ဇူလိုင် ၂ ရက်က ဖြစ်ပွားခဲ့သည့် လူ ၁၂၁ ဦး သေဆုံးခဲ့ရသော ဘာသာရေးပွဲတော် လူပြိုမှုအတွက် ရဲတပ်ဖွဲ့တာဝန်ရှိသူနှင့် အစိုးရတာဝန်ရှိသူ စုစုပေါင်း ခြောက်ဦးကို ရာထူးများမှချထားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဘာသာရေးပွဲတော်ကို ကိုင်တွယ်ကြီးကြပ်ရာတွင် တာဝန်ဝတ္တရားပေါ့ဆမှုဖြင့် အဆိုပါတာဝန်ရှိသူများကို အိန္ဒိယအစိုးရက ရာထူးများမှ ချထားခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ်ရှိ သရက်စ်ခရိုင်၌ ဇူလိုင် ၂ ရက်က ကျင်းပခဲ့သည့် အိန္ဒိယ ဘာသာရေးပွဲတော်တွင် လူပြိုမှုဖြစ်ပွားခဲ့ရာ လူပေါင်း ၁၂၁ ဦး သေဆုံးခဲ့ရသည်။

တာဝန်ရှိသူများအနေဖြင့် အဆိုပါ ဘာသာရေးပွဲတော်သို့ လူဦးရေ ၈၀၀၀၀ ထိသာ တက်ရောက်ခွင့်ပေးထားသော်လည်း အမှန်တကယ် တက်ရောက်လာသူ အရေအတွက်မှာ ၂၅၀၀၀၀ ထိရှိခဲ့ကြောင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ် ရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားထားသည်။

ပဏာမ စုံစမ်းစစ်ဆေးမှုရလဒ်များအရ ဇူလိုင် ၂ ရက် ဘာသာရေးပွဲတော် လူပြိုမှုတွင် အဓိကတာဝန်ရှိသူများမှာ ပွဲစီစဉ်သူများဖြစ်သည်ကို တွေ့ရကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားထားသည်။

ပွဲစီစဉ်သူများအနေဖြင့် ဘာသာရေးပွဲတော်အတွက် လိုအပ်သည့် လုံခြုံရေးအစီအမံများကို ချမှတ်ဆောင်ရွက်နိုင်မှုမရှိခဲ့ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က သုံးသပ်ထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## Space-X အာကာသနည်းပညာကုမ္ပဏီက တာ့ခ်ဆက် ၆ အေ တူကီယဲဆက်သွယ်ရေးဂြိုဟ်တုတစ်စင်း လွှတ်တင်ပေးခဲ့




**ဝါရှင်တန် ဇူလိုင် ၉**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် တာ့ခ်ဆက် ၆ အေ အမည်ရှိ တူကီယဲဆက်သွယ်ရေးဂြိုဟ်တုတစ်စင်းကို ဇူလိုင် ၈ ရက်တွင် လွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

တာ့ခ်ဆက် ၆ အေ ဆက်သွယ်ရေးဂြိုဟ်တုသည် တူကီယနိုင်ငံ၏ ပထမဆုံး ပြည်တွင်းဖြစ် ဆက်သွယ်ရေးဂြိုဟ်တု ဖြစ်ကြောင်း သိရသည်။

တာ့ခ်ဆက် ၆ အေ ဆက်သွယ်ရေးဂြိုဟ်တုကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်လ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၃၅ ဒသမ ၅ မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသည့် တာ့ခ်ဆက် ၆ အေ ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ် သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

တာ့ခ်ဆက် ၆ အေ ဆက်သွယ်ရေးဂြိုဟ်တုမစ်ရှင်သည် ဖယ်လ်ကွန်-၉ ဒုံးပျံများ၏ ၃၅၂ ခုမြောက် အာကာသ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ယခုနှစ်အတွင်း မှာပင် ဖယ်လ်ကွန်-၉ ဒုံးပျံမစ်ရှင်ပေါင်း ၆၇ ခုထိ လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## ကမ္ဘာမြေနှင့်အနီးဆုံး ဓာတ်ငွေ့ဂြိုဟ်များထဲတွင်ပါဝင်သည့် ဂြိုဟ်တစ်စင်းက ကြက်ဥပုပ်အနံ့မျိုး ထုတ်လွှတ်နေ

**ဝါရှင်တန် ဇူလိုင် ၉**

ကမ္ဘာမြေနှင့်အနီးဆုံးဓာတ်ငွေ့ဂြိုဟ်များထဲတွင်ပါဝင်သည့် ဂြိုဟ်တစ်စင်းသည် ကြက်ဥပုပ်အနံ့မျိုး ထုတ်လွှတ်နေကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ ဇူလိုင် ၈ ရက် သတင်းများအရ သိရသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်မှရရှိသည့် သတင်းအချက်အလက်များအရ HD 189733 b အမည်ရှိ ၎င်းဂြိုဟ်၏ လေထုလွှာအတွင်း ဟိုက်ဒရိုဂျင်ဆာလ်ဖိတ်ဓာတုဒြပ်ပေါင်းမော်လီကျူးများရှိနေသည်ကို တွေ့ရသည်ဟု အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

ဟိုက်ဒရိုဂျင်ဆာလ်ဖိတ်ဓာတုဒြပ်ပေါင်းမော်လီကျူးများသည် ကြက်ဥပုပ်အနံ့ထုတ်ပေးထားသည့် ဓာတုဒြပ်ပေါင်းတစ်မျိုးဖြစ်ကြောင်း သိရသည်။



HD 189733 b ဂြိုဟ်သည် အရွယ်အစားအားဖြင့် ကြာသပတေးဂြိုဟ်ထက် အဆပေါင်း ၁ ဒသမ ၁၃ ဆ ပိုမိုကြီးမားပြီး ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၆၅ သန်း အကွာတွင် တည်ရှိကြောင်း သိရသည်။

အဆိုပါဂြိုဟ်သည် မိခင်ကြယ်ကို မိုင်ပေါင်း သုံးသန်းအကွာမှ တစ်ဆင့် အနီးကပ်လှည့်ပတ်လျက်ရှိရာ အပူဓာတ်လွန်စွာပြင်းထန်သော ဓာတ်ငွေ့ဂြိုဟ်တစ်စင်းဖြစ်ကြောင်း သိရသည်။

HD 189733 b ဂြိုဟ်သည် ကမ္ဘာမြေရက်အားဖြင့် ၂ ဒသမ ၂ ရက်လျှင် တစ်ပတ်ကျ မိခင်ဂြိုဟ်ကို လှည့်ပတ်နေကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ဂြိုဟ်သိမ်အန္တရာယ်ကာကွယ်ရေးနည်းပညာစမ်းသပ်ရေး အစီအစဉ်အရ တရုတ်အမျိုးသားအာကာသအေဂျင်စီက အာကာသယာဉ်တစ်စင်းလွှတ်တင်မည်

**ပေကျင်း ဇူလိုင် ၉**

ဂြိုဟ်သိမ်အန္တရာယ်ကာကွယ်ရေး နည်းပညာစမ်းသပ်ရေး အစီအစဉ်အရ တရုတ်အမျိုးသားအာကာသအေဂျင်စီသည်အာကာသယာဉ်တစ်စင်း လွှတ်တင်မည်ဖြစ်ကြောင်း ဇူလိုင် ၈ ရက် သတင်းများအရ သိရသည်။

တရုတ်သိပ္ပံပညာရှင်များ၏ အဆိုအရ အဆိုပါအာကာသယာဉ်ကို ၂၀၃၀ ပြည့်နှစ်မတိုင်မီ လွှတ်တင်နိုင်ဖွယ်ရှိကြောင်း သိရသည်။

လွှတ်တင်ပြီးချိန်တွင် ၎င်းအာကာသယာဉ်သည် အရွယ်အစားအားဖြင့် အချင်းမီတာ ၃၀ ရှိ ဂြိုဟ်သိမ်တစ်စင်းကို မြင့်မားသည့်အမြန်နှုန်းဖြင့် ဝင်တိုက်မည်ဖြစ်သည်။

ဂြိုဟ်သိမ်အန္တရာယ်ကာကွယ်ရေးနည်းပညာ စမ်းသပ်မှုအာကာသယာဉ်ကို လေ့လာစူးစမ်းရေးအာကာသယာဉ်၊ ဂြိုဟ်သိမ်ကိုဝင်တိုက်မည့် အာကာသယာဉ်တို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

ဂြိုဟ်သိမ်အန္တရာယ်ကာကွယ်ရေးနည်းပညာစမ်းသပ်မှုကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)ကလည်း ၂၀၂၂ ခုနှစ်တွင် ပြုလုပ်ခဲ့ပြီးဖြစ်သည်။

ထိုစဉ်ကာလက နာဆာအဖွဲ့သည် DART အမည်ရှိမစ်ရှင်ဖြင့် ဒီမောဖော့စ်အမည်ရှိ ဂြိုဟ်သိမ်တစ်စင်းကို အာကာသယာဉ်တစ်စင်းဖြင့် ဝင်တိုက်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## သီတင်းတစ်ပတ်လျှင် အရက်နှစ်ကြိမ်သောက်သုံးပါက ပျမ်းမျှဘဝသက်တမ်း သုံးရက်မှခြောက်ရက်ထိ ပိုတိုနိုင်

**အော့တဝါ ဇူလိုင် ၉**

သီတင်းတစ်ပတ်လျှင် အရက်နှစ်ကြိမ်ထိ သောက်သုံးပါက ပျမ်းမျှဘဝသက်တမ်း သုံးရက်မှ ခြောက်ရက်ထိ ပိုတိုနိုင်ကြောင်း ဇူလိုင် ၈ ရက် သတင်းများအရ သိရသည်။

ထို့ပြင် တစ်ရက်လျှင်တစ်ကြိမ် အရက်ပုံမှန် သောက်သုံးပါက ပျမ်းမျှဘဝသက်တမ်း နှစ်နှစ်ခန့် ပိုတိုနိုင်ကြောင်း ကနေဒါ သုတေသန ပညာရှင်များက ပြောကြားသည်။

အထက်ပါလေ့လာတွေ့ရှိချက်သည် သီတင်းတစ်ပတ်လျှင် အရက်နှစ်ကြိမ်ထက် ပိုမိုမသောက်သင့်သည်ဟူသော အကြံပြုချက်နှင့် ဆန့်ကျင်လျက်ရှိသည်။

ကနေဒါ သုတေသနပညာရှင်များသည် ပြီးခဲ့သည့်နှစ် ၄၀ အတွင်း ထုတ်ဝေခဲ့သော ဆေးပညာလေ့လာချက်ပေါင်း ၁၀၇ ခုကို ပြန်လည်လေ့လာစိစစ်ခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

နှလုံးရောဂါကဲ့သို့ နာတာရှည်ရောဂါများကြောင့် သေဆုံးမှုများသည်လည်း အရက်သောက်သုံးမှု တဖြည်းဖြည်းများလာမှုနှင့်ဆက်စပ်နေကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် ဦးနှောက်နှင့် အာရုံနှာဗ်ဆဲလ်စနစ်အပါအဝင် ကိုယ်တွင်းအင်္ဂါများလည်း အရက်သောက်သုံးမှုကြောင့် ထိခိုက်ပျက်စီးတတ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## အသက် ၅၀ ကျော်အရွယ်တွင် စိတ်ကျန်းမာရေးပြဿနာများရှိခဲ့ပါက ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေ မြင့်မား

**လန်ဒန် ဇူလိုင် ၉**

အသက် ၅၀ ကျော်အရွယ်တွင် စိတ်ကျန်းမာရေးပြဿနာများ ရှိခဲ့ပါက ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက်မြင့်မားလာနိုင်ကြောင်း ဇူလိုင် ၈ ရက် သတင်းများအရ သိရသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အသက် ၅၀ ကျော်တွင် စိုးရိမ်သောကပြဿနာနှင့် ရင်ဆိုင်နေရသူများသည် ၎င်းပြဿနာမရှိသည့် သက်တူရွယ်တူများနှင့်နှိုင်းယှဉ်ပါက ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေ နှစ်ဆပိုမြင့်မားကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် စိုးရိမ်သောကဝေဒနာခံစားရသူ အသက် ၅၀ အထက်ရှိသူများ၏ ပါကင်ဆန်ရောဂါဖြစ်ပွားမှုနှုန်းနှင့် စိတ်ကျန်းမာရေးကောင်းမွန်သူ အသက် ၅၀ အထက်ရှိသူများကြား ပါကင်ဆန်ရောဂါဖြစ်ပွားမှုနှုန်းတို့ကို နှိုင်းယှဉ်လေ့လာခဲ့ကြ သည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ အသက် ၅၀ ကျော်အရွယ်၌ စိတ်ကျန်းမာရေးပြဿနာရှိနေသူများ၏ ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေမှာ ပုံမှန်ထက် နှစ်ဆမြင့်မားသည်ကို တွေ့ရှိရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

လက်ရှိအချိန်တွင် သုတေသနပညာရှင်များသည် ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေနှင့် စိတ်ကျန်းမာရေးပြဿနာများကြား ဆက်စပ်မှုကို ဆက်လက်လေ့လာနေဆဲဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်ထိ အာရုံနှာဗ်ဆဲလ်များ ပျက်စီးချိန်တွင် ဖြစ်ပွားတတ်သည့် ပါကင်ဆန်ရောဂါအတွက် ကုထုံးမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# အင်္ဂလန်အသင်းနှင့် လေ့ကျင့်ရေးအစီအစဉ်တွင် ဒဏ်ရာထပ်မံရရှိခဲ့ကြောင်း လုခ်ရှောပြောကြား

**လန်ဒန် ဇူလိုင် ၉**

အင်္ဂလန်အသင်း ခံစစ်ကစားသမား လုခ်ရှောသည် ပြီးခဲ့သည့် ရက်သတ္တနှစ်ပတ်က ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်တွင် ဒဏ်ရာထပ်မံရရှိခဲ့သည့်အတွက် ယူရိုပြိုင်ပွဲနှင့် လွဲချော်မည်ကို စိုးရိမ်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

လုခ်ရှောသည် ယူရိုပြိုင်ပွဲမတိုင်မီကတည်းက ဒဏ်ရာပြဿနာရှိနေသော်လည်း နည်းပြဆောက်ဂိတ်က အသင်းလူစာရင်းတွင် ရွေးချယ်ခဲ့ပြီး ၎င်းအနေဖြင့် အုပ်စုပွဲစဉ်များနှင့် ရှုံးထွက်ပွဲစဉ်တို့တွင် ပါဝင်နိုင်ခြင်း မရှိခဲ့သော်လည်း ကွာတားဖိုင်နယ်အဆင့်တွင် လူစားဝင်ကစားသမားအဖြစ်ပါဝင်ခဲ့ကာ အသင်းအား ပင်နယ်တီအဆုံးအဖြတ်တွင် ဆီမီးဖိုင်နယ်အဆင့်သို့ ရောက်ရှိအောင် ကြိုးပမ်းပေးနိုင်ခဲ့သည်။

ထို့နောက် နည်းပြဆောက်ဂိတ်က ဒဏ်ရာမှပြန်ကောင်းလာသည့် လုခ်ရှောကို နယ်သာလန်အသင်းနှင့် ပွဲစဉ်တွင် ပွဲကစားခွင့်ပေးရန် ပြောကြားခဲ့သော်လည်း ပြီးခဲ့သည့် ရက်သတ္တနှစ်ပတ်က ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်တွင် ကစားသမားအနေဖြင့် ဒဏ်ရာပြဿနာ ထပ်မံကြုံတွေ့ခဲ့သည်ကို ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

ခံစစ်ကစားသမား လုခ်ရှောအနေဖြင့် လာမည့် ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ကစားရန် ဆန္ဒရှိနေသော်လည်း နည်းပြဆောက်ဂိတ်က ၎င်းနှင့် ထရစ်ပီယာတို့နှစ်ဦးမှ မည်သူကို ပွဲထွက်ခွင့်ပေးမည်ကို မဆုံးဖြတ်ရသေးဘဲ ခံစစ်ကစားပုံ အပြောင်းအလဲ ပြုလုပ်သွားရန် စီစဉ်ထားသည်။

လုခ်ရှောသည် ၂၀၁၁ ခုနှစ်ကတည်းက အင်္ဂလန်လူငယ်အသင်းတွင် ပါဝင်ကစားခွင့်ရခဲ့သူဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် လက်ရွေးစင်အသင်းကြီး၌ ပါဝင်ခွင့်ရခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၃၂ ပွဲတွင် သွင်းဂိုး သုံးဂိုးထိ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**



# WBC ယာယီဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲတွင် အော့တစ်ဇ်နှင့် ဘိုဟာချက်ခ်တို့ ယှဉ်ပြိုင်ထိုးသတ်မည်




**လက်စ်ဗီးဂတ် ဇူလိုင် ၉**

WBC ယာယီဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲစဉ်အဖြစ် အမေရိကန်လက်ဝှေ့သမား အော့တစ်ဇ်သည် ယူကရိန်းလက်ဝှေ့သမား ဘိုဟာချက်ခ်နှင့် ဩဂုတ်လ ၁၀ ရက်တွင် အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်မြို့တွင် ထိုးသတ်သွားရန် သဘောတူညီချက်စာချုပ်၌ လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း WBC က ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါပွဲစဉ်အား Golden Boy Promotions ကုမ္ပဏီက တာဝန်ယူ စီစဉ်ပေးခဲ့ခြင်းဖြစ်ပြီး ဘိုဟာချက်ခ်အနေဖြင့် လက်ရှိ ယာယီချန်ပီယံဆုအား ကာကွယ်နိုင်ရန် ရေပန်းစားလျက်ရှိသော်လည်း အော့တစ်ဇ်သည်လည်း ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး ယာယီကမ္ဘာ့ချန်ပီယံဖြစ်ခွင့်ရရေးအတွက် အကောင်းဆုံးပြင်ဆင်ထားသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သည်။

အော့တစ်ဇ်က "ဒီစိန်ခေါ်ပွဲဟာ ကျွန်တော့်ဘဝအတွက် အရမ်းကို အရေးကြီးပါတယ်။ ထိပ်တန်းလက်ဝှေ့သမားစာရင်းမှာ ပါဝင်လာနိုင်ဖို့အတွက် ဒီပွဲမှာ အနိုင်ထိုးသတ်နိုင်ဖို့ လိုအပ်ပါတယ်။ ဘိုဟာချက်ခ်ဟာ လက်ရှိချန်ပီယံတစ်ဦးဖြစ်သလို ကျွန်တော့်ထက်လည်း အတွေ့အကြုံပိုရှိတဲ့ လက်ဝှေ့သမား တစ်ယောက်ဖြစ်ပါတယ်။ ဒီစိန်ခေါ်ပွဲဟာ ကျွန်တော့်ဘဝအတွက် အရေးကြီးတဲ့အတွက် ရလဒ်ကောင်းဖို့ အကောင်းဆုံး ပြင်ဆင်နေတယ်။ အချိန်သတ်မှတ်ပြီးဖြစ်တယ်ဆိုပေမဲ့လဲ ပွဲမတိုင်မီမှာ ဘာမဆိုဖြစ်သွားနိုင်တဲ့အတွက်ကြောင့် သတ်မှတ်ရက်မရောက်မီ နှစ်ယောက်စလုံး ဘာပြဿနာမှမရှိလာစေဖို့ လိုအပ်တယ်"ဟု ပြောကြားခဲ့သည်။

ဘိုဟာချက်ခ်ကလည်း "WBC ယာယီဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ဖြစ်ခွင့်ရဖို့အတွက် ကျွန်တော်အများကြီး ကြိုးစားထားခဲ့ရတယ်။ ဒါကြောင့် ယာယီချန်ပီယံဆုကို ကာကွယ်သွားနိုင်ဖို့က ကျွန်တော့်ရဲ့ အဓိကရည်မှန်းချက်ဖြစ်ပါတယ်။ ဒီခါးပတ်ကိုတော့ လွယ်လွယ်နဲ့ ကျွန်တော်အဆုံးရှုံးမခံနိုင်ပါဘူး။ ချန်ပီယံခါးပတ်ကို ဆက်လက် ထိန်းသိမ်းသွားနိုင်ဖို့ အကောင်းဆုံးကြိုးစားသွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# ချဲလ်ဆီးအသင်းက တောင်ပံကစားသမား စတားလင်း၏နေရာတွင် ဒေါ့မွန်အသင်းမှ အဒီရီမီနှင့်အစားထိုးရန် ပြင်ဆင်

**လန်ဒန် ဇူလိုင် ၉**

ချဲလ်ဆီးအသင်းသည် အသင်းမှ ထွက်ခွာရန်ပြင်ဆင်နေသည့် စတားလင်း၏နေရာတွင် ဒေါ့မွန်အသင်း တောင်ပံကစားသမား အဒီရီမီနှင့် အစားထိုးရန်ပြင်ဆင်နေပြီး နွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။



စတားလင်းသည် ဆော်ဒီပရီးမီးယားလိဂ်ကလပ် အယ်အာလီအသင်းသို့ ပြောင်းရွှေ့ရန် ပြင်ဆင်နေသဖြင့် နည်းပြမာရက်စ်ကာက တိုက်စစ်ပိုင်းတွင် ဂျက်ဆန်ကို ပံ့ပိုးပေးနိုင်မည့် ကစားသမားတစ်ဦးရှာဖွေခဲ့ရာ ဒေါ့မွန်အသင်းတွင် ခြေစွမ်းပြကစားနေသည့် အသက် ၂၂ နှစ်ရှိ အဒီရီမီကို ဦးစားပေးခေါ်ယူရန် ဆုံးဖြတ်ခဲ့သည်။

လူငယ်ကစားသမား အဒီရီမီသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဒေါ့မွန်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၅ ပွဲ ပါဝင်ကစားခဲ့ရာ သွင်းဂိုး ငါးဂိုးနှင့် ဂိုးဖန်တီးမှု နှစ်ကြိမ်ပံ့ပိုးပေးနိုင်ခဲ့ပြီး အသင်းကို ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲထိရောက်ရှိအောင် ၎င်း၏ ခြေစွမ်းများဖြင့် ပါဝင်ကူညီ နိုင်ခဲ့သောကြောင့် ချဲလ်ဆီးအသင်း တာဝန်ရှိသူများက တောင်ပံကစားသမား စတားလင်း၏နေရာတွင်အစားထိုးရန် ပစ်မှတ်ထားခဲ့ကာ ကစားသမားအနေဖြင့် တောင်ပံပိုင်းတွင်သာမက အထောက်တိုက်စစ်ပိုင်းတွင်လည်း ပါဝင်ကစားနိုင်သူဖြစ်ကြောင်း သိရသည်။

တောင်ပံကစားသမား အဒီရီမီသည် ဒေါ့မွန်အသင်းနှင့် လာမည့် ၂၀၂၇ ခုနှစ်မှ စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း ကစားသမား၏ ဈေးကွက်တန်ကြေးမှာ ပြောင်းရွှေ့ကြေး ယူရိုသန်း ၃၀ ဝန်းကျင်သာ ရှိသောကြောင့် အနာဂတ်တွင်ထူးချွန်တောက်ပလာမည့် လူငယ်ကစားသမားကို ချဲလ်ဆီးအသင်းက ခေါ်ယူနိုင်ရန် ဒေါ့မွန်အသင်းနှင့် တရားဝင်ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

## အားကစားသတင်းအတိုအထွာများ

- ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသည့် ဂိုးသမားလူနင်၏နေရာတွင် ပေါ်တိုအသင်း ဂိုးသမား ဒီယိုဂိုကော်စတာအား စာချုပ်ဖျက်သိမ်းကြေး ယူရို ၇၅ သန်းဖြင့်ခေါ်ယူရန် ဆုံးဖြတ်ထားကြောင်း သိရသည်။
- အာဆင်နယ်အသင်းက ကွင်းလယ်ကစားသမား စမစ်ရိုးကို ဖူလ်ဟမ်အသင်းသို့ရောင်းချရန် နောက်ဆုံးအဆင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။
- နိုက်အသင်း ခံစစ်ကစားသမား တိုဒီဘိုက မန်ယူအသင်း၏ ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့ပြီးနောက် စီးရီးအေကလပ် ဂျူဗင်တပ်အသင်းသို့ပြောင်းရွှေ့ရန် သဘောတူညီမှုရယူခဲ့ကြောင်း သတင်းထွက်ပေါ်လျက်ရှိသည်။

**ML**

# မန်ယူအသင်းက ဘရန့်ဝိတ်အတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၅၀ ဖြင့် ဒုတိယအကြိမ်ကမ်းလှမ်းခဲ့သော်လည်း အဲဗာတန်အသင်းပယ်ချ

**မန်ချက်စတာ ဇူလိုင် ၉**

မန်ယူအသင်းက အဲဗာတန်အသင်းမှ လူငယ်ခံစစ်ကစားသမား ဘရန့်ဝိတ်အတွက် ပြောင်းရွှေ့ကြေး တိုးမြှင့်ပြီး စတာလင်ပေါင် သန်း ၅၀ ဖြင့် ကမ်းလှမ်းမှုပြုလုပ်ခဲ့သော်လည်း အဲဗာတန်အသင်းက ပယ်ချခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် လက်ရှိအသင်းခံစစ်ပိုင်းတွင် ဗာရာနီအနေဖြင့် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခဲ့သကဲ့သို့ မက်ဂွဲယားနှင့် လင်ဒီလော့ဖ်တို့အနာဂတ်မှာလည်းမရေရာဖြစ်နေပြီးမာတီနက်ဇ်နှင့် လူငယ်ကစားသမားကမ်ဘွာလာတို့ နှစ်ဦးသာရှိနေသည့်အတွက် ဗဟိုခံစစ်ကစားသမား နှစ်ဦးကို ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

မန်ယူအသင်းသည် ဘရန့်ဝိတ်ကို ပထမအကြိမ်က စတာလင်ပေါင် ၃၅ သန်းဖြင့် ကမ်းလှမ်းမှုပြုလုပ်ခဲ့သော်လည်း အဲဗာတန်အသင်းက ပယ်ချခဲ့သည့်အတွက် ဒုတိယအကြိမ်အဖြစ် ပြောင်းရွှေ့ကြေးတိုးမြှင့်ပြီး စတာလင်ပေါင် ၄၅ သန်းအပြင် အပိုဆုကြေး ငါးသန်း စုစုပေါင်း သန်း ၅၀ ဖြင့် ကမ်းလှမ်းခဲ့ရာ အဲဗာတန်အသင်းက ထပ်မံပယ်ချခဲ့ပြီး အနည်းဆုံး ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၇၀ ထိ အလိုရှိနေခြင်းဖြစ်သည်။

မန်ယူအသင်းသည် အသင်းဗဟိုခံစစ်ပိုင်းအတွက် ဘရန့်ဝိတ် အပြင် လိုင်လီအသင်းမှ ယိုရိုနှင့် ဘိုင်ယန်မြူးနစ်အသင်းမှ ဒီလိုက်တို့ကိုလည်း ခေါ်ယူရန် ကြိုးပမ်းမှုများ ပြုလုပ်နေကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

# မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၆)တွင် သစ္စာအားမာန်အသင်း၊ Junior Lions အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိ




**ရန်ကုန် ဇူလိုင် ၉**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက် ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၆) ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ သစ္စာအားမာန်အသင်း၊ Junior Lions အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာ နေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၆) ပွဲစဉ်များ အဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် စလင်းအားကစားကွင်း၌ ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းနှင့် ဒဂုံစတား ယူ-၂၀ အသင်းတို့ ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၁ မိနစ်တွင် ဟိန်းသန့်၊ ပွဲချိန် မိနစ် ၆၀ တွင် မျိုးမင်းခန့်၊ ဒဂုံစတားအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၅၇ မိနစ်တွင် ခန့်ဇော်ဟိန်းတို့က သွင်းယူနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ပဒုမ္မာအားကစားကွင်းတွင် သစ္စာအားမာန်အသင်းနှင့် ဒဂုံပေါ့ အသင်းတို့ကစားခဲ့ရာ သစ္စာအားမာန်အသင်းက ငါးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃ မိနစ်၊ မိနစ် ၃၀၊ ၅၇ မိနစ်နှင့် ၉၂ မိနစ်တွင် စောမင်းခန့်နိုင်၊ ပွဲချိန် ၂၅ မိနစ်တွင် ခန့်ဖုန်းနိုင်တို့က သွင်းယူပေးနိုင်ခဲ့သည်။

ဆက်လက်ပြီး တောင်ဒဂုံအားကစားကွင်းတွင် Junior Lions အသင်းနှင့် မဟာယူနိုက်တက် ယူ-၂၀ အသင်းတို့ပွဲစဉ်တွင် Junior Lions အသင်းက လေးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး Junior Lions အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၈ မိနစ်တွင် ကျော်သီဟ၊ ပွဲချိန် ၃၇ မိနစ်တွင် ညီညီသန့်၊ ပွဲချိန် ၈၇ မိနစ်တွင် သူရမင်းသန့်နှင့် ပွဲချိန် ၉၂ မိနစ်တွင် ခန့်ဝင်းအောင်တို့က အသီးသီး သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

**STA**

# ဖီနာဘာချီအသင်းနည်းပြမော်ရင်ဟိုက အယ်အာလီအသင်းမှ မက်ဆီမန်ကိုခေါ်ယူရန် ကြိုးပမ်းနေ

**အစ္စတန်ဘူလ် ဇူလိုင် ၉**

ဖီနာဘာချီအသင်း နည်းပြ မော်ရင်ဟိုက ပထမဆုံးကစားသမား ခေါ်ယူမှုအဖြစ် ဆော်ဒီကလပ် အယ်အာလီအသင်းမှ မက်ဆီမန်ကို ခေါ်ယူရန်အတွက် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

နည်းပြ မော်ရင်ဟိုသည် လာမည့် ဘောလုံးရာသီမှစတင်ပြီး ဖီနာဘာချီအသင်းကို စတင်တာဝန်ယူ ကိုင်တွယ်သွားမည်ဖြစ်ရာ လက်ရှိတွင် အသင်းနှင့်ပူးပေါင်းခဲ့ပြီး လာမည့် ဘောလုံးရာသီသစ်အတွက် အပြောင်းအရွှေ့ကာလတွင် ကစားသမားခေါ်ယူမှုများ လုပ်ဆောင်ရန်ကြိုးပမ်းနေပြီး ပထမဆုံး ကစားသမားခေါ်ယူမှုအဖြစ် မက်ဆီမန်ကိုခေါ်ယူပေးရန် အတွက် အသင်းထံ တောင်းဆိုထားခြင်းဖြစ်သည်။

လက်ရှိတွင် ဖီနာဘာချီအသင်း တာဝန်ရှိသူများကလည်း မော်ရင်ဟိုတောင်းဆိုထားသည့် မက်ဆီမန်ကိုခေါ်ယူရန် ကြိုးပမ်းလျက်ရှိပြီး မက်ဆီမန်နှင့် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှု ရရှိခဲ့ပြီးနောက် အယ်အာလီအသင်းနှင့် အပြောင်းအရွှေ့အတွက် ဆက်လက်ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိပြီး လာမည့် ရက်သတ္တပတ်အတွင်း အပြီးသတ်ရန် ဖီနာဘာချီအသင်းဘက်မှ ကြိုးပမ်းလျက်ရှိသည်။

အသက် ၂၇ နှစ်ရှိ မက်ဆီမန်သည် နယူးကာဆယ်အသင်းတွင် ကစားခဲ့စဉ်က အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ပြီး နယူးကာဆယ်အသင်းကို နည်းပြဟိုဝီ တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် ၎င်း၏ ကစားကွက်နှင့် အံမဝင်သည့်အတွက် ၂၀၂၃ ခုနှစ် နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလက အယ်အာလီအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် မက်ဆီမန်ကိုယ်တိုင်ကလည်း နည်းပြမော်ရင်ဟိုနှင့်လက်တွဲရန် ဆန္ဒရှိနေသည့်အတွက် ဖီနာဘာချီအသင်းထံ ပြောင်းရွှေ့ခွင့်ပေးရန် တောင်းဆိုထားကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# နိုင်ငံတကာခြေစမ်းပွဲစဉ်တွင် မြန်မာအမျိုးသမီးအသင်းက အိန္ဒိယအမျိုးသမီးအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ



**ရန်ကုန် ဇူလိုင် ၉**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) အသိအမှတ်ပြု နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မြန်မာအမျိုးသမီးအသင်းနှင့် အိန္ဒိယ အမျိုးသမီးအသင်းတို့ ကစားခဲ့ရာ မြန်မာအမျိုးသမီးအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာအမျိုးသမီးအသင်းက မျိုးမပငြိမ်း၊ မေသက်မွန်မြင့်၊ ယုယုလှိုင်၊ ဇွန်ယုယဦး၊ ဖြူဖြူဝင်း၊ နော်ထက်ထက်ဝေ၊ ဝင်းသိင်္ဂီထွန်း၊ စန်းသော်သော်၊ ရှုပါခိုင်၊ ယဉ်လွန်းအိန်၊ ရွှေရည်ထွန်း အစရှိသည့် အဓိကကစားသမား အစုံအလင်ဖြင့် ပွဲထွက်လာခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက မြန်မာအမျိုးသမီးအသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၁၃ မိနစ်တွင် ဝင်းသိင်္ဂီထွန်းက မြန်မာအမျိုးသမီးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းအပြီးတွင် မြန်မာအမျိုးသမီးအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် အိန္ဒိယအမျိုးသမီးအသင်းက ချေပဂိုးအတွက် ပြန်လည် ဖိအားပေးမှုများကြောင့် မြန်မာအမျိုးသမီးအသင်း အခက်တွေ့ခဲ့ပြီး ပွဲချိန် ၅၇ မိနစ်တွင် ရှာရှာက အိန္ဒိယအမျိုးသမီးအသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သည်။ ချေပဂိုးခွင့်ပြုပေးခဲ့ပြီးနောက် မြန်မာအမျိုးသမီးအသင်းက လူစားလဲမှုများပြုလုပ်ကာ တိုက်စစ်မြှင့်တင်ခဲ့ရာမှ ပွဲချိန် ၇၄ မိနစ်တွင် စန်းသော်သော်က မြန်မာ အမျိုးသမီးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် မြန်မာအမျိုးသမီး အသင်းက အိန္ဒိယ အမျိုးသမီးအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအမျိုးသမီး အသင်းနှင့် အိန္ဒိယအမျိုးသမီး အသင်းတို့သည် နိုင်ငံတကာခြေစမ်းပွဲ နှစ်ပွဲကစားသွားမည်ဖြစ်ပြီး ဒုတိယပွဲစဉ်အဖြစ် ဇူလိုင် ၁၂ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# နိုက်အသင်းကစားသမား သူရမ် ဂျူဗင်တပ်အသင်းသို့ အပြီးသတ်ပြောင်းရွှေ့

**ပဲရစ် ဇူလိုင် ၉**

နိုက်အသင်း ကွင်းလယ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် လူငယ်ကစားသမား သူရမ်ကို ဂျူဗင်တပ်အသင်းက ပြောင်းရွှေ့ကြေး ယူရို ၂၅ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

ဂျူဗင်တပ် အသင်းသည် အသက် ၂၃ နှစ်ရှိ သူရမ်ကို ခေါ်ယူရန် ကာလရှည်ကြိုးပမ်းခဲ့ရပြီး ကစားသမားအတွက် နိုက်အသင်းအား ပြောင်းရွှေ့ကြေးဝန်ဆောင်ခ ယူရိုငါးသန်းအပါအဝင် စုစုပေါင်း ယူရို ၂၅ သန်း ပေးချေခဲ့ရသကဲ့သို့ အသင်းအနေဖြင့် သူရမ်ကို တစ်နှစ်လုပ်ခ ယူရို ၂ ဒသမ ၅ သန်းဖြင့် ငါးနှစ်စာချုပ် ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့သည်။

လက်ရှိတွင် ကွင်းလယ်ကစားသမားသူရမ်သည် ဂျူဗင်တပ်အသင်းတွင် လိုအပ်သည့် ဆေးစစ်မှုများပြုလုပ်နေပြီး ဆေးစစ်မှု အောင်မြင်ပါက အပြီးသတ် လက်မှတ်ရေးထိုးမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား သူရမ်သည် မိုနာကိုလူငယ်အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၉ ခုနှစ်က နိုက်အသင်းနှင့် ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆိုခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၁၆၇ ပွဲထိ ပါဝင်ကစားခွင့်ရခဲ့ကာ သွင်းဂိုး ကိုးဂိုးနှင့် ဂိုးဖန်တီးမှု ၁၂ ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် ဥရောပထိပ်သီးအသင်းများက ခေါ်ယူရန်ကြိုးပမ်းခဲ့သော်လည်း ဂျူဗင်တပ်အသင်းသို့သာ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**



# ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ဂျိုကိုဗစ်တက်ရောက်

**လန်ဒန် ဇူလိုင် ၉**

လန်ဒန်မြို့တွင်ကျင်းပနေသည့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် ဒိန်းမတ်တင်းနစ်ကစားသမား ဟိုလ်ဂါရှုနီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၆-၃၊ ၆-၄၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဒိန်းမတ်အဆင့်(၁) တင်းနစ်ကစားသမား ဟိုလ်ဂါရှုနီသည် ၂၀၂၄ ခုနှစ်အတွင်း ရလဒ်ကောင်းနေသည့် ကစားသမားတစ်ဦးဖြစ်သော်လည်း ဂျိုကိုဗစ်က ချန်ပီယံလက်စွမ်းမျိုး ပြသကာ သုံးပွဲပြတ်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဂျိုကိုဗစ်က "ကျွန်တော့်ရဲ့ ပွဲစဉ်ကို ပွဲပြီးဆုံးတဲ့အထိ ကြည့်ရှုအားပေးခဲ့ကြတဲ့ ပရိသတ်တစ်ဦးချင်းစီတိုင်းကို ကျေးဇူးတင်ပါတယ်။ ကြံ့ခိုင်မှုမပြည့်ဝပေမဲ့လဲ ရလဒ်ကောင်း ရယူနိုင်ခဲ့တဲ့အတွက် ဝမ်းသာမိပါတယ်။ ပရိသတ်အားလုံးနဲ့ ကွာတားဖိုင်နယ်အဆင့်မှာ ကောင်းကောင်းမွန်မွန် ပြန်လည်ဆုံတွေ့ချင်ပါသေးတယ်"ဟု ပြောကြားခဲ့သည်။

ဂျိုကိုဗစ်သည် ကွာတားဖိုင်နယ်အဆင့်တွင် ဩစတြေးလျတင်းနစ်ကစားသမား ဒီမီနော့နှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# အင်အားကြီးနိုင်ငံများနှင့် လိမ္မာပါးနပ်စွာထိတွေ့ဆက်ဆံနေသော ဗီယက်နမ်

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ၂၀၂၄ ခုနှစ် ဇွန် ၂၀ ရက်မှ ၂၁ ရက်ထိ ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။ ပူတင်၏ ခရီးစဉ်အတွင်း ဗီယက်နမ်-ရုရှား ဆက်ဆံရေး၏အခြေခံမူများ လက်မှတ်ရေးထိုးသည့် နှစ် (၃၀)ပြည့်အခမ်းအနား ကျင်းပခဲ့သည်။ ဗီယက်နမ်နှင့်ရုရှားတို့သည် ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွားပြီးနောက်ပိုင်း ၁၉၇၈ ခုနှစ် ချစ်ကြည်ရင်းနှီးမှုစာချုပ်နေရာ တွင် အစားထိုးရန် ၁၉၉၄ ခုနှစ်တွင် စာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ၁၉၉၄ ခုနှစ် စာချုပ်သည် မကျူးကျော်ရေးစာချုပ်ဖြစ်ပြီး ဗီယက်နမ်နှင့် ရုရှားတို့သည် အခြားသူများ၏အကျိုးစီးပွားကို ထိခိုက်စေမည့် အခြားသောပါတီများနှင့် သဘောတူစာချုပ်များ လက်မှတ်ရေးထိုးမှု မလုပ်ဆောင်ရန် ကတိကဝတ်ပြုထားသည်။

လက်ရှိ ဗီယက်နမ်-ရုရှားဆက်ဆံရေးကို ၁၉၉၄ ခုနှစ် စာချုပ်မူဘောင်အတွင်းမှ ကျင့်သုံးဆောင်ရွက်လျက်ရှိသည်။ ပူတင်က ဗီယက်နမ်နှင့် ရုရှားတို့သည် နိုင်ငံတကာပြဿနာများကို အလားတူချဉ်းကပ်ဆောင်ရွက်လျက်ရှိကြောင်း ဗီယက်နမ်ခရီးစဉ်မတိုင်မီ ဗီယက်နမ်၏ **Nhan Dan** သတင်းစာ၌ သဘောထားမှတ်ချက် ရေးသားခဲ့သည်။

မည်သို့ပင်ဆိုစေ ပူတင်၏ ဗီယက်နမ်ခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေးစာချုပ် နှစ် (၃၀) ပြည့်အခမ်းအနားတက်ရောက်ရန်သက်သက်တော့ မဟုတ်ချေ။ ဗီယက်နမ်နိုင်ငံသည် ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ကိုလည်းကောင်း၊ ဒီဇင်ဘာလတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်ကိုလည်းကောင်း လက်ခံခဲ့ပြီးနောက် ပူတင်၏ခရီးစဉ်ပေါ်ထွက်လာခြင်းဖြစ်သည်။ ပူတင်၏ခရီးစဉ်သည် ရုရှားနိုင်ငံအနေဖြင့် ဗီယက်နမ်နိုင်ငံ၏နိုင်ငံပေါင်းစုံနှင့်ထိတွေ့ဆက်ဆံရေးအပြင် ကြားနေနိုင်ငံခြားရေးမူဝါဒနှင့်အံဝင်ခွင်ကျရှိမှု၊ ဗီယက်နမ်နိုင်ငံ၏ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ကူညီပေးသွားရန်နှင့် ဆိုဗီယက်ခေတ်လက်နက်များကို မွမ်းမံပြင်ဆင်သွားမည့်အချက်တို့နှင့်စပ်လျဉ်း၍ အသိပေးပြောကြားခဲ့သည်။

သို့သော် အချိန်တိုအတွင်း အင်အားကြီးသုံးနိုင်ငံ၏ခေါင်းဆောင်များ ဗီယက်နမ်သို့ လာရောက်လည်ပတ်ခဲ့ခြင်းသည် ဗီယက်နမ်၏နိုင်ငံခြားရေးမူဝါဒ လိမ္မာပါးနပ်မှုတစ်ခုတည်းကြောင့်တော့ မဟုတ်ပေ။ အခြားသောနိုင်ငံငယ်များအနေဖြင့် နိုင်ငံပေါင်းစုံသံခင်းတမန်ခင်းကျင့်သုံးလျက်ရှိသော်လည်း ၎င်းတို့အနေဖြင့် ဗီယက်နမ်ကဲ့သို့ အာရုံစူးစိုက်မှုခံရခြင်း မရှိပေ။ ဗီယက်နမ်အရေးနှင့် စပ်လျဉ်း၍ အင်အားကြီးနိုင်ငံများအနေဖြင့် ဗီယက်နမ်နိုင်ငံကို လိုအပ်သည့်အချိန်တွင် လုံခြုံရေးဆိုင်ရာအာမခံချက်ပေးနိုင်ကြောင်းကိုပြသရန် ယှဉ်ပြိုင်နေခြင်းပင်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံသည် ၎င်း၏လုံခြုံရေးဆိုင်ရာ လိုအပ်ချက်များကို မိတ်ဖက်များက အထောက်အပံ့များ မည်မျှပေးအပ်နိုင်သလဲဆိုသောအချက်ပေါ်မူတည်၍ မိုခိုအားထားလေ့ရှိသည်။ လက်ရှိအချိန်တွင် ဗီယက်နမ်သည် ၎င်း၏အစိုးရစနစ်လုံခြုံမှုကိုကာကွယ်ရန်၊ အချုပ်အခြာပိုင်နက်နယ်မြေကို ကာကွယ်ရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် ပြင်ပအင်အားစုများနှင့် အေးချမ်းတည်ငြိမ်မှုထိန်းသိမ်းရန် ကြိုးပမ်းလျက်ရှိသည်။

အမေရိကန်၊ တရုတ်နှင့် ရုရှားတို့သည် ပထဝီမြေအနေအထားတွင် အရေးပါလျက်ရှိသော ဗီယက်နမ်နိုင်ငံနှင့် ဆက်ဆံရေးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ကိုယ်ပိုင်လုံခြုံရေးဆိုင်ရာ အထောက်အပံ့များပေးကာ ဗီယက်နမ်နိုင်ငံ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ကြိုးပမ်းလျက်ရှိသည်။ အမေရိကန်အနေဖြင့် ဗီယက်နမ်၏လုံခြုံရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သော်လည်း အုပ်ချုပ်မှုစနစ်ကိုမူ လေးစားနိုင်ခြင်းမရှိပေ။ တရုတ်နိုင်ငံသည် အစိုးရစနစ်လုံခြုံမှုကို အကူအညီပေးနိုင်သည့်အပြင် ဗီယက်နမ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တည်ငြိမ်မှုရှိသော ပြင်ပပတ်ဝန်းကျင်တစ်ရပ်ကို ဆက်လက်ထိန်းသိမ်းသွားနိုင်သော်လည်း ၎င်း၏ ငြိမ်းချမ်းသောရည်ရွယ်ချက်များအတွက် ဗီယက်နမ်ကို အပြည့်အဝ သိမ်းသွင်းစည်းရုံးနိုင်စွမ်း မရှိသေးပေ။ ရုရှားနိုင်ငံသည် ဗီယက်နမ်နိုင်ငံကို အစိုးရစနစ်လုံခြုံမှုနှင့် နယ်မြေလုံခြုံမှုတို့အတွက် အထောက်အပံ့ပေးနိုင်သော်လည်း ဥရောပဒေသအပေါ် အာရုံစိုက်နေရမှုနှင့် အာရှ-ပစိဖိတ်ဒေသရှိ ကန့်သတ်ချက်ဖြစ်ပေါ်နေသော



စစ်ရေးဆိုင်ရာစွမ်းဆောင်ရည်တို့သည် ဒေသတွင်းကိစ္စများတွင် ရုရှားနိုင်ငံ၏သက်ရောက်မှုသည် ကန့်သတ်ချက် ရှိနေမည်ဆိုသောအဓိပ္ပာယ် သက်ရောက်လျက်ရှိသည်။

ထို့ကြောင့် အင်အားကြီးနိုင်ငံများသည် ဗီယက်နမ်နိုင်ငံကို လိုအပ်ချက်များဖြည့်ဆည်းပေးမည်ဆိုသော မက်လုံးဖြင့် ဆွဲဆောင်စည်းရုံးသိမ်းသွင်းလျက်ရှိသည်။ အမေရိကန်အတွက်မူ ဘိုင်ဒင်၏ခရီးစဉ်သည် ဗီယက်နမ်ကွန်မြူနစ်ပါတီအပေါ် နူးညံ့ပျော့ပျောင်းသော ရည်ရွယ်ချက်ရှိကြောင်း ဗီယက်နမ်ကိုအာမခံနိုင်ရန် သတိရှိရှိနှင့်ကြိုးပမ်းခဲ့ခြင်းပင်ဖြစ်သည်။ အခြားတစ်ဖက်တွင်မူ ရှီကျင့်ဖျင်၏ခရီးစဉ်နှင့် တရုတ်နိုင်ငံ၏ ဘုံအသိုက်အဝန်းတွင် ဗီယက်နမ်၏ပူးပေါင်းဆောင်ရွက်မှုသည် တောင်တရုတ်ပင်လယ်တွင် ပင်လယ်ရေကြောင်းဆိုင်ရာ အငြင်းပွားမှုများသည် နှစ်နိုင်ငံဆက်ဆံရေးအပေါ် ထိခိုက်မှုမရှိဟုဆိုသည့် တရုတ်နိုင်ငံ၏ အာမခံရန်ကြိုးပမ်းမှုပင်ဖြစ်သည်။

သမ္မတပူတင်၏ခရီးစဉ်သည် ယူကရိန်းအရေးဖြစ်ပွားနေပြီး တရုတ်နိုင်ငံအပေါ် ရုရှား၏မှီခိုအားထားမှုမြင့်တက်လာသော်လည်း ယခုခရီးစဉ်သည်ဗီယက်နမ်ကိုအာမခံချက်ပေးရန် ကြိုးပမ်းမှုပင်ဖြစ်သည်။ ရုရှားနိုင်ငံအနေဖြင့် အာရှ-ပစိဖိတ်တွင် ၎င်း၏အခန်းကဏ္ဍကိုစွန့်လွှတ်သွားမည်မဟုတ်သလို ဗီယက်နမ်အနေဖြင့်လည်း ဒေသတွင်း၌ ရုရှား၏ အဓိကမိတ်ဖက်အဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်သည်။

သမ္မတပူတင်က ရုရှားနှင့် ဗီယက်နမ်အနေဖြင့် အာရှ-ပစိဖိတ်ဒေသရှိ နိုင်ငံရေးအခြေအနေတွင် တူညီသော အကဲဖြတ်ဆန်းစစ်ချက်များရှိကြောင်းနှင့် နှစ်နိုင်ငံစလုံးသည် သာတူညီမျှမှု၊ အားလုံးအကျုံးဝင်မှု၊ အဆင့်အတန်းခွဲခြားမှုမရှိသော အာရှ-ဥရောပ လုံခြုံရေးအခင်းအကျင်းသစ်ကို ထောက်ပံ့ကူညီလျက်ရှိကြောင်း၊ ဗီယက်နမ်သည် ရုရှား၏ အာရှ-ပစိဖိတ်မူဝါဒတွင်လည်း အရေးပါလျက်ရှိကြောင်း၊ ယူကရိန်းအရေးတွင် ဟန်ချက်ညီညီ ရပ်တည်လျက်ရှိသော ဗီယက်နမ်ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသွားခဲ့သည်။

ထို့ပြင် ရုရှားနှင့် ဗီယက်နမ်တို့သည် တောင်တရုတ်ပင်လယ်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့စူးစမ်းရှာဖွေရေးလုပ်ငန်းစဉ်များကိုလည်း ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ ရုရှားအစိုးရသည် ဗီယက်နမ်ကို နျူကလီးယားစွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး ငြိမ်းချမ်းစွာအသုံးပြုရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ပူတင်၏ခရီးစဉ်ကို လက်ခံခဲ့သည့် ဗီယက်နမ်၏ သဘောထားအပေါ် ဗီယက်နမ်ရှိ အမေရိကန်သံရုံးက စိတ်ကသိကအောက်ဖြစ်နေပြီး မြောက်ကိုရီးယား၊ ရုရှားနှင့် တရုတ်နိုင်ငံတို့၏ ပေါင်းစည်းမှုအောက်သို့ ဝင်ရောက်မှုအဖြစ်ရှုမြင်လျက်ရှိသော်လည်း ဗီယက်နမ်နိုင်ငံသို့ မလာရောက်မီ မြောက်ကိုရီးယားနိုင်ငံသို့ တစ်ထောက်ရပ်နားခဲ့ခြင်းကြောင့်နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူတင်အပေါ် ဗီယက်နမ်၏ခင်မင်ရင်းနှီးမှုအပေါ် လုံးလုံးလျားလျား သက်ရောက်မှုရှိမည် မဟုတ်ချေ။

ထို့ကြောင့် ဗီယက်နမ်အနေဖြင့် ရုရှား-ယူကရိန်းပဋိပက္ခတွင် ကြားနေဝါဒကို ဆက်လက်ထိန်းသိမ်းသွားဖွယ်ရာမရှိတော့ပေ။ ဗီယက်နမ်အနေဖြင့် အကျိုးဖြစ်ထွန်းမှုရှိမည့် အကဲဖြတ်ဆန်းစစ်ချက်များနှင့်အတူ လက်တွေ့ကျသော နိုင်ငံအနေဖြင့် ဆက်လက်ရပ်တည်သွားဖွယ်ရာရှိသည်။ ဗီယက်နမ်အနေဖြင့် တောင်တရုတ်ပင်လယ် အငြင်းပွားမှုကို နိုင်ငံတကာမှ ဖြေရှင်းပေးသွားလိုသောဆန္ဒရှိနေသည့်အပြင် အင်အားကြီးနိုင်ငံတစ်ခုတည်းအနေဖြင့် ၎င်း၏လုံခြုံရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်စွမ်းမရှိသဖြင့် ၎င်း၏လုံခြုံရေးကို အင်အားကြီးနိုင်ငံများစွာမှ ပါဝင်ဆောင်ရွက်သွားစေလိုသည့်ဆန္ဒ ရှိနေသည်။

ပူတင်ကို လက်ခံခြင်းအားဖြင့် ဗီယက်နမ်သည် အရှုံးထက် အမြတ်ပိုထွက်ခဲ့သည်။ ပထမအချက်အနေဖြင့် ဗီယက်နမ်သည် အာရှ-ပစိဖိတ်ဒေသတွင် ရုရှား၏အခန်းကဏ္ဍကို ကြိုဆိုကြောင်းကို ရုရှားနိုင်ငံသို့ မီးစိမ်းပြနိုင်ခဲ့သည်။ ၁၉၉၄ ခုနှစ် စာချုပ်အရ ရုရှားနှင့်ထိတွေ့ဆက်ဆံခြင်းက တရုတ်နှင့်ရုရှား၏ ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာမှုသည် မကျူးကျော်ရေး ကတိကဝတ်ကြောင့် ဗီယက်နမ်၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေမည်မဟုတ်ကြောင်းကို ခိုင်မာသေချာစေလျက်ရှိသည်။

ဒုတိယအချက်မှာ ဗီယက်နမ်အနေဖြင့် ရုရှား၏ အကူအညီဖြင့် ပင်လယ်ရေကြောင်းဆိုင်ရာ ပိုင်ဆိုင်မှုကို အခိုင်အမာတောင်းဆိုနေသည့်တိုင်အောင် ရုရှားနိုင်ငံနှင့်နီးစပ်သောဆက်ဆံရေးသည် အမေရိကန်နှင့်ပူးပေါင်းဆောင်ရွက်သလောက် တရုတ်နိုင်ငံကို ဒေါသပုန်ထစေမည် မဟုတ်ချေ။ နောက်ဆုံးအချက်မှာ အမေရိကန်အနေဖြင့် ဗီယက်နမ်နိုင်ငံကို အရေးပါသော မိတ်ဖက်နိုင်ငံအဖြစ် ရှုမြင်ထားမည်ဆိုလျှင် ပူတင်၏ခရီးစဉ်သည် အမေရိကန်-ဗီယက်နမ်ဆက်ဆံရေးအပေါ် ထိခိုက်မှုရှိမည်မဟုတ်ချေ။ အကြောင်းမှုကား ယူကရိန်းအရေးတွင် ရုရှားကို ရှုတ်ချရေးအတွက် ကုလသမဂ္ဂ၌ မဲခွဲဆုံးဖြတ်စဉ် ဗီယက်နမ်သည် မဲမပေးဘဲ နေခဲ့သော်လည်း ဘိုင်ဒင်သည် ဗီယက်နမ်သို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့သည်။ ဗီယက်နမ်အနေဖြင့် ရုရှားနိုင်ငံနှင့် ဆက်ဆံရေးထူထောင်ခြင်းအားဖြင့် အမေရိကန်နှင့် ဆက်ဆံရေးထူထောင်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် စွန့်စားရနိုင်ခြေများကို လျှော့ချသွားနိုင်မည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် နိုင်ငံပေါင်းစုံနှင့် နိုင်ငံခြားရေးမူဝါဒ ကျင့်သုံးခြင်းအားဖြင့် အစိုးရ၏ စွမ်းဆောင်ရည်မြှင့်တင်ရန် ကြိုးစားနေသည့်တိုင်အောင် လုံခြုံရေးအတွက်မူ အင်အားကြီးနိုင်ငံများကြား အင်အားနှင့်အကျိုးစီးပွားတို့ကို မှီတည်နေရသည့် အင်အားနည်းသောနိုင်ငံအဆင့်သာ ရပ်တည်နေရဆဲဖြစ်သည်။ ဗီယက်နမ်နိုင်ငံအတွက် စွန့်စားရနိုင်ခြေအမြင့်မားဆုံး အခင်းအကျင်းသည် လိုအပ်သည့်အချိန်၌ မည်သည့်အင်အားကြီးနိုင်ငံထံမှ လုံခြုံရေးဆိုင်ရာ အထောက်အပံ့မရရှိနိုင်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ဗီယက်နမ်၏ နောက်ထပ်စမ်းသပ်မှုတစ်ရပ်သည် လုံခြုံရေးဆိုင်ရာ အထောက်အပံ့များဖြစ်သည့် အမေရိကန်၊ တရုတ်၊ ရုရှားတို့နှင့် ဆက်ဆံရေးကို မည်သို့မည်ပုံ ဆက်လက်ထိန်းသိမ်းသွားရန်ပင်ဖြစ်သည်။ အထူးသဖြင့် အင်အားကြီးနိုင်ငံများ၏ လုံခြုံရေးဆိုင်ရာ အထောက်အပံ့များသည် ဗီယက်နမ်နိုင်ငံအား ရပ်တည်ချက်အတွက် ရွေးချယ်မှုလုပ်ဆောင်ရန် ဖိအားပေးသည်ထက် ဗီယက်နမ်၏ လွတ်လပ်သော လှုပ်ရှားဆောင်ရွက်မှုကိုသာ အထောက်အကူဖြစ်စေသင့်ပေသည်။

အမှန်တော့ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် ဗီယက်နမ်သို့ လာရောက်လည်ပတ်ခဲ့ပြီး ဒီဇင်ဘာ ၁၂ ရက်မှ ၁၃ ရက်ထိတွင် တရုတ်သမ္မတရှီကျင့်ဖျင်သည် နှစ်နိုင်ငံဆက်ဆံရေးတွင် သမိုင်းမှတ်တိုင်သစ်စိုက်ထူနိုင်ရန်အတွက် ဗီယက်နမ်သို့ချစ်ကြည်ရေး ခရီးလာရောက်ခဲ့သည်။ ထို့ပြင် ရုရှားသမ္မတပူတင်သည်လည်း ယခုနှစ် ဇွန် ၂၀ ရက်မှ ၂၁ ရက်ထိ ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့သည်။

ထို့ကြောင့် ၂၀၂၃ ခုနှစ်အတွင်း အမေရိကန်သမ္မတဂျိုးဘိုင်ဒင်နှင့်တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် ဗီယက်နမ်နိုင်ငံသို့ အသီးသီးလာရောက်လည်ပတ်ခဲ့သည့်အပြင် ၂၀၂၄ ခုနှစ်တွင်လည်း ရုရှားသမ္မတပူတင် လာရောက်ခဲ့သည့်အတွက် ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့မဟာအင်အားကြီးနိုင်ငံများမှ ခေါင်းဆောင်များကို ကြိုဆိုလက်ခံနိုင်ခဲ့သည့် အရှေ့တောင်အာရှရှိ တစ်ခုတည်းသောနိုင်ငံအဖြစ် ရပ်တည်လာနိုင်ခဲ့သည်။ သို့သော် ဗီယက်နမ်နိုင်ငံအနေဖြင့် လိုအပ်သည့်အချိန်တွင် ခိုင်မာအားကောင်းသော လုံခြုံရေးအထောက်အပံ့ရရှိရေးအတွက် မဟာအင်အားကြီးနိုင်ငံများနှင့်ဆက်ဆံရေးကို ချင့်ချိန်သုံးသပ်ဆောင်ရွက်သွားရန် လိုအပ်နေဆဲပင်ဖြစ်ပေသည်။

**ကိုးကား**

- **Putin's Trip to Vietnam : The Next Phase of Major Power Competition by The Diplomat.**

**ဖောင်သောင်းဝင်း(တမန်ဟောင်း)**

# After the Hunt ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းစတင်နေပြီဖြစ်



**နယူးယောက် ဇူလိုင် ၉**

After the Hunt အမည်ရှိ လျှို့ဝှက်သည်းဖိုဒရာမာဇာတ်ကားသစ်ကို Amazon MGM စတူဒီယိုက စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း ဇူလိုင် ၈ ရက် သတင်းများအရ သိရသည်။

After the Hunt ဇာတ်ကားကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်၌ စတင်ရိုက်ကူးနေခြင်းဖြစ်ကြောင်း သိရသည်။

After the Hunt ဇာတ်ကားတွင် မင်းသမီး ဂျူလီယာရောဘတ်၊ ခလိုးဆီဗီဂနီ၊ မင်းသား မိုက်ကယ် စတူးဘာ့နှင့် အေယိုအီဒီဘီရီတို့ ပါဝင် သရုပ်ဆောင်နေကြောင်း သိရသည်။

After the Hunt ဇာတ်ကားကို ကမ္ဘာကျော်အီတလီဒါရိုက်တာ လူကာဂွါဒါဂနီနိုက တာဝန်ယူ ရိုက်ကူးနေခြင်းဖြစ်သည်။

အဆိုပါ ဇာတ်ကားတွင် မင်းသမီး ရောဘတ်ဂျူလီယာက အဓိကဇာတ်ကောင်နေရာတွင် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

After the Hunt ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Amazon MGM စတူဒီယိုက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# Afraid ဇာတ်ကားကို ယခုနှစ် ဩဂုတ်လတွင် ရုံတင်ပြသရန် Blumhouse စီစဉ်ထား

**နယူးယောက် ဇူလိုင် ၉**

Afraid အမည်ရှိထိတ်လန့်သည်းဖိုဇာတ်ကားသစ်ကို ယခုနှစ် ဩဂုတ်လတွင် ရုံတင်ပြသရန် Blumhouse ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း ဇူလိုင် ၈ ရက် သတင်းများအရ သိရသည်။

Afraid ဇာတ်ကားသည် အသိဉာဏ်တုနည်းပညာ (AI)၏ အန္တရာယ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသည့် ထိတ်လန့်သည်းဖိုဇာတ်ကားဖြစ်သည်။

AI နည်းပညာသုံးအလင်းပုံရိပ်ယောင် အိမ်အကူတစ်ဦး၏ အန္တရာယ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသည့် အထက်ပါဇာတ်ကားတွင် မင်းသမီး ကတ်သရင်းဝါတာဆန်နှင့် မင်းသား ဂျွန်ချိုတို့ ပါဝင်ထားကြောင်း သိရသည်။

Afraid ဇာတ်ကားကို ဒါရိုက်တာ ခရစ်ဝိတ်က ကိုယ်တိုင်ဇာတ်ညွှန်းရေးသား၍ ကိုယ်တိုင်ရိုက်ကူးထားကြောင်း သိရသည်။

Blumhouse ရုပ်ရှင်ကုမ္ပဏီသည် Black Phone နှင့် Five Nights at Freddy ထိတ်လန့်သည်းဖိုဇာတ်ကားများ၏ နောက်ဆက်တွဲဇာတ်ကားသစ်များကို ရိုက်ကူးထုတ်လုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# ရွှေကြည်ငွေကြည် ရုပ်ရှင်ဇာတ်ကား Premiere Show ပန်းပဲတန်းမြို့နယ် ရွှေ့ဆောင်အဆင့်မြင့်ရုပ်ရှင်ရုံတွင် ပြုလုပ်

**ရန်ကုန် ဇူလိုင် ၉**

ခေတ်သစ်အရှက်ဦး ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ရွှေကြည်ငွေကြည် ရုပ်ရှင်ဇာတ်ကား Premiere Show ကို ဇူလိုင် ၈ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး ပန်းပဲတန်းမြို့နယ်ရှိ ရွှေ့ဆောင်အဆင့်မြင့် ရုပ်ရှင်ရုံတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ခင်ဝင့်ဝါက ပြောပြ၍ သိရသည်။

ရွှေကြည်ငွေကြည် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ကြယ်စင်မင်းက ရေးသားထားပြီး ဇာတ်ညွှန်းကို မင်းကိုစိုး (နတ်သံကွင်း)က ရေးသားထားကာ ဒါရိုက်တာ ကိုဇော်(အရှက်ဦး)က ခေတ်သစ်အရှက်ဦး ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာအဖြစ် တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။



"ဝင့်ဝါက ဒီရုပ်ရှင်ဇာတ်ကားမှာ ရွှေကြည်ဆိုတဲ့ အထက်တန်းရှေ့နေမလေးနေရာက ပါဝင်သရုပ်ဆောင်တာပါ။ ဇာတ်လမ်းလေးက ဟာသ ဇာတ်လမ်းလေးပါ။ ခင်ပွန်းဖြစ်သူ ကိုရွှေထူးနဲ့ ဖခင်ဖြစ်တဲ့ ဦးခင်လှိုင်တို့က အမြဲတမ်းရန်လိုတတ်ကြတယ်ပေါ့။ ရန်လိုတဲ့ ယောက္ခမကြီးနဲ့ နည်းနည်းလေးမှကို အတင်စီးမခံတတ်တဲ့ သားမက်တို့ရဲ့ကြားက ၅၂၈ နဲ့ ၁၅၀၀ ကြား အကြောင်းလေးကို ရိုက်ကူးပုံဖော်ထားတာပါ" ဟု သရုပ်ဆောင် ခင်ဝင့်ဝါက ပြောပြသည်။

ရွှေကြည်ငွေကြည် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ရွှေထူး၊ အောင်ခိုင်၊ ခင်လှိုင်၊ ဆင်မ၊ ကေညီ၊ သီဟ၊ ရွှေအိုး၊ ခင်ဝင့်ဝါ၊ မေသဥ္ဇာဦး၊ မျိုးမျိုးခိုင်၊ အယ်လီနာ၊ ဂွမ်းပုံကြီးနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# A Place Called Silence ဇာတ်ကား တရုတ်ရုပ်ရှင်ဈေးကွက်၌ ကန်ဒေါ်လာ သန်း ၅၀ ကျော်ရရှိ

**နယူးယောက် ဇူလိုင် ၉**

A Place Called Silence အမည်ရှိ မှုခင်းလျှို့ဝှက်သည်းဖိုဇာတ်ကားသည် တရုတ်ရုပ်ရှင်ဈေးကွက်၌ စတင်ရုံတင်ခဲ့သည့် ပထမငါးရက်အတွင်း ဝင်ငွေအမေရိကန်ဒေါ်လာ သန်း ၅၀ ကျော်ထိ ရရှိခဲ့ကြောင်း ဇူလိုင် ၈ ရက် သတင်းများအရ သိရသည်။

အဆိုပါရုပ်ရှင်ဇာတ်ကားသည် ဘူဆန်နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ ၂၀၂၂ ခုနှစ်တွင် ပြသခဲ့သည့် အမည်တူဇာတ်ကားကို ပြန်လည်ဆန်းသစ်ရိုက်ကူးခဲ့သောဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဇူလိုင် ၃ ရက်တွင် စတင်ရုံတင်ခဲ့ရာ ဇူလိုင် ၇ ရက်ထိ ငါးရက်တာကာလအတွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၈ သန်းထိရရှိခဲ့သည်။

အဆိုပါဇာတ်ကားသည် မိန်းကလေးကျောင်းတစ်ကျောင်းမှ ကျောင်းသူများကို ပစ်မှတ်ထားသတ်ဖြတ်နေသော မျက်နှာဖုံးစွပ်လူသတ်သမားတစ်ဦးအကြောင်း ရိုက်ကူးထားသည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

တရုတ်ရုပ်ရှင်ဈေးကွက်၌ A Place Called Silence ဇာတ်ကားပြီးလျှင် ဒုတိယဝင်ငွေအကောင်းဆုံးဇာတ်ကားမှာ Inside Out 2 ဇာတ်ကားဖြစ်ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၅ သန်းထိ ရရှိထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# ကြင်ဖော် ရုပ်သံဇာတ်လမ်းတွဲ ရန်ကုန်တိုင်းဒေသကြီးတွင် ဇာတ်အိမ်တည် ရိုက်ကူးလျက်ရှိ

**ရန်ကုန် ဇူလိုင် ၉**

HEY Play Application နှင့် HEY Play YouTube Channel က ရိုက်ကူးထုတ်လွှင့်မည့် ကြင်ဖော် ဇာတ်လမ်းတွဲကို ယနေ့မှစ၍ ရန်ကုန်တိုင်းဒေသကြီးတွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးနေကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ရိုက်ကူးနေသည့် သရုပ်ဆောင် စိုးပြည့်သဇင်က ပြောပြ၍ သိရသည်။



ကြင်ဖော် ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို AETERNUM CREATIVE က ရေးသားထားပြီး ဒါရိုက်တာ ပြည့်ဖြိုးနိုင် (PPN) က HEY Play Application အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးနေကြောင်း သိရသည်။

"အချစ်ဒရာမာ ဇာတ်လမ်းတွဲလေးဖြစ်ပါတယ်။ ဒီနေ့ကစပြီးတော့ ရိုက်ကူးရေးတွေ ပြုလုပ်နေပြီဖြစ်ပါတယ်" သရုပ်ဆောင် စိုးပြည့်သဇင်က ပြောပြသည်။

ကြင်ဖော် ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် နက္ခတ်၊ နေလင်းရှိန်း၊ နေထွဋ်၊ စိုင်းစည်တွမ်ခမ်း၊ စိုးပြည့်သဇင်၊ နော်ဖောအယ်ထား၊ ဝေလာရီ၊ မေပန်းချီ၊ မှူးထိပ်ထား၊ ဆုမြတ်နိုးဇင်၊ ဧည့်သည်သရုပ်ဆောင် အေးသီတာ၊ ဒေါ်ဒယ်ဘီ၊ ဝင်းမင်းသန်း၊ အိမ့်ကြာဖြူ၊ သိင်္ဂီမြင့်၊ စင်သီယာ၊ ကလေးသရုပ်ဆောင် ရွှန်းလဲ့ရှုပ်၊ သက်မှူးအိမ်စည်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win visits Qingdao Haier Group, Qingdao Hisence Research and Development Center



Vice-Senior General Soe Win visits Qingdao Hisence Research and Development Center.

**Nay Pyi Taw July 9**

The delegation led by Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win visited the Qingdao Haier Group and Qingdao Hisense Research and Development Center this morning.

First, the delegation led by the Vice-Senior General arrived at the Qingdao Haier Group at 9 am local time and were greeted by Deputy Director General Mr. Liu Dalin and officials.

Then, the Vice-Senior General and delegation were conducted round the Haier Group building by officials, who explained the salient points of the group, standing as the top manufacturer of healthcare devices, vehicles and high-end products among the global brands for seven successive years and future plans.

Afterward, the Vice-Senior General discussed matters of interest and exchanged gifts with the officials.

The Qingdao Haier Group was established in 1984 and has been providing top digital solutions for better social lives globally. The group has established two main trends such as the modern and industrial internet and ten research and development centers, 71 research organizations, 35 industrial parks, 143 production centers and 230,000 sales networks.


Vice-Senior General Soe Win views a car displayed at the office of Qingdao Haier Group.


Vice-Senior General Soe Win views a high-end device.

Then, the delegation led by the Vice-Senior General visited the Hisense Qingdao Research and Development Center at 10.30 am and was greeted by Deputy Manager Ms. Zhen Cai Xia and officials.

Afterward, the Vice-Senior General viewed around the center and responsible officials explained the brief history of the centre to the Vice-Senior General and conducted round the modern electronic devices, high-tech electronic devices produced under the Hisense brand, technical research and development and new products and development in technical upgrading.

Then, the Vice-Senior General discussed the matters of interest and exchanged gifts with the officials.

The Hisense Qingdao Research and Development Center is the global headquarters of Hisense in Laixi District and has a land area of 227,000 square metres. In the area, three research and development centres relating to the electronic information industry focused on television and communications, transportation, health and housing and refrigerators, air-conditioners, washing machines and kitchen and toilet appliances. As products are upgraded to meet the requirements of consumers based on findings from such research, the revenue of the Hisense rose to 201.7 billion yuan and profits recorded at 13.7 billion yuan, maintaining the steady development and yearly profits at 11 percent.

Then, the delegation led by the Vice-Senior General attended the luncheon hosted by Mayor of Qingdao Mr. Zhao Haoshi at the Qingdao Sea View Garden Hotel. 100

# South Sudan's president inaugurates Chinese-built central bank headquarters

**Juba July 9**

South Sudan's President Salva Kiir on Monday inaugurated the new headquarters of the Bank of South Sudan built by a Chinese firm as part of the country's Independence Day celebration on July 9.

The 12-storey building, constructed by China's Shandong Hi-Speed Group Co (SDHS), is an iconic gift to the people of South Sudan, Kiir said.

Kiir also urged officials and citizens to focus on improving economic growth and promoting peace and social harmony in the country.

Also attending the ceremony was Ma Qiang, Chinese ambassador to South Sudan. "As a good friend and good partner, China affirms its support to the South Sudanese government and people to actively explore the development path that suits their national conditions," said Ma.

China is willing to continue to provide necessary assistance to the peace process and economic and social development of South Sudan within its capacity, he added.

Xinhua

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win arrives back in Nay Pyi Taw after attending Green Development Forum of Shanghai Cooperation Organization Countries (SCO)


Vice-Senior General Soe Win being welcomed back at Nay Pyi Taw Airport.

**Nay Pyi Taw July 9**

Today at 4:30 PM local time, the Myanmar delegation led by Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win, which attended the Green Development Forum of the Shanghai Cooperation Organization Countries (SCO), departed from Qingdao Airport by air to Kunming. Myanmar Ambassador to China U Tin Maung Swe, Military Attaché Brig-Gen Zaw Zaw Naing, Deputy Secretary-General Miss Lin Ping of the Communist Party of China and officials in Qingdao Municipality bid farewell at the airport.

The Myanmar delegation led by the Vice-Senior General arrived in Kunming at 8:15 PM local time. Mr. Zhang Shijin, Director-General of the Yunnan Provincial Government's Foreign Affairs Ministry, Kunming Consul General U Thwin Htet Lin, and officials welcomed them at Kunming Airport.

The Myanmar delegation then departed from Kunming by air and returned to Nay Pyi Taw later that evening.

At Nay Pyi Taw Airport, the delegation led by the Vice-Senior General was welcomed by Secretary of the State Administration Council Lt-Gen Aung Lin Dwe, Council members, Union Ministers, senior military officers from the Office of the Commander-in-Chief (Army), the Nay Pyi Taw Command Commander, Deputy Ministers, and officials from the Chinese Embassy and Military Attaché Office in Myanmar.

Among those accompanying the Vice-Senior General on this trip were Deputy Minister for Natural Resources and Environmental Conservation U Min Thu, senior officials from the Office of the Vice Chairman of the State Administration Council, and the Ministry of Foreign Affairs.

100

# Katha Township finishes cultivation of more than 1,000 acres of maize and corns this monsoon

**Katha July 9**

The statistics of Katha Township Agriculture Department stated that a total of 1,022 acres of maize and corns have been planted in Katha Township of Sagaing Region this monsoon.

In 2024-25 monsoon, the township earmarked cultivation of 2,942 acres of maize and 1,725 acres of corns, totalling 4,667. Starting from June this year, local farmers planted 687 acres of maize and 335 acres of corns, totalling 1,022.

"This monsoon, we planned to grow more than 4,000 acres of maize and corns in Katha Township. So far, local farmers have planted more than 1,000 acres. They are trying hard to meet the target cultivation. Our staff members are helping local farmers prevent pests and use agricultural techniques for boosting per-acre yield," explained U Ko Lay, Head of Katha Township Agriculture Department.

The township agriculture department conducts training courses for local farmers, field demonstrations, prevention of pests and use of agricultural techniques.


A corn plantation.

In Katha Township, maize produces more than 50 baskets per acre. Local farmers cost K500,000 per acre of maize. Corns can be produced 15,000 pieces of buds per acre. It costs more than K500,000 per acre for agricultural expenses. 206

# More than 600 acres of monsoon groundnut planted in Pwintbyu Township

**Pwintbyu July 9**

This monsoon, local farmers in Pwintbyu Township of Magway Region have planted groundnut on 695 acres of croplands, said Daw Moe Moe Wai, Head of Pwintbyu Township Agriculture Department.

The township earmarked 1,661 acres of groundnut this monsoon but local farmers planted 695 acres of groundnut against the target.

"This year, Pwintbyu Township aims to ensure local oil sufficiency and increase incomes of local farmers. So, the township planned to grow 1,661 acres of monsoon groundnut but local farmers grew 695 acres of groundnut. Our staff assist in farmers for growing groundnut meeting the target," said Daw Moe Moe Wai, Head of Township Agriculture Department.

Local farmers grow groundnut, sesame and sunflower for ensuring local oil sufficiency and increasing family incomes.

In this regard, officials of Township Agriculture Department supervise cultivation of crops in the township and help them systematically grow crops for increased incomes.

Ye Win Naung (NyaungU)

# More than 5,000 acres of pigeon pea planted in Kyunhla Township

**Kyunhla July 9**

Kyunhla Township Agriculture Department stated that a total of 5,205 acres of croplands have been placed under pigeon pea in Kyunhla Township of Sagaing Region.

In 2024-25 monsoon season, the township earmarked cultivation of 11,541 acres of pigeon pea but local farmers have planted 5,205 acres of pigeon pea starting from June this year.

"This year, the township decided to grow more than 10,000 acres of pigeon pea in Kyunhla Township. So far, local farmers have planted more than 5,000 acres. They grow pigeon pea in maize plantations as well as grow it separately. They expand sown acreage of pigeon pea year after year. Our staff members raise awareness of farmers to grow more crops," said Daw Myint Myint Yi, Head of Kyunhla Township Agriculture Department.

Staff of the township agriculture department shared agricultural knowledge with local farmers to use quality strains of crops, advanced agricultural techniques, prevention of pests and high yield of crops.

Township Agriculture Department distributes techniques of pesticides to reduce purchase of folio fertilizers to cut agricultural costs.

206


A pigeon pea plantation.

# Clarification by Maj-Gen Zaw Min Tun, Information Team Leader of the State Administration Council, on events in Shan State (North)

**Nay Pyi Taw July 9**

Today, I will explain the stand of the Republic of Union of Myanmar on the events in Shan State (North).

On 27 October 2023, MNDAA, joined by TNLA and AA, crossed Namtit creek through Special Region 2, Wa region, and started to attack Chinshwehaw at China-Myanmar border. Those incidents had already been explained. At the same time, TNLA attacked Namhkam, Hsenwi and Kutkai. The group started to attack the areas around Hsenwi, Kunlong and Laukkai and on 22 December it attacked Mongtung area. The TNLA combined group started its attacked against the area in and around Namtu. On 5 January 2024, MNDAA and its cohorts launched attacks against the area in and around Hopang.



Maj-Gen Zaw Min Tun, leader of the SAC information team.

On 25 June 2024, TNLA and its allies attacked Nawnghkio and Kyaukme and security posts in their vicinity. On 3 July, the combined group including MNDAA started to attack the surrounding area of Lashio and launched attacks with short-range rockets, drones and drop bombs at the town daily.

MNDAA attacked the surrounding area of Chinshwehaw and Kokang territory under the heading – to curb online gambling (Kyaphyant). As the online gambling fraud is a clandestine business carried out in hotels and other secret places at border areas including Laukkai, the government had no knowledge about it. Chinese criminals who evaded arrest in China were running this illegal business, and most of the victims of the online gambling fraud were Chinese citizens. Hence, the majority of Myanmar people knew nothing about the illegal business. As soon as it got information about the illegal business, the Myanmar government actively joined hands with China to eliminate it not only in Kokang region, but also in other border areas. Till yesterday, Myanmar government apprehended 51,851 Chinese citizens, 1,143 Vietnamese citizens, and 640 Thai citizens in Mongpauk, Laukkai, Tachilek and Muse regions, and Myawady (Shwekokko, KK Park). It had transferred 2,150 suspects to their home countries. Later, MNDAA launched the slogan to seize special region 1 of Kokang area. MNDAA met NUG, presented its territory and held talks and launched attacks in the areas beyond Kokang region. In fact, MNDAA was echoing NUG. It was recruiting even the juveniles in the Kokang area and captured other national races including Bamar migrant workers in the region and forced them to join it in the battles. It banned schools and all education activities. TNLA was doing the same. Later, there surfaced territorial disputes among the armed groups.

The combined armed group started attacks against Lashio on 3 July and was firing short-range rockets and launching drone attacks randomly against the town daily from afar, and 18 innocent civilians were killed and another 24 were wounded. Locals faced socioeconomic disasters in every region it seized. The group launched drone and drop bomb attacks against Chinese temple near Lashio airport at 7 am yesterday. Locals including Chinese residents in Lashio disfavoured and opposed the combined group of MNDAA. At the same time, the government and the Tatmadaw are prioritizing security of the people including the town's residents.



Photo shows the sector of Chinese temple destroyed by drone and drop bomb attacks of MNDAA.

In conclusion, I would like to request the entire people to join hands in the seriously prioritized measures by the government to protect towns and villages and local people from terrorist attacks of MNDAA and TNLA to ensure safe and security for them.

Thank you.

# Indian authorities suspend 6 officials for stampede that killed 121

**New Delhi July 9**

Local government in the northern Indian state of Uttar Pradesh Tuesday suspended six officials for a stampede that killed 121 people last week, officials said.

The officials, which include police personnel and district officials, were put under suspension after the Special Investigation Team (SIT) probing the deadly stampede filed its report flagging lapses on the part of the local administration in handling the event of a Hindu preacher.

The officials were accused of "negligence" on their part.

The report held the organizers and local officials, including the police, were negligent and "failed to make adequate arrangements" at the venue in Hathras district.

It said that they did not take the event "seriously."

Local media reports said the SIT report was submitted to Chief Minister Yogi Adityanath on Tuesday morning.

The SIT also flagged overcrowding as a cause of the stampede.

The report is based on statements from 125 people including eyewitnesses, survivors and police and district officials. News reports, photographs and video footage were also examined.

So far nine people, including the main organizer, Devprakash Madhukar, have been arrested in connection with the stampede. Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ရုရှားထုတ် နောက်ဆုံးပေါ် Vityaz လေကြောင်းရန်ကာကွယ်ရေးစနစ်က အမေရိကန်ထုတ် HIMARS ၁၂ စင်းကို တစ်ပြိုင်နက်တည်း ပစ်ချနိုင်ခဲ့



ယူကရိန်း အထူးစစ်ဆင်ရေးဇုန်ရှိ ရုရှားနိုင်ငံထုတ် S-350 "Vityaz" (Brave Warrior) လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်သည် အမေရိကန်ထုတ် HIMARS MLRS ဒုံးကျည် ၁၂ စင်းကို တစ်ပြိုင်နက်တည်း ကြားဖြတ်ပစ်ချနိုင်ခဲ့ကြောင်း Battlegroup Yug ၏ လေကြောင်းရန် ကာကွယ်ရေးဒုံးတပ်မမှူးက Sputnik သတင်းဌာနသို့ ဇူလိုင် ၅ ရက်က ပြောကြားခဲ့သည်။

"မကြာသေးမီက ကျွန်တော်တို့ တပ်မအနေနဲ့ HIMARS MLRS အမြောက်အမြားကို ကြားဖြတ်ပစ်ချနိုင်ခဲ့ပါတယ်။ ဒုံးကျည် ၁၂ စင်းလောက် ရှိပါတယ်။ ကျွန်တော်တို့ Vityaz လေကြောင်းရန်ကာကွယ်ရေးစနစ်က ပစ်မှတ်အားလုံးကို ပစ်ချနိုင်ခဲ့ပြီး ဒုံးကျည် တစ်စင်းတလေမှ သက်ဆိုင်ရာ ရည်မှန်းချက်ကို မရောက်ရှိခဲ့ကြပါဘူး။ စနစ်အနေနဲ့ HIMARS MLRS ဒုံးကျည်တွေကို ထောက်လှမ်းတဲ့ အပိုင်းမှာလဲ အခက်အခဲမရှိခဲ့ပါဘူး"ဟု တပ်မမှူးဖြစ်သူက ပြောကြားခဲ့သည်။

အဆိုပါပစ်မှတ်များကို ကီလိုမီတာ ၉၀ အကွာအဝေးတွင် အောင်မြင်စွာ ခြေရာခံထိန်းကျောင်းနိုင်ခဲ့ကြောင်း၊ ထို့နောက် တပ်ကြပ်မကွာ လိုက်လံစောင့်ကြည့်နေခဲ့ပြီး နောက်ဆုံးတွင် လက်နက်စနစ်တည်နေရာမှ အကွာအဝေး ကီလိုမီတာ ၇၀ ခန့် အကွာတွင် ပစ်မှတ်ကိုတိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

"ဒီလက်နက်စနစ်မှာရှိတဲ့ ဒုံးကျည်တွေရဲ့ အဓိကအားသာချက်က သူတို့ရဲ့ အာရုံခံကိရိယာ (Homing Head)တွေဖြစ်ပြီး လှုပ်ရှားပစ်မှတ်တွေကို ထိမှန်ဖျက်ဆီးနိုင်ဖို့ လွယ်ကူစေတယ်။ ဘာလို့လဲဆိုတော့ ဒုံးကျည်က ပစ်မှတ်နဲ့အပြိုင် ရွေ့လျားသွားမှာပါ"ဟု တပ်မမှူးက ပြောကြားခဲ့သည်။

အခြားစနစ်များထက် Vityaz လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်၏ သာလွန်ကောင်းမွန်မှုကို အဓိကအားသာချက်များစွာဖြင့် အလွယ်တကူပြသနိုင်သည်။ ၎င်းတို့တွင် ထူးခြားကောင်းမွန်သော ရွေ့လျားစစ်ကစားနိုင်မှုနှင့် ထိန်းကျောင်းနိုင်မှု၊ ခက်ခဲသောမြေမျက်နှာသွင်ပြင်များတွင် တိုက်ပွဲဝင်နိုင်မှု၊ ကြမ်းတမ်းသော ရာသီဥတုအခြေအနေများကို ခံနိုင်ရည်ရှိမှုတို့ ပါဝင်သည်။ တိုက်ပွဲဝင်အသင့်တပ်ဖြန့်မှုကို လျင်မြန်စွာ ပြုလုပ်နိုင်သည်။ ပြင်ပပါဝါအရင်းအမြစ်များ မလိုအပ်ဘဲ အလိုအလျောက် ဓာတ်အားပေးစနစ် တပ်ဆင်ထားသည်။

"ဒီလက်နက်စနစ်မှာ အလိုအလျောက်တိုက်ပွဲဝင်နိုင်တဲ့နည်းလမ်း (Automatic Mode) ရွေးချယ်လုပ်ဆောင်နိုင်ပါတယ်။ ဒီနည်းလမ်းမှာ ဒုံးကျည်တစ်စင်းတည်းကို ပစ်လွှတ်တာမဟုတ်ပါဘူး။ ဒုံးကျည်အားလုံးကို သူတို့ရဲ့သက်ဆိုင်ရာ ပစ်မှတ်တွေဆီကို တစ်ပြိုင်တည်း ပစ်လွှတ်လိုက်တာပါ"ဟု လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့ဝင်တစ်ဦးက ရှင်းပြခဲ့သည်။

S-350 "Vityaz"သည် လေယာဉ်၊ ခရုဇ်ဒုံးကျည်များနှင့် တိကျသောပဲ့ထိန်းခဲယမ်းများကဲ့သို့ လေကြောင်းခြိမ်းခြောက်မှုများကို ကြားဖြတ်ဟန့်တားချေမှုန်းရန် တီထွင်ထုတ်လုပ်ထားသည့် ရုရှားနိုင်ငံထုတ် ထိပ်တန်းယာဉ်တင် လေကြောင်းရန်ကာကွယ်ရေးစနစ်တစ်ခုဖြစ်သည်။ ခေတ်မီဆန်းသစ်သော ရေဒါနှင့် ဆက်သွယ်ရေးနည်းပညာများအသုံးပြုထားပြီး ပစ်မှတ်များကို စိစစ်ခွဲခြားဖော်ထုတ်၍ တိကျပဲ့ထိန်းဒုံးကျည်များဖြင့် ခြိမ်းခြောက်မှုများစွာကို တစ်ချိန်တည်း တစ်ပြိုင်တည်း တိုက်ခိုက်ချေမှုန်းနိုင်စွမ်းရှိသည်။ Vityaz သည် ယူကရိန်းအထူးစစ်ဆင်ရေးတွင် အမေရိကန်ထုတ် ATACMS ဒုံးကျည်များ၊ နိုင်ငံပေါင်းစုံထုတ် UAV ဒရုန်းများနှင့် လေယာဉ်ပုံစံအမျိုးအစား ဒရုန်းများ အပါအဝင် ပစ်မှတ်အများအပြားကို ထိထိရောက်ရောက် ချေမှုန်းဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

S-350 Vityaz (Brave Warrior) လေကြောင်းရန်ကာကွယ်ရေးစနစ်သည် HIMARS (High Mobility Artillery Rocket System) ဒုံးကျည်များကို ထိရောက်စွာ ကြားဖြတ်ပစ်ချနိုင်စွမ်းရှိကြောင်း သိရသည်။

**Russia's Cutting-Edge Vityaz Air Defense System Picks Off 12 HIMARS In One Swoop ကိုဘာသာပြန်ဆိုထားပါသည်။**

## လစ်သူရေးနီးယားတပ်မတော်က FPV ဒရုန်းလေ့ကျင့်ရေးသင်တန်းကိုဖွင့်လှစ်ခဲ့

ယူကရိန်းပဋိပက္ခတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိကြသော First-Person View(FPV) ဒရုန်းများကို ကိုင်တွယ် ထိန်းကျောင်းခြင်းများနှင့်ပတ်သက်၍ လစ်သူရေးနီးယားတပ်မတော်က တပ်ဖွဲ့ဝင်များကို စတင်လေ့ကျင့်နေပြီဖြစ်သည်ဟု The Defense Post သတင်းဌာနက ဇူလိုင် ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လစ်သူရေးနီးယားနိုင်ငံပိုင် ရေဒီယိုနှင့် ရုပ်မြင်သံကြားဌာန၏ ထုတ်လွှင့်ချက်အရ ကနဦးသင်တန်းသား ၁၀ ဦးဖြင့် နှစ်ပတ်ကြာသင်တန်းကို ယခုလအစောပိုင်းတွင် စတင်ခဲ့ကြောင်း သိရသည်။

လေ့ကျင့်ပြီးသည်နှင့် တပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ သက်ဆိုင်ရာတပ်ရင်း၊ တပ်ဖွဲ့များထံ ပြန်လည်ရောက်ရှိမည်ဖြစ်ရာ တပ်ရင်း၊ တပ်ဖွဲ့များရှိ အခြားတပ်ဖွဲ့ဝင်များကို ပြန်လည်လေ့ကျင့်သင်တန်းပေးသွားမည်ဖြစ်သည်။

"လူသားတွေကို လေ့ကျင့်သင်တန်းပေးတာနဲ့ စနစ်ကိုလိုက်လျောညီထွေဖြစ်အောင် သုံးတတ်ဖို့ဆိုတာက ထပ်တူထပ်မျှ အရေးကြီးတယ်။ ဒါဟာ အခြေခံအားဖြင့် လူသားတွေအတွက်သာမက လက်နက်ကိုင် တပ်ဖွဲ့တွေအတွက်ပါ အသစ်အဆန်းတစ်ခုဖြစ်နေမှာပါပဲ"ဟု လစ်သူရေးနီးယားတပ်ဖွဲ့မှ ဗိုလ်မှူး Sarunas Savukaitis က ပြောကြားခဲ့သည်။

"ဒါဟာတပ်ရင်းကြီးတချို့မှာ ဒရုန်းတွေ တပ်ဆင်မပေးနိုင်သေးခင် နှစ်အနည်းငယ်ကြာ ဆောင်ရွက်သွားရမဲ့ လုပ်ငန်းစဉ်တစ်ခုပါ"ဟုလည်း ၎င်းကပြောကြားခဲ့သည်။

FPV ဒရုန်းသည် အော်ပရေတာများထံ ကြိုးမဲ့ဗီဒီယိုရိုက်ကူး ထုတ်လွှင့်မှုများကို လုပ်ဆောင်ပေးနိုင်သည့် ဗီဒီယိုကင်မရာတစ်ခုတပ်ဆင်ထားသည်။ ၎င်းကို ယေဘုယျအားဖြင့် ဖောက်ခွဲရေးပစ္စည်းများတပ်ဆင်ထားပြီး အဝေးမှထိန်းချုပ်ခြင်း သို့မဟုတ် အလိုအလျောက် ပျံသန်းနိုင်ရန် ပရိုဂရမ်ထည့်သွင်းပေးထားသည်။ လေ့ကျင့်သင်တန်းပေးရေးအတွက် အသုံးပြုသည့် ဒရုန်းများသည် ဖောက်ခွဲရေးခဲယမ်း လေးကီလိုဂရမ် (ကိုးပေါင်) ထိ သယ်ဆောင်နိုင်ပြီး ၁၀ ကီလိုမီတာ (ခြောက်မိုင်) အကွာအဝေးမှ မောင်းနှင်နိုင်သည်။ ယခုလေ့ကျင့်သင်တန်းပေးမှုသည် ရုရှားစစ်ဘက်ကို ရင်ဆိုင်တိုက်ခိုက်နေသည့် ယူကရိန်းစစ်သားများ၏ အတွေ့အကြုံကို အခြေခံထားသည်ဟုလည်း သိရသည်။



ထို့ပြင် လစ်သူရေးနီးယားကာကွယ်ရေးဝန်ကြီးဌာနက ဒရုန်းတိုးတက်ဖွံ့ဖြိုးရေးအတွက် အစီအစဉ်များချမှတ်ဖော်ဆောင်နေခြင်းနှင့် ပြည်တွင်း၌ ဒရုန်းထုတ်လုပ်မှုအရှိန်မြှင့်တင်ရေးတို့အပါအဝင် နိုင်ငံအတွင်း ဒရုန်းနှင့်ပတ်သက်၍ အသိပညာဗဟုသုတများဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းလုပ်ဆောင်နေခြင်းလည်းဖြစ်သည်။

**Lithuanian Military Launches FPV Drone Training Course ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက လှူဒါန်းသော Kiosk တစ်လုံး၊ ကြေးမောင်း တစ်လုံးနှင့် သံမောင်း တစ်လုံး ပေးအပ်လှူဒါန်းပွဲ ကျင်းပ




**နေပြည်တော် ဇူလိုင် ၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ၄၃ လက်မ Kiosk တစ်လုံး၊ ၁၈ လက်မ သံမောင်း တစ်လုံးနှင့် ၁ ဒသမ ၅ ပိဿာ ကြေးမောင်း တစ်လုံးတို့ကို မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော် ရှင်းလင်းဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက Kiosk တစ်လုံးနှင့် မောင်း နှစ်လုံး လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဘုရားဖူးပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန်နှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား နိုင်ငံတကာအဆင့်မီ Digital ခေတ်မီနည်းစနစ်များဖြင့် ပြသနိုင်ခြင်းကြောင့် ပြည်သူလူထုနှင့် ကမ္ဘာ့လှည့်ခရီးသွားများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ၄၃ လက်မ Kiosk တစ်လုံးကို လှူဒါန်းရခြင်းဖြစ်ကြောင်း၊ မသိုးသက်န်းရက်လုပ်လှူဒါန်းရာတွင် ရက်ကန်းပြိုင်ပွဲ၌ အသုံးပြုရန်အတွက် ၁၈ လက်မ သံမောင်း တစ်လုံးနှင့် ၁ ဒသမ ၅ ပိဿာရှိ ကြေးမောင်း တစ်လုံးတို့ကို လှူဒါန်းခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တန်ဖိုးငွေကျပ် ၆၄၇၃၉၀၀ ရှိသည့် Kiosk တစ်လုံး၊ သံမောင်း တစ်လုံးနှင့် ကြေးမောင်း တစ်လုံးတို့နှင့်ပတ်သက်သည့် စာရွက်စာတမ်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးသန့်ဆွေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြင်ဦးလွင်မြို့ သမိုင်းဝင်မဟာရွှေမြင်တင်စေတီတော်မြတ်ကြီးအား ဖူးမြော်ပြီး သုမင်္ဂလာဈေး(ညံတောဈေး) တည်ဆောက်နေမှုကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကွင်းဆင်းကြည့်ရှု





**မန္တလေး ဇူလိုင် ၉**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေးဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ သမိုင်းဝင်မဟာရွှေမြင်တင်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ပြီး သုမင်္ဂလာဈေး(ညံတောဈေး) တည်ဆောက်နေမှုကို ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သမိုင်းဝင်မဟာရွှေမြင်တင်စေတီတော်မြတ်ကြီးသို့ရောက်ရှိပြီး စေတီတော်မြတ်ကြီးအတွင်း အရပ်လေးမျက်နှာရှိ မြတ်စွာဘုရားလေးဆူအား ရွှေသင်္ကန်းများ ကပ်လှူပူဇော်ပြီးစီးမှုတို့ကို ဖူးမြော်ကြည်ညိုပြီး ပရိဝုဏ်အပြင်ဘက် စေတီတော်မြတ်ကြီးသို့ အဝင်လမ်း နိုင်လွန်ကတ္တရာခင်းနေမှု၊ အရိပ်ရသစ်ပင်များ၊ ပန်းအလှသစ်ပင်များ စိုက်ပျိုးထားရှိမှုတို့ကို လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၂) အတွင်းရှိ သုမင်္ဂလာဈေး(ညံတောဈေး)ကို ခေတ်မီအဆင့်မြင့် အာရ်စီ ခြောက်ထပ်ဈေးကြီးအဖြစ် တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ရောက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ်အား တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်း စတင်ဆောင်ရွက်နေမှုများ၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အထူးဂရုစိုက်ဆောင်ရွက်ရန်၊ တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ အရည်အသွေး သတ်မှတ်စံချိန်စံနှုန်းနှင့်အညီ ဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# မြန်မာ-ရုရှား နှစ်နိုင်ငံ ဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲ ကျင်းပ




မြန်မာ–ရုရှား နှစ်နိုင်ငံ ဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် ဇူလိုင် ၉**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသည့် မြန်မာ-ရုရှား နှစ်နိုင်ငံ ဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲကို ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး)ရှိ မီတာ ၆၀၀ အာဆီယံစက်ပစ်ကွင်း၌ ဇူလိုင် ၇ ရက်မှ ၉ ရက်ထိ ကျင်းပခဲ့ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်ရုံးမှ ဒုတိယ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်မျိုးသန့်နှင့် အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များ၊ ရုရှားနိုင်ငံ ရုရှားတပ်မတော် သေနတ်ပစ်အသင်းမှ အဖွဲ့ခေါင်းဆောင် Major Mikhail GLADYSHEV၊ နည်းပြအရာရှိများနှင့် ပြိုင်ပွဲဝင် ဗိုလ်လောင်းများ တက်ရောက်ကြသည်။

ဦးစွာ ဖွင့်ပွဲအခမ်းအနားတွင် အလံတော်အဖွဲ့က မြန်မာ-ရုရှား နှစ်နိုင်ငံအလံကို စက်ပစ်ကွင်းအတွင်း သယ်ဆောင်ကာ နှစ်နိုင်ငံအလံကို လွှင့်ထူ အလေးပြုကြပြီး အခမ်းအနားကို ဖွင့်လှစ်သည်။ ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများဖြစ်ကြသော မြန်မာ-ရုရှား နှစ်နိုင်ငံ ဗိုလ်လောင်းများသည် သေနတ်ပစ်ပြိုင်ပွဲအခမ်းအနားကျင်းပရာ စက်ပစ်ကွင်းအတွင်း နေရာယူကြပြီး ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်က အဖွင့်အမှာစကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မီတာ ၃၀၀ ဗိုလ်လောင်း ရိုင်ဖယ်ပစ်ပြိုင်ပွဲ၊ ၂၅ မီတာ ဗိုလ်လောင်း ပစ္စတိုပစ်ပြိုင်ပွဲတွင် အသင်းလိုက် ပစ်ခတ်စဉ်များ၊ တစ်ဦးချင်း ပစ်ခတ်စဉ်များကို ပြိုင်ပွဲအမျိုးအစားအလိုက် သုံးရက်အကြာ ယှဉ်ပြိုင်ခဲ့ကြသည်။ ယင်းနောက် ယနေ့နံနက်ပိုင်းတွင် ပိတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများနှင့် အသင်းလိုက်ဆုရရှိကြသူများကို တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြပြီး ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာပြီး နှစ်နိုင်ငံတာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင် ဗိုလ်လောင်းများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် မြန်မာ-ရုရှား နှစ်နိုင်ငံ အလံအား အလံတော်အဖွဲ့က အလံချအခမ်းအနားကို ပြုလုပ်ပြီး ပြိုင်ပွဲကို အောင်မြင်စွာရုပ်သိမ်းခဲ့သည်။

အဆိုပါ မြန်မာ-ရုရှား နှစ်နိုင်ငံ ဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲကို မြန်မာ-ရုရှား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးတက်စေရန်၊ နှစ်နိုင်ငံဗိုလ်လောင်းများ ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်နှင့် နှစ်နိုင်ငံ သေနတ်ပစ် အားကစားနည်းစနစ် ဖလှယ်နိုင်ရန်အတွက် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ-ရုရှား နှစ်နိုင်ငံ ဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲသို့ တက်ရောက်လာကြသော ရုရှားသေနတ်ပစ်အသင်းမှ အဖွဲ့ခေါင်းဆောင် Major Mikhail GLADYSHEVနှင့် နည်းပြအရာရှိများ၊ ပြိုင်ပွဲဝင် ဗိုလ်လောင်းများသည် ဗထူးတပ်မြို့သို့ရောက်ရှိစဉ် စူဠာမုနိကုသိုလ်တော်ဘုရား၊ ဗထူးစမ်းနှင့် ရပ်စောက်မြို့မဈေးတို့သို့ သွားရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၁)**



# ရန်ကုန်တိုင်းဒေသကြီးတွင် လတ်တလောဖြစ်ပွားလျက်ရှိသော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးစီးဆောင်ရွက်

ရန်ကုန် ဇူလိုင် ၉

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသင်ကြားရေးစင်တာရှိ အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများမှ ဆေးရုံအုပ်ကြီးများ၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်၏ ကုသရေးဆိုင်ရာဌာနများမှ ပါမောက္ခ၊ဌာနမှူးများ၊ ပါမောက္ခများ၊ခရိုင်၊မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ပုဂ္ဂလိကဆေးရုံများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက လတ်တလောဖြစ်ပွားနေသော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ လူနာများကို ပုဂ္ဂလိကဆေးရုံများအပါအဝင် ဆေးရုံအားလုံး၌ဆေးရုံတင်ကုသရာတွင် ပြင်ဆင်ဆောင်ရွက်ရမည့်အချက်များ၊ လူနာများနှင့် လူနာရှင်များလိုက်နာရမည့်စည်းကမ်းများ၊ ဆေးရုံများ၏ရောဂါပိုးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ သတိထားဆောင်ရွက်ရန်နှင့် ဆေးရုံတက်လူနာများ၏ အချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီးကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနထံသို့ သတင်းပေးပို့ရန် အရေးကြီးမှုကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံအသင်းဥက္ကဋ္ဌနှင့် တက်ရောက်လာသူများက ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားပြီး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးတို့သည် အဆိုပါအစည်းအဝေးခန်းမ၌ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြို့နယ်များ၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဆန်းစစ်သုံးသပ်ဆွေးနွေးသည့် အစည်းအဝေးသို့ တက်ရောက်ပြီး မြို့နယ်တစ်ခုချင်းစီအလိုက် ဖြန့်ဝေပေးထားသော ရေသန့်ဆေးပြားများ၊ **Bleaching Powder** စသည့်ပစ္စည်းများကို ပြည်သူများထံသေချာစွာရောက်ရှိစေရေး၊ ထိတွေ့သူများကို **Contact Treatment** ဆောင်ရွက်ရေး၊ရောဂါပိုးပျံ့နှံ့မှုတားဆီးရေး စသည့်လုပ်ငန်းများ ထိရောက်စွာဆောင်ရွက်ရန်မှာကြားကာ မြို့နယ်များ၏လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

အဆိုပါအစည်းအဝေးသို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခချုပ် ဆေးရုံအုပ်ကြီး အမျိုးသားအဆင့် ကာကွယ်ဆေးထိုးလုပ်ငန်းနည်းပညာအကြံပေးအဖွဲ့ဝင် ဒေါက်တာစိုးလွင်ငြိမ်း (ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း) ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ တာဝန်ရှိသူများ၊ ခရိုင်၊မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ တက်ရောက်ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြို့နယ်များအားလုံးတွင် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊လူမှုရေးအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်း၍ ကလိုရင်းဆေးခတ်ခြင်း၊ ရေသန့်ဆေးပြားများဖြန့်ဝေခြင်း၊ကျန်းမာရေးအသိပညာပေးပိုစတာများကပ်ခြင်းနှင့်လက်ကမ်းစာစောင်များဖြန့်ဝေခြင်းစသည့်လုပ်ငန်းများဆောင်ရွက်ခဲ့ကြကြောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပတ်ဝန်းကျင်၊ လုပ်ငန်းခွင်ကျန်းမာရေးဌာနခွဲ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများကလည်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအားလုံးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်ဦးစီးမှူးရုံးအဖွဲ့၊ ကြက်ခြေနီအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့နှင့် အခြေခံကျန်းမာရေးဝန်ထမ်းများကို ရေသန့်စင်သည့်နည်းစနစ်များကိုစာတွေ့လက်တွေ့သင်ကြားပြသခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများကို သတင်းထုတ်ပြန်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများဖြင့် လူနာအချို့ ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့်ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၆ နာရီမှ ည ၆ နာရီထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူလူနာသစ် ၆၄ ဦးရှိခဲ့ပြီး ၎င်းတို့အနက် ခုနစ်ဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ လူနာများဖြစ်ကြောင်းနှင့် လူနာအားလုံး၏အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရသည်။

ယနေ့ည ၆ နာရီထိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ခဲ့သောလူနာ စုစုပေါင်းဦးရေ ၁၃၀ ကိုဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါကူးစက်ဖြစ်ပွားမှုမှာ စတင်လျော့ကျလျက်ရှိကြောင်းနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆက်လက်အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၄ ခုနှစ် ဇူလိုင် ၁၉ ရက်တွင်ကျင်းပမည့် (၇၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပမည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၄ နာရီမှ အခမ်းအနားပြီးဆုံးသည်ထိ အနောက်ရွှေဂုံတိုင်လမ်းကို ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ရွှေဂုံလမ်းကို ဓမ္မစေတီ-ရွှေဂုံလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းကို အနောက်ရွှေဂုံတိုင်လမ်းမှ ဦးထောင်ဘိုလမ်းထိလည်းကောင်း၊ ဦးဝိစာရလမ်းကို ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံထိလည်းကောင်း လမ်းပိတ်၊ လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်သည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်ဖွင့်လှစ်ပြသသည့် ဇူလိုင် ၁၉ ရက် နံနက် ၅ နာရီမှ ည ၆ နာရီထိ နတ်မောက်လမ်းကို ဝင်္ကဘာလမ်းဆုံမှ ဖိုးစိန်လမ်းဆုံထိလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းကို ငါးထပ်ကြီးဘုရားလမ်းဆုံနှင့် စောမဟာလမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချိုလမ်းကို ရွှေကြက်ယက်လမ်းနှင့်ဆုံရာမှ လည်းကောင်း လမ်းပိတ်၊လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်သည်။

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ဇူလိုင် ၁၉ ရက် နံနက် ၅ နာရီမှ ည ၆ နာရီထိ သိမ်ဖြူလမ်းကို ဗိုလ်ချုပ်လမ်းဆုံမှ ကုန်သည်လမ်းဆုံထိလည်းကောင်း၊ အနော်ရထာလမ်းကို ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းကို ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းကို ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်၊လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်သည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်၊လမ်းလွှဲဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# ရေးမြို့နယ်အတွင်း စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကျင်းပ

ရေး ဇူလိုင် ၉

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရေးမြို့ ရန်မျိုးအောင်ရပ်ကွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ပြုလုပ်ရာ ခရိုင်၊မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ကျောင်းသူများက "ပညာဘဏ် တိုက်စာကြည့်တိုက်ကိုသွားကြစို့" သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖွင့်လှစ်ပြီး တာဝန်ရှိသူများက အမှာစကားပြောကြားကာ သုတ၊ ရသ စာအုပ်၊စာစောင်များ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ကျောင်းသား၊ကျောင်းသူများက တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြပြီး ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိကြသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကာ အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယင်းနောက် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ဇာတိမာန်"သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေခဲ့ကြပြီး တက်ရောက်လာကြသူများသည် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော စာအုပ်၊စာစောင်များ၊ ဆုရကျောင်းသား၊ ကျောင်းသူများ၏ ပြိုင်ပွဲဝင် ပန်းချီကားများ၊ ပြိုင်ပွဲဝင် ကျောင်းသား၊ကျောင်းသူများ၏ပန်းချီကားများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။



## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင် ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင် ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇- ၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့လည်းကောင်း၊ KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## မြန်မာနိုင်ငံဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဇူလိုင် ၁၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် မစ္စတာနာစီရာဒင် ဟေဒါရီအား ဗန်ကောက်မြို့ အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို သဘောတူသည်။

မစ္စတာနာစီရာဒင် ဟေဒါရီအား ၁၉၆၃ ခုနှစ် မတ် ၂၆ ရက်တွင် မွေးဖွားခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် အီရန်နိုင်ငံ တီဟီရန်မြို့ရှိ အလာမဲတဘားတဘိုင်းတက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ဖြင့် ပါရဂူဘွဲ့ကိုရရှိခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး ကုလသမဂ္ဂရေးရာဌာန လက်နက်ဖျက်သိမ်းရေးနှင့် နိုင်ငံတကာလုံခြုံရေးကျွမ်းကျင်သူ သံအရာရှိအဖြစ်လည်းကောင်း၊ ၁၉၉၄ ခုနှစ်မှ ၁၉၉၈ ခုနှစ်ထိ နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ရှိ အီရန်သံရုံးတွင် ဒုတိယအတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်ထိ အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန လက်နက်ဖျက်သိမ်းရေးနှင့် မပြန့်ပွားရေးဌာနတွင် ပထမအတွင်းဝန်နှင့် လက်နက်ဖျက်သိမ်းရေးနှင့် နိုင်ငံတကာလုံခြုံရေးအကြီးတန်းကျွမ်းကျင်သူအဖြစ်လည်းကောင်း၊ ၂၀၀၂ ခုနှစ်မှ ၂၀၀၆ ခုနှစ်ထိ နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ရှိ အီရန်သံရုံးတွင် ဒုတိယသံမှူးအဖြစ်လည်းကောင်း၊ ၂၀၀၆ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိ အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ဓာတုပစ္စည်းများလုံခြုံရေးကွန်ဗင်းရှင်းနှင့် ဓာတုလက်နက်များကွန်ဗင်းရှင်း အမျိုးသားအာဏာပိုင်အဖွဲ့၏ ဒုတိယအတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂဆိုင်ရာ အီရန်အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတွင် သံအမတ်အဖြစ်လည်းကောင်း၊ ၂၀၁၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ လက်နက်ထိန်းချုပ်ရေးနှင့် အာကာသရေးရာဌာနတွင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထိ နိုင်ငံတကာသတင်းလုံခြုံရေး (ဆိုက်ဘာလုံခြုံရေး)ဆိုင်ရာ နှစ်နိုင်ငံ၊ ဒေသတွင်းနှင့် နိုင်ငံတကာဆက်ဆံရေးကိစ္စရပ်များတွင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း တာဝန်ဝတ္တရားများကို ထမ်းဆောင်ခဲ့သည်။ ၂၀၂၄ ခုနှစ် မတ်လမှစ၍ ထိုင်းနိုင်ငံဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာနာစီရာဒင် ဟေဒါရီသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦး ထွန်းကားသည်။

**(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့်အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

- (က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
- (ခ) နိုင်ငံ့ဝန်ထမ်းများ။
- (ဂ) ပညာသင်ကြားနေသူများ။
- (ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
- (င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
- (စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

- (က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
- (ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
- (ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
- (ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
- (င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသ တိုက်ပွဲဖြစ်စဉ်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ရှင်းလင်းပြောကြားချက်

ဒီနေ့မှာတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသဖြစ်စဉ်များနဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရဲ့ သဘောထားများကို ပြောကြားသွားမှာဖြစ်ပါတယ်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှာ MNDAA ဟာ TNLA၊ AAအဖွဲ့ တို့နဲ့ပူးပေါင်းပြီး အထူးဒေသ(၂) "ဝ"ဒေသကတစ်ဆင့် နမ့်တစ်ချောင်းကို ဖြတ်ကူးပြီး တရုတ်၊ မြန်မာ နယ်စပ်မြို့ ချင်းရွှေဟော်မြို့ကို စတင်တိုက်ခိုက်ခဲ့ပါတယ်။ ဒီဖြစ်စဉ်တွေနဲ့ပတ်သက်ပြီးလည်း ကျွန်တော့်အနေနဲ့ ယခင်ကလည်း ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။ တစ်ပြိုင်နက်တည်းမှာပဲ နမ့်ခမ်း၊ သိန်းနီ၊ ကွတ်ခိုင်မြို့တွေကို TNLA အဖွဲ့က နှောင့်ယှက်တိုက်ခိုက်မှုတွေပြုလုပ်ခဲ့ပါတယ်။ သိန်းနီမြို့၊ကွမ်းလုံမြို့နဲ့ လောက်ကိုင်မြို့တစ်ဝိုက်ကိုလည်း စတင်တိုက်ခိုက်ပါတယ်။ ဒီဇင်ဘာ ၂၂ ရက်မှာ TNLA အဖွဲ့ဟာ မန်တုံဒေသတစ်ဝိုက်ကို တိုက်ခိုက်ခဲ့ပါတယ်။ TNLA ပူးပေါင်းအဖွဲ့ဟာ နမ္မတူဒေသနဲ့နမ္မတူမြို့ကို တိုက်ခိုက်ခဲ့ပါတယ်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၅ ရက်မှာတော့ MNDAA ပူးပေါင်းအဖွဲ့ဟာ ဟိုပန်ဒေသနဲ့ဟိုပန်မြို့ကို တိုက်ခိုက်ခဲ့ပါတယ်။

၂၀၂၄ ခုနှစ် ဇွန် ၂၅ ရက်မှာ TNLA ပူးပေါင်းအဖွဲ့ဟာ နောင်ချိုနဲ့ ကျောက်မဲ ဒေသတစ်ဝိုက်ရှိ လုံခြုံရေးစခန်းတွေနဲ့ နောင်ချို၊ ကျောက်မဲမြို့တွေကိုတိုက်ခိုက်ခဲ့ပါတယ်။ ဇူလိုင် ၃ ရက်မှာ MNDAA ပူးပေါင်းအဖွဲ့ဟာ လားရှိုးမြို့ဝန်းကျင်ကို စတင်တိုက်ခိုက်ခဲ့ပြီး လားရှိုးမြို့ထဲကို ရှေ့တိုက်ဒုံးတွေ၊ Drone တွေနဲ့ Drop Bomb ချတိုက်ခိုက်တာတွေကို နေ့စဉ် ပစ်ခတ်တိုက်ခိုက်ခဲ့ပါတယ်။

MNDAA အဖွဲ့အနေနဲ့ ချင်းရွှေဟော် ဒေသတစ်ဝိုက်နဲ့ ကိုးကန့်နယ်မြေကို စတင် တိုက်ခိုက်ကာစက ကျားဖြန့်လို့ခေါ်တဲ့ Onlineလောင်းကစားမှု၊ လိမ်လည်မှုကို တိုက်ဖျက်ရန်ဆိုတဲ့ခေါင်းစဉ်နဲ့စတင်ခဲ့တယ် ဆိုတာသိရပါတယ်။ လောက်ကိုင်ဒေသအပါအဝင် နယ်စပ်ဒေသတွေမှာဖြစ်ခဲ့တဲ့ ကျားဖြန့်ခေါ် အွန်လိုင်းလိမ်လည်မှုတွေဟာ လောက်ကိုင်မှာဆိုရင် ဟိုတယ်တွေ၊ လျှို့ဝှက်နေရာတွေမှာ ပုန်းလျှိုးကွယ်လျှိုး ဆောင်ရွက်ကြတာဖြစ်လို့ နိုင်ငံတော် အစိုးရအဖွဲ့အနေနဲ့ သိရှိခဲ့ခြင်းမရှိပါဘူး။ လိမ်လည်မှုများကို တရုတ်နိုင်ငံက တိမ်းရှောင်လာတဲ့ တရုတ်ရာဇဝတ်သားတွေက ပြုလုပ်ခဲ့တာဖြစ်ပြီး လောင်းကစားသူများ၊ လိမ်လည်ခံရသူအများစုဟာလည်း တရုတ်နိုင်ငံသားများသာဖြစ်လို့ မြန်မာနိုင်ငံက အများစုက သိရှိခဲ့ခြင်းမရှိပါဘူး။ မြန်မာနိုင်ငံအစိုးရအနေနဲ့ ဒီကျားဖြန့်ကိစ္စကို သိရှိတာနဲ့တစ်ပြိုင်တည်း တရုတ်နိုင်ငံနဲ့တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပြီး နှိမ်နင်းခဲ့ပါတယ်။ ကိုးကန့်ဒေသမှာသာမက အခြားနယ်စပ်ဒေသများမှာလည်း ဆောင်ရွက်ခဲ့ပါတယ်။ မနေ့ကထိ မိုင်းပေါက်ဒေသ၊ လောက်ကိုင်ဒေသ၊ တာချီလိတ်ဒေသ၊ မူဆယ်ဒေသ၊ မြဝတီ(ရွှေကုက္ကိုလ်၊ KK Park) တို့ကနေ ဖော်ထုတ်ဖမ်းဆီးရမိခဲ့တဲ့ တရုတ်နိုင်ငံသား ၅၁၈၅၁ ဦး၊ ဗီယက်နမ်နိုင်ငံသား ၁၁၄၃ ဦး၊ ထိုင်းနိုင်ငံသားဦးရေ ၆၄၀ အပါအဝင်ဦးရေ ၂၁၅၀ကို သက်ဆိုင်ရာနိုင်ငံတွေကို လွှဲပြောင်းပေးနိုင်ခဲ့ပါတယ်။ နောက်ပိုင်းမှာ MNDAA ဟာ ကိုးကန့်နယ်မြေ အထူးဒေသ(၁)ရရှိရေးဆိုပြီး လုပ်ဆောင်လာပါတယ်။ အကြမ်းဖက် NUG အဖွဲ့နဲ့တွေ့ဆုံပြီး သူတို့နယ်မြေကို လိုက်ပြတာတွေ၊ ဆွေးနွေးတာတွေလုပ်လာတဲ့အပြင် ကိုးကန့်ဒေသရဲ့ ပြင်ပကိုပါ ဆက်လက်နယ်မြေချဲ့ထွင် တိုက်ခိုက်လာတာတွေ့ရပါတယ်။ NUG အဖွဲ့ရဲ့ အသံကိုလိုက်ပြီး ပြောကြားနေတာကိုလည်း တွေ့ရပါတယ်။ ကိုးကန့်နယ်မြေထဲက ကလေးငယ်များပါမကျန် လူသစ်စုဆောင်းတာတွေ၊ ကိုးကန့်ဒေသအတွင်းမှာ အလုပ်လုပ်ကိုင်ခဲ့ကြတဲ့ ဗမာအပါအဝင် တိုင်းရင်းသားအလုပ်သမားတွေကို ဖမ်းဆီးပြီး MNDAA ထဲကိုသွင်းပြီး တိုက်ပွဲဝင်ခိုင်းတာတွေလုပ်ဆောင်ခဲ့ပါတယ်။ စာသင်ကျောင်းတွေကို ပိတ်ပစ်တာတွေ၊ ပညာသင်ကြားမှု ပိတ်ပင်တာတွေကိုလည်း ပြုလုပ်ခဲ့ပါတယ်။ TNLAအဖွဲ့အနေနဲ့လည်း အလားတူလုပ်ဆောင်ခဲ့ပါတယ်။ နောက်ပိုင်းမှာ အဲဒီဒေသမှာရှိတဲ့ သူတို့လက်နက်ကိုင်အဖွဲ့အချင်းချင်း နယ်မြေအငြင်းပွားတာတွေလည်း ဖြစ်နေတာ တွေ့ရပါတယ်။

အခုလားရှိုးမြို့ကို ဇူလိုင် ၃ ရက်က စတိုက်ခိုက်လာပြီး နေ့စဉ်အဝေးကနေ ရှေ့တိုက်ဒုံး၊ Drone တွေနဲ့ ရမ်းသန်းပစ်ခတ်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ ၁၈ဦးသေဆုံးပြီး ၂၄ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ သူတို့သိမ်းပိုက်ခဲ့တဲ့နယ်မြေတိုင်းမှာ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ ပျက်သုဉ်းခဲ့ရပါတယ်။လားရှိုးမြို့မှာထင်ရှားတဲ့ လားရှိုးလေဆိပ်အနီးက တရုတ်ဖာ့ရှန်ဘုံကျောင်းကို မနေ့နံနက် ၇ နာရီမှာ Drone နဲ့ Drop Bomb ချတိုက်ခိုက်ခဲ့ပါတယ်။ လားရှိုးမှာနေထိုင်ကြတဲ့ တရုတ်လူမျိုးများအပါအဝင် ဒေသခံပြည်သူလူထုကလည်း ဒီ MNDAAနဲ့ အပေါင်းပါအဖွဲ့တွေကို အလိုမရှိကြောင်း ဆန့်ကျင်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရ တပ်မတော်အနေနဲ့ မြို့ခံလူထု၊ ပြည်သူလူထုရဲ့လုံခြုံရေးနဲ့ ဘေးအန္တရာယ်ကင်းရှင်းရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာ MNDAA နဲ့ TNLA တို့ရဲ့အကြမ်းဖက်တိုက်ခိုက်မှုကြောင့် မြို့ရွာများ၊အရပ်သားပြည်သူများ ဘေးကင်းလုံခြုံစေရေးအတွက် အထူးအလေးထားပြီး နိုင်ငံတော်အစိုးရအနေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူလူထုတစ်ရပ်လုံးကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြဖို့ မေတ္တာရပ်ခံပန်ကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (၅၀၁)





**MNDAA အကြမ်းဖက်သောင်းကျန်းသူများက လားရှိုးမြို့အတွင်းသို့ ရှေ့တိုက်ဒုံးများ၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် တရုတ်ဖာ့ရှန်ဘုံကျောင်း ထိခိုက်ပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင်၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Hla Htun Oo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကွန်းလုံးဥသျှောင်ရပ်ကွက်နေ လှထွန်းဦးအား နံနက် ၁၁နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ "Me Me" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကွန်းလုံးဥသျှောင်ရပ်ကွက်နေ မီမီလင်း(ခ)ချစ်မီအား မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ "NGA" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပုသိမ်ကြီးမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက်နေ နေလင်းထွန်းအား ညနေ ၄ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ "Jue Jue" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက်နေ ဂျူးဂျူးအား ည ၇ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များကို မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# လွိုင်ကော်မြို့ လွယ်ထွဲကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇူလိုင် ၉**

ကယားပြည်နယ် လွိုင်ကော်မြို့ လွယ်ထွဲကျေးရွာရှိ ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ သုဝဏ္ဏာရာမ လွယ်ထွဲကျောင်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူဦးရေ ၂၁၀ တို့ကို သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ဆီးကျောက်တည်ရောဂါ၊ အရေပြားရောဂါ၊ ခါးနာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး သုဝဏ္ဏာရာမလွယ်ထွဲကျောင်း ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် လွယ်ထွဲကျေးရွာရှိ ဒေသခံပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (ပြန်)

# မော်လိုက်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများကို ကူညီရွှေ့ပြောင်း

**နေပြည်တော် ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်ကာ ခန္တီးမြို့နယ်နှင့် မော်လိုက်မြို့နယ်တို့အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိပြီး ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မော်လိုက်မြို့နယ် ကျောက်တောင်ရပ်ကွက်၊ တံတားဦးရပ်ကွက်၊ ကျောက်မြောင်းရပ်ကွက်၊ အောင်မင်္ဂလာရပ်ကွက်၊ သရက်ကုန်းရပ်ကွက်၊ စွယ်တော်ရပ်ကွက်၊ ညောင်ပင်သာရပ်ကွက်၊ တွန်းပင်ကျေးရွာနှင့် တိန်းသာကျေးရွာတို့ရှိ ရေဘေးသင့်ပြည်သူများကို ရေဘေးလွတ်ရာ ကယ်ဆယ်ရေးစခန်းများသို့ ကူညီရွှေ့ပြောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (ပြန်)



အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများကို ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးစဉ်။

# မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၁၇ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၈၆ ဒသမ ၉ ကီလို ဖမ်းဆီးရမိ



ပြစ်မှုကျူးလွန်သူများကို မော်တော်ယာဉ်၊ ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၅ ရက် ညနေ ၃ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ၁၁၄ - ၁၁၅ ကြား ၇၁(င)လမ်းတွင် သတင်းအရစောင့်ဆိုင်းနေစဉ် ကြိုတင်သတင်းရရှိထားသည့် TOYOTA PROBOX မော်တော်ယာဉ်နှင့် SUPER CUSTOM မော်တော်ယာဉ်တို့ရောက်ရှိလာ၍ ရှာဖွေစစ်ဆေးခဲ့ရာ စိုးခိုင်၊ နန်းအေးဖောင်း၊ နန်းယိမ်းအွပ်နှင့် ထွန်းလင်းအောင်တို့ လေးဦးနှင့်အတူ SUPER CUSTOM ယာဉ်ပေါ်မှ ပလတ်စတစ်ဆပ်ပြာခွက် ၂၂၀၀ ဖြင့်ထည့်လျက် ဘိန်းဖြူ ၂၂ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ချမ်းမြသာစည်မြို့နယ် ဆ/၂ ရပ်ကွက် ၇၁ လမ်းရှိ ထွန်းလင်းအောင် ငှားရမ်းနေထိုင်သည့် နေအိမ်မှ ပလတ်စတစ်ဆပ်ပြာခွက် ၆၄၉၀ ဖြင့်ထည့်လျက် ဘိန်းဖြူ ၆၄ ဒသမ ၉ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ် ၂ ဒသမ ၁၇ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၈၆ ဒသမ ၉ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ ဘိန်းဖြူများအား ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ (ပြန်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

**“ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်**

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်မှ **“လက်နက်ကိုင်သောင်းကျန်းသူများနှင့်မူးယစ်ဆေး”**ခေါင်းစဉ်ဖြင့် ၁၀-၇-၂၀၂၅ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီ တွင် **“ပြည်သူချင်းသတ်ဖြတ်ခဲ့လို့ တိုင်းပြည်ဒုက္ခရောက်ခဲ့ရတဲ့ အတိတ်ကာလကို သင်ခန်းစာမယူနိုင်သေးသော အကြမ်းဖက်သမားများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့်ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

➢ ➢ ➢

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၂၇၅ ဧက စိုက်ပျိုးပြီးစီး



**မင်းကင်း ဇူလိုင် ၉**

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ပဲစင်းငုံ ၂၂၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၂၆၈ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၂၇၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ ပဲစင်းငုံသီးနှံ ၂၂၆၈ ဧကစိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၂၂၇၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာသီမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံသီးနှံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် ပဲစင်းငုံစိုက်ပျိုးတောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်း၊ မျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲစင်းငုံစိုက်ပျိုးကြသောတောင်သူများကို ရွက်ဖြန်းမြေဩဇာဝယ်ယူမှု သက်သာလျော့ချနိုင်စေရန်အတွက် ယူရီးယားနှင့် လက်ချား ပေါင်းစပ်သုံးစွဲသည့်နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ယူရီးယားနှင့် လက်ချားသုံးစွဲနည်းကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး အပင်များပိုးမွှားကင်းစင်ကာ အပင်ဖြစ်ထွန်းမှုကောင်းမွန်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# မိုင်းဖြတ်မြို့နယ် ဟာကြားမုတိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ဝင်ဖွဲ့စည်းခြင်း ပြုလုပ်

**မိုင်းဖြတ် ဇူလိုင် ၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဟာကြားမုတိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ဝင်ဖွဲ့စည်းခြင်းကို အဆိုပါကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင် ၈ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရည်ရွယ်ချက်နှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက လုပ်ငန်းအဖွဲ့ဝင်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာတွင်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့်ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။



မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်ထံမှ သိရသည်။ **ဧင်မာ**

# တွံတေးမြို့နယ် မီးသွေးကျင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တွံတေး ဇူလိုင် ၉**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် စသည့်ရည်ရွယ်ချက်များဖြင့် အရိုးတောင် ကျေးရွာအုပ်စု မီးသွေးကျင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနိုင်လင်းက မီးသွေးကျင်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ စီမံကိန်း အကြောင်းအရာများ၊ ရည်ရွယ်ချက်များနှင့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တွံတေးခရိုင် တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေပြန်လည်ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၅၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မီးသွေးကျင်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၉၂ ဦးကို ဆဋ္ဌမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၄၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရှိသန်းညွန့်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၉-၇-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၄၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၆၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၉၉၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၅၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၆၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၉၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# ပေးဆပ်သူ၏ နှလုံးသား

ဈာန်လေး(ပညာရေး)



(၁)

"အာကာဖြိုးရေ အာကာဖြိုး"

အိမ်ရှေ့မှ စည်သူအောင်၏ ခေါ်သံကြောင့် အာကာဖြိုးသည် လွယ်အိတ်ကို ကမန်းကတန်းလွယ်ရင်း အိမ်ရှေ့သို့ ပြေးထွက်ခဲ့တော့သည်။

"မင်းကလဲ ကြာလိုက်တာကွာ"

"မကြာပါဘူးကွ။ ငါက မင်းကိုစောင့်နေတာ စည်သူအောင်ရ"

"အေး ဒါနဲ့ ပစ္စည်းတွေရော အစုံပါရဲ့လား"

"ပါပါတယ်။ လွယ်အိတ်ထဲမှာ အဆင်သင့်ထည့်လာတယ်။ ကဲ လာသွားကြရအောင်"

ထို့နောက် နှစ်ဦးသားတက်ကြွသော ခြေလှမ်းကိုယ်စီဖြင့် လျှောက်လှမ်းသွားကြတော့သည်။

(၂)

"ကဲ ဒီနေ့ ကျောင်းဘယ်သူပျက်ကြသေးလဲ"

"စည်သူအောင်နဲ့ အာကာဖြိုး မလာပါဘူးဆရာ"

အတန်းခေါင်းဆောင်ကျော်ကျော်ကို၏ အဖြေကြောင့် ဆရာမိုးဝေ သက်ပြင်းချမိရပြန်သည်။ အချိန်ပြည့် ကျောင်းပျက်နေသော ကျောင်းသားနှစ်ယောက်ဖြစ်သည့် စည်သူအောင်နှင့် အာကာဖြိုးသည် ယနေ့နှင့်ဆိုလျှင် ကျောင်းမတက်သည်မှာ လေးရက်ပင်ရှိပြီဖြစ်သည်။

"ကဲ မင်းတို့ရွာထဲမှာ သူတို့နှစ်ယောက်ကိုမတွေ့မိကြဘူးလားကွ"

ဆရာမိုးဝေ၏ အမေးကြောင့် ကျောင်းသားတစ်ယောက်က မတ်တတ်ထရပ်ရင်းဖြေလိုက်သည်။

"သူတို့ကို တွေ့ပါတယ်ဆရာ။ မနေ့ကကော ဒီနေ့ကော လွယ်အိတ်တွေနဲ့ သူတို့အိမ်ကနေ ထွက်လာကြတာဆရာ"

"ဘာ လွယ်အိတ်တွေနဲ့ ဟုတ်လား။ ဒါဆိုသူတို့က ဘာလို့ကျောင်းရောက်မလာကြရတာလဲ"

"ဟို ဟို ကျားသွားထောင်ကြတာပါဆရာ"

"ဟင်"

ရွာ၏ဓလေ့အခေါ်အဝေါ်အရ ကျားသွားထောင်ခြင်းဆိုသည်မှာ ပုစွန်တွေကို ပိုက်ကွန်ဖြင့်ထောင်၍ ဖမ်းဆီးမှန်း ဆရာမိုးဝေ သိနှင့်နေပြီဖြစ်သည်။ ဆရာမိုးဝေသည် ယခုတံငါရွာလေးတွင် တာဝန်ကျသည်မှာ ငါးလပင်ရှိသေးသော်လည်း ရွာ၏ဓလေ့စရိုက်နှင့် လုပ်ငန်းကိုင်ငန်းများကို အတော်အသင့်သိနေပြီဖြစ်သည်။ ကလေးများသည်လည်း အရွယ်ရောက်လာသည်နှင့် ကျောင်းဆက်မတက်ဘဲ ပိုက်ထောင်ခြင်း၊ ငါးဖမ်းခြင်းလုပ်ငန်းတွေဖြင့်သာ အသက်မွေးဝမ်းကျောင်းအတွက် ကျင်လည်သွားကြရသည်။ ထို့ကြောင့် ထိုတံငါရွာလေးတွင် မူလတန်းလွန်ကျောင်းလေးသာရှိပြီး ခုနစ်တန်းအမြင့်ဆုံးထိသာ တက်ရောက်ကြသည်။ ခုနစ်တန်းတွင်လည်း ကျောင်းသားဦးရေသည် များများမရှိ။ ကျောင်းသူနှစ်ဦးသာရှိသည်။ ဆရာမိုးဝေ တာဝန်ယူထားသော စတုတ္ထတန်းတွင်သာ ကျောင်းသား၊ ကျောင်းသူဦးရေ ဆယ့်လေးယောက်ထိ အများဆုံးရှိသည်။

"ကျော်ကျော်ကိုရေ မနက်ဖြန်ကျရင် အာကာဖြိုးနဲ့စည်သူအောင်ရဲ့မိဘတွေ ဆရာနဲ့လာတွေ့ဖို့ ပြောပေးနော်"

ဆရာမိုးဝေ၏ စကားကြောင့် ကျောင်းသားလေး ကျော်ကျော်ကိုသည် ခေါင်းကုတ်လိုက်ရင်း တစ်ခုခုကိုအလိုမကျဟန်ဖြင့် မတ်တတ်ထရပ်လိုက်သည်။

"ဘာဖြစ်တာတုန်း ကျော်ကျော်ကိုရ"

"ဟို သူတို့မှာ အဖေအမေတွေမရှိဘူးဆရာ"

"ဟင်"

ဆရာမိုးဝေလည်း ဘာဆက်ပြောရမှန်းပင် မသိတော့ဘဲ အံ့အားသင့်ခဲ့ရသည်။ ထို့ကြောင့်ပင် ပြဿနာတစ်ခု၏ အရင်းအမြစ်ကို မိမိကိုယ်တိုင်ရှာဖွေ၍ အဖြေရှာခြင်းကသာ မှန်ကန်သင့်တော်ဆုံးဟုယူဆလိုက်ပြီး ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်လေတော့သည်။

(၃)

အာကာဖြိုးနှင့်စည်သူအောင်သည် ညီအစ်ကိုဝမ်းကွဲတော်စပ်ကြပြီး သူတို့၏မိဘများသည် သူတို့ငယ်စဉ်ကတည်းကပင် မလေးရှားသို့ အလုပ်လုပ်ရန်ထွက်သွားကြသည်။ သုံးနှစ်၊ လေးနှစ်လောက်အထိ အဆက်အသွယ်ရပေမဲ့ နောက်ပိုင်းအဆက်အသွယ်ပြတ်သွားခဲ့ရသည်။ အာကာဖြိုးသည် အဘွားဖြစ်သူနှင့်အတူနေပြီး စည်သူအောင်ကတော့ အဒေါ်ဖြစ်သူနှင့်နေထိုင်သည်။

အဘွားဖြစ်သူကျန်းမာရေးမကောင်းတော့ အိမ်၏စားဝတ်နေရေးအတွက် အာကာဖြိုးကသာ ရှာဖွေခဲ့ရသည်။ စည်သူအောင်ကတော့ အဘွားဖြစ်သူနှင့်အတူနေချင်ပေမဲ့ အဒေါ်ဖြစ်သူက ခေါ်ယူစောင့်ရှောက်ထားခြင်းကိုခံရသည်။ အဒေါ်သည်အဖေ့ဘက်က တော်စပ်ပြီး အဘွားသည်အမေ့ဘက်မှ တော်စပ်ခြင်းဖြစ်သည်။ သို့သော် စည်သူအောင်၏ဘဝသည် အာကာဖြိုးလောက်မကြမ်းတမ်းပေမဲ့ သူ့အဘွားအတွက်တော့ သူလည်းရရင်ရသလို ရှာဖွေပေးလေ့ရှိသည်။

(၄)

ကလေးတွေကို စိတ်မချသောကြောင့် ဆရာမိုးဝေသည် ကျောင်းအုပ်ကြီးကို အကျိုးအကြောင်း ပြောပြ၍ အိမ်သို့လိုက်သွားခဲ့သည်။ အိမ်သို့ရောက်သောအခါ ကလေးတွေမရှိကြတော့ပေ။ မြစ်ထဲဆင်းရန်ပြင်နေသော လူငယ်လေးတစ်ယောက်ကို ဆရာမိုးဝေ မြင်လိုက်သောကြောင့် လှမ်းခေါ်ကာ မေးလိုက်သည်။

"ညီလေး ဒီမှာညီလေး"

ဆရာမိုးဝေ၏ ခေါ်သံကြောင့် လူငယ်လေးသည် နောက်ပြန်လှည့်ကာ-

"ဟုတ်ကဲ့ ဘာများမေးချင်လို့ပါသလဲဆရာ"

ဆရာမိုးဝေက အိမ်ငယ်လေးကို လက်ညှိုးထိုးပြလိုက်သည်။ အလိုက်သိသောလူငယ်လေးဟာ အရိပ်ပြလျှင် အကောင်းမြင်ဟန်ပေါ်သည်။ ဆရာမိုးဝေ၏ မေးခွန်းမလာခင်မှာပင် အကြောင်းစုံကို ရှင်းပြလိုက်တော့သည်။

"ဆရာလေးရဲ့ တပည့်နှစ်ယောက်ကိုလာရှာတာ ထင်ပါရဲ့။ စည်သူအောင်နဲ့ အာကာဖြိုးကိုလေ"

"ဟုတ် ဟုတ်ပါတယ်ဗျာ"

"ခုနတုန်းကပဲ သူတို့လေးတွေ စကားပြောနေတာကို ကြားလိုက်တယ်။ ဘာတဲ့ မနက်ဖြန်ဆိုသူတို့ဆရာရဲ့မွေးနေ့ရောက်ပြီတဲ့။ သူတို့ဆရာရဲ့ မွေးနေ့ကို ငါးတွေလက်ဆောင်ပေးရအောင်ဆိုပြီးတော့ ငါးဖမ်းဖို့အတွက် မြစ်ထဲကို သွားကြတယ်ထင်ပါရဲ့"

"ဗျာ. . ."

လူငယ်လေး၏ စကားကိုကြားလိုက်ရသောကြောင့် ဆရာမိုးဝေ တော်တော်အံ့အားသင့်သွားခဲ့သလို ကလေးတွေအတွက်လည်း တော်တော်ကိုစိတ်ပူသွားခဲ့ရသည်။ ထို့ကြောင့် ကလေးတွေနောက်ကို အချိန်မဆွဲဘဲ ကပျာကယာလိုက်သွားတော့သည်။

(၅)

ဆရာမိုးဝေ၏ စိတ်ထဲတွင်တော်တော်စိတ်မကောင်း ဖြစ်ခဲ့ရသည်။ တပည့်တွေသည် သူ့အပေါ် စိတ်ထားကောင်းမှန်းသိလိုက်ရသည်။ မြစ်ဆိပ်သို့ရောက်သောအခါ တပည့်နှစ်ယောက်ကို မတွေ့ရ။ ရေလုပ်သားတစ်ဦးကို တွေ့လိုက်ရသောကြောင့် ကလေးနှစ်ယောက်လာသည်ကို မြင်တွေ့လိုက်သေးလားဟု မေးလိုက်သည်။ ရေလုပ်သားကလည်း သူမြင်တွေ့လိုက်ရကြောင်း ကလေးနှစ်ဦးစလုံးလှေကိုလှော်ကာ မြောက်ဘက်စွန်းစွန်းကို ထွက်သွားကြောင်း ပြောပြလိုက်သည်။ ဆရာမိုးဝေ အရမ်းကို ပူပင်သွားရသည်။ အဘယ့်ကြောင့်ဆိုသော် ထိုမြောက် ဘက်စွန်းစွန်းတွင် ရေဝဲများရှိနေခြင်းကြောင့်ပင် ဖြစ်သည်။ ကလေးတွေ ရေဝဲထဲပါသွားရင်တော့ ဒုက္ခပါပဲဟု တွေးတောကာ စိတ်ပူမိနေတော့သည်။ သူအမြန်လိုက်ခေါ်ရန် ပြင်ဆင်လိုက်သည်။

"ကျွန်တော့်ကို လှေငယ်လေးတစ်စီးပေးလိုက်လို့ရမလားခင်ဗျာ။ ကျွန်တော်က ကျောင်းဆရာတစ်ဦးပါ။ စောစောကထွက်သွားကြတဲ့ ကလေးနှစ်ယောက်စလုံးက ကျွန်တော့်တပည့်လေးတွေပါဗျာ။ သူတို့နောက်ကို လိုက်သွားပြီး ပြန်ခေါ်ချင်လို့ပါ"

"ဟုတ်ကဲ့ ရပါတယ်ဗျာ။ ယူသွားပါ"

ဆရာမိုးဝေသည် လှေကိုမလှော်တတ်လှော်တတ်ဖြင့် လှော်ကာလိုက်သွားခဲ့သည်။ စိတ်ထဲတွင်လည်း ကလေးနှစ်ယောက် ဘာအန္တရာယ်မှ မဖြစ်ကြပါစေနှင့်ဟု ဆုတောင်းနေခဲ့မိသည်။ တပည့်နှစ်ယောက်အတွက် ဘာအန္တရာယ်မှ မကျရောက်လိုသောဇောဖြင့်လှော်ခတ်လိုက်သည်မှာ အဝေးသို့ရောက်သွားခဲ့သည်။ ရေဝဲရှိရာဘက်သို့ ဦးတည်ကာလှော်ခတ်နေကြသော တပည့်နှစ်ယောက်၏လှေငယ်လေးကို မလှမ်းမကမ်းက လှမ်းမြင်လိုက်ရသည်။ အဲဒီဘက်ကို မသွားကြရန်ဆရာမိုးဝေက လှမ်း၍အော်ပြောနေပါသော်လည်း တပည့်နှစ်ယောက်စလုံးမှာ ဆရာ၏အသံကိုမကြားကြပေ။ ဆရာမိုးဝေသည် သူ၏လှေကို မြန်သည်ထက်ပိုမြန်အောင် လှော်ခတ်လိုက်သည်။

"သားတို့ရေ သားတို့"

အသံသဲ့သဲ့လေးလာရာသို့ အာကာဖြိုးလှည့်ကြည့်လိုက်သည်။ ဆရာမိုးဝေကိုမြင်လိုက်ရတော့ သူတို့လန့်သွားကြသည်။ ဆရာဖြစ်သူ ပြောနေသောစကားတွေကို သူတို့မကြားနိုင်။ ဆရာ၏စကားသံတွေသည် လေထန်နေသောကြောင့် လေထဲတွင်လွင့်ပြယ်သွားဟန်ပေါ်သည်။

(၆)

"သားတို့ရေ အဲဒီဘက်ကိုမသွားကြပါနဲ့"

လှေအနားသို့ ဖြည်းဖြည်းချင်းကပ်လာသော ဆရာမိုးဝေ၏ စကားသံကိုသဲ့သဲ့လေးကြားလိုက်ရသည်။ ဆရာဖြစ်သူ၏ စကားသံကိုကြားလိုက်ရသောအချိန်တွင်အာကာဖြိုးတို့၏ လှေမှာ ဝဲထဲသို့ နစ်မြုပ်သွားပါတော့သည်။

"ဆရာ သားတို့ကိုကယ်ပါအုံးဆရာ"

"ဆရာလာပြီ ဆရာလာပြီသားတို့မကြောက်ကြနဲ့"

ဆရာမိုးဝေသည် ဝဲထဲနစ်မြုပ်သွားသောတပည့်နှစ်ဦးကို ကယ်တင်ရန်အတွက် လှေပေါ်မှ ဝဲထဲကို ခုန်ဆင်း လိုက်ပါသွားတော့သည်။ ဆရာမိုးဝေသည် အာကာဖြိုးနှင့် စည်သူအောင်ကို အချိန်မီကယ်ဆယ်နိုင်ခဲ့သော်လည်း သူ့အသက်ကိုတော့ သူ မကယ်တင်နိုင်ခဲ့ပေ။ ခြေကုန်လက်ပန်းကျကာ ရေဝဲ၏ဆွဲအားကြောင့် နောက်ဆုံးရေအောက်ထဲကို ပါသွားခဲ့ရပါတော့သည်။ ဒီနေ့သည် ဆရာဦးမိုးဝေ၏ ရက်လည်ဆွမ်းသွတ်သောနေ့ဖြစ်သည်။

"ဦးမိုးဝေ အသက်(၂၇)နှစ်" ဟူသော ဓာတ်ပုံအောက်တွင် အာကာဖြိုးနှင့် စည်သူအောင်တို့သည် အားပါးတရငိုနေကြသည်။ ဘယ်တော့မှပြန်မလာနိုင်တော့တဲ့ သူတို့ရဲ့ဆရာလေး၏ဓာတ်ပုံကို ကြည့်ကာ ယူကျုံးမရဖြစ်နေခဲ့သည်။ ဆရာဦးမိုးဝေသည် တံငါရွာတွင်လူသာသေသော်လည်း နာမည်မသေသောကြောင့် ရွာသူ၊ ရွာသားများအားလုံးက ချစ်ခင်လေးစားလျက်ရှိပြီးအမြဲတမ်းသတိရအောက်မေ့လေ့ရှိကြပါတော့သည်။

# ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၀၇၈၄၃ ဧက စိုက်ပျိုးမည်

ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

# နက်နဲသိမ်မွေ့သော ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၅၂၂

**စိန်လှိုင်ပိုလ်**

အကြောင်းအမျိုးမျိုးကြောင့် ပစ္စည်းလက်လွှတ်ခဲ့ရခြင်းအတွက် နစ်နာသူသည် တရားမကြောင်းဖြင့်သာ စွဲဆို၍ သက်သာခွင့်တောင်းဆိုနိုင်ကြောင်း သာမန်ပြည်သူအများက နားလည်သိရှိကြပါသည်။ သို့ရာတွင် ရာဇဝတ်မှုတွင်လည်း ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှု အနိုင်အထက်ပြုကျင့်မည့် ဟန်အမူအရာပြသမှု ရာဇဝတ်မကင်းသောခြောက်လှန့်မှုပါသည့် ပြစ်မှုတစ်စုံတစ်ရာအရ တရားစွဲဆိုခြင်းဖြင့် တရားရုံးက ပြစ်ဒဏ်ချမှတ်ခဲ့ပါလျှင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၅၂၂ (၁)အရ လက်ရှိဘဝမှ လက်လွှတ်သွားခဲ့ရသူသည် ရာဇဝတ်အထွေထွေမှုစွဲဆို၍ လက်ရောက်ပေးအပ်စေရန် လျှောက်ထားနိုင်ပါသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၅၂၂ / ၅၂၂ (၁) တို့သည် အသုံးနည်းခြင်းကြောင့် သိရှိသူလည်း နည်းပါသည်။ တရားရုံးတရားခွင်တွင် ကျင်လည်နေကြသော ဥပဒေပညာရှင်များမှအပ ပြည်သူအများကြားတွင် ခပ်စိမ်းစိမ်းဖြစ်ပါသည်။ သို့ဖြစ်၍ စိတ်ဝင်စားဖွယ်ကောင်းသော ပြည်သူအများလည်း သိသင့်သိထိုက်သော စီရင်ထုံးတစ်ခုကို အကြောင်းပြု၍ ရေးသားဖော်ပြပါဦးမည်။

စမ်းချောင်းမြို့နယ်တရားရုံး ၂၀၁၉ ခုနှစ် ရာဇဝတ်အထွေထွေမှုအမှတ်-၄၂ တွင် ဒေါ်ရွှေစဉ်စိုးက ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ်-၁၈၄ မှ တရားခံဒေါ်အေးအေးကြည်ပါ သုံးဦးတို့အပေါ် ရာဇသတ်ကြီးပုဒ်မ-၄၄၇ / ၂၉၄ (ခ)/ ၅၀၆ (ပထမပိုင်း)တို့အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ အဆိုပါတရားခံများ ကျူးကျော်နေသည့် အချင်းဖြစ်မြေကွက်ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၅၂၂(၁) အရ လက်ရောက်ပေးအပ်စေရန် လျှောက်ထားရာ ခွင့်ပြုပြီး တရားခံများ ကျူးကျော်နေသည့် အချင်းဖြစ်မြေကို တရားလိုသို့ ပြန်လည်ပေးအပ်စေရန် အမိန့်ချမှတ်ခဲ့ပါသည်။

အဆိုပါအမိန့်အပေါ် မူလတရားခံ ဒေါ်အေးအေးကြည်ပါ သုံးဦးတို့က ရန်ကုန် အနောက်ပိုင်းခရိုင်တရားရုံးသို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့လည်းကောင်း ပြင်ဆင်မှုများ အဆင့်ဆင့်တင်သွင်းလျှောက်ထားသော်လည်း အောင်မြင်မှုမရရှိပါ။ သို့ဖြစ်၍ အထူးအယူခံဝင်ခွင့်ရရှိရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၂၁ ခုနှစ်၊ ရာဇဝတ်အထွေထွေလျှောက်လွှာ(အထူး) အမှတ်- ၂၇ ကို တင်သွင်းလျှောက်ထားရာ အောက်ပါ ပြဿနာကို ကြားနာရန်ဆုံးဖြတ်၍ အထူးအယူခံဝင်ခွင့်ပြုခဲ့ပါသည်။

"စမ်းချောင်းမြို့နယ် တရားရုံးက ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ -၅၂၂ (၁)အရ အချင်းဖြစ်မြေကို တရားလိုသို့ ပြန်လည်ပေးအပ်စေရန် ချမှတ်သည့် အမိန့်အပေါ် တရားရုံး အဆင့်ဆင့်က အတည်ပြုခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မှန်ကန်မှုရှိ/ မရှိ"

**အမှုဖြစ်စဉ်အကျဉ်း**

အမှုမှာ ၂၀၁၇ ခုနှစ် ဧပြီ ၂၇ ရက်က ဒေါ်ရွှေစဉ်စိုး ဝယ်ယူပိုင်ဆိုင်သည့် မြေကွက်ပေါ်သို့ ဒေါ်အေးအေးကြည်ပါ သုံးဦးတို့က မတရားကျူးကျော်ဝင်ရောက်နေထိုင်သဖြင့် စမ်းချောင်းမြို့နယ်ရဲစခန်းသို့ တိုင်ကြားရာ စမ်းချောင်းမြို့နယ်တရားရုံး ၂၀၁၇ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ်-၄၅၃ တွင် ဒေါ်အေးအေးကြည်ပါ သုံးဦးတို့အပေါ် ၂၀၁၈ ခုနှစ် မတ် ၉ ရက်တွင် ရာဇသတ်ကြီးပုဒ်မ-၄၄၇ အရ ပြစ်မှုထင်ရှားစီရင်ခဲ့ပါသည်။

ထို့နောက် ၂၀၁၈ ခုနှစ် မတ် ၂၄ ရက်တွင် ဒေါ်ရွှေစဉ်စိုးနှင့် အဖွဲ့သည် အချင်းဖြစ်ခြံတွင် ကားဖြင့် သဲများချရာ ဒေါ်အေးအေးကြည်ပါ သုံးဦးတို့က ဆဲဆိုခြိမ်းခြောက်သဖြင့် ဒေါ်ရွှေစဉ်စိုးသည် ၎င်းပိုင်ခြံအတွင်း ဝင်ရောက်မရဘဲခြံကို **ထပ်မံလက်လွှတ်ဆုံးရှုံးခဲ့ရသဖြင့်** အရေးယူပေးပါရန် စမ်းချောင်းမြို့မရဲစခန်းသို့ ထပ်မံတိုင်ကြားခဲ့ရပါသည်။ စမ်းချောင်းမြို့နယ်တရားရုံး ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီးမှုအမှတ်-၁၈၄ တွင် ဒေါ်အေးအေးကြည်ပါ သုံးဦးအပေါ် ရာဇသတ်ကြီးပုဒ်မ-၄၄၇ / ၂၉၄ (ခ) / ၅၀၆ (ပထမပိုင်း) တို့ဖြင့် ပြစ်မှုထင်ရှားစီရင်ခဲ့ပါသည်။



ထို့နောက် စမ်းချောင်းမြို့နယ်တရားရုံး ရာဇဝတ်အထွေထွေမှုအမှတ်-၄၂ တွင် ဒေါ်ရွှေစဉ်စိုးက ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ်-၁၈၄ မှ တရားခံ ဒေါ်အေးအေးကြည်ပါ သုံးဦးတို့အပေါ် ရာဇသတ်ကြီးပုဒ်မ- ၄၄၇ / ၂၉၄(ခ) / ၅၀၆ (ပထမပိုင်း)တို့အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ အဆိုပါ တရားခံများ ကျူးကျော်နေသည့် အချင်းဖြစ်မြေကွက်ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၅၂၂ (၁)အရ လက်ရောက်ပေးအပ်စေရန် လျှောက်ထားရာမှ ပေါ်ပေါက်လာသောအမှုဖြစ်ပါသည်။

**အထူးအယူခံခုံရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၅၂၂ အရ အခွင့်အရေးတောင်းဆိုသူသည် မရွှေ့မပြောင်းနိုင်သော ပစ္စည်းတစ်ရပ်ရပ်ကို "လက်လွှတ်" (Dispossessed) ခဲ့ရသည်ဟု ပေါ်ပေါက်ရမည်ဖြစ်သည်။ ထိုသို့ လက်လွှတ်ရခြင်း၏အရင်းခံအကြောင်းတရားမှာ "ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှု သို့မဟုတ် အနိုင်အထက်ပြုကျင့်မည့် ဟန်အမူအရာပြသမှု သို့မဟုတ် ရာဇဝတ်မကင်းသော ခြောက်လှန့်မှုပါသည့် ပြစ်မှုတစ်စုံတစ်ရာကြောင့် ဖြစ်ရပေမည်။ ထိုအကြောင်းတရား၏ အကျိုးဆက်အဖြစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းတစ်ရပ်ရပ်ကို လက်လွှတ်ခြင်းဖြစ်ရမည်ဆိုသော ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၅၂၂ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန် အကြောင်းအကျိုးနှစ်ရပ်နှင့် ညီညွတ်ရမည်ဖြစ်ကြောင်း အထူးအယူခံခုံရုံးက ဦးစွာသုံးသပ်ခဲ့ပါသည်။

တစ်ဖန် **"လက်လွှတ်"** ဆိုသည့် စကားရပ်ကို အပြန်အလှန်ထောက်ရှုဆင်ခြင်သုံးသပ်ကြည့်ပါက ရာဇဝတ် ကျင့်ထုံးဥပဒေပုဒ်မ-၅၂၂ အရ **အခွင့်အရေးတောင်းဆိုသူသည် ထိုမတိုင်မီ ယခင်က အဆိုပါပစ္စည်းကို လက်ရှိဖြစ်နေကြောင်း ပေါ်ပေါက်ရမည်** ဟု ရုံးတော်က အလေးထားသုံးသပ်ခဲ့ပါသည်။ ယခုအမှုတွင် ဒေါ်ရွှေစဉ်စိုးသည် မှတ်ပုံတင်စာချုပ်ဖြင့် ၎င်းဝယ်ယူ လက်ရှိထားသော အချင်းဖြစ်မြေကွက်ကို ဒေါ်အေးအေးကြည်တို့က ဝင်ရောက်သည်ဟု စွပ်စွဲ၍ ဒေါ်အေးအေးကြည်တို့အပေါ် စမ်းချောင်းမြို့နယ်တရားရုံးတွင် ၂၀၁၇ ခုနှစ် ရာဇဝတ်ကြီးမှုအမှတ်-၄၅၃ ဖြင့် စွဲဆိုသောအမှုတွင် ရာဇသတ်ကြီးပုဒ်မ-၄၄၇ အရ အရေးယူဆောင်ရွက်ခဲ့ပြီး တရားခံ ဒေါ်အေးအေးကြည်ပါ သုံးဦးတို့ကို ၎င်းပုဒ်မဖြင့်ပင် ပြစ်မှုထင်ရှားစီရင်ခဲ့သည်ကိုလည်း ရုံးတော်က စိစစ်ဖော်ထုတ်ခဲ့ပါသည်။

ထို့နောက် အချင်းဖြစ်မြေပေါ်သို့ ဒေါ်ရွှေစဉ်စိုးက သဲများကားဖြင့် လာရောက်ချရာတွင်လည်း ဒေါ်အေးအေးကြည်တို့က သဲများချမရအောင် ဆဲဆိုကြိမ်းမောင်းသဖြင့် စမ်းချောင်းမြို့နယ်တရားရုံး ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီးမှုအမှတ်-၁၈၄ ဖြင့် ထပ်မံစွဲဆိုခဲ့ပြန်ပါသည်။ တရားရုံးက ဒေါ်အေးအေးကြည်ပါ သုံးဦးအပေါ် ရာဇသတ်ကြီးပုဒ်မ- ၄၄၇/ ၂၉၄ (ခ)/ ၅၀၆ (ပထမပိုင်း)တို့ဖြင့် အရေးယူဆောင်ရွက်ခဲ့ပြီး တရားခံ ဒေါ်အေးအေးကြည်တို့ကို ထိုပုဒ်မများဖြင့်ပင် ပြစ်မှုထင်ရှားစီရင်ခဲ့ကြောင်း ဖော်ထုတ်စိစစ်ခဲ့ပါသည်။

တရားလို ဒေါ်ရွှေစဉ်စိုးက ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီးမှုအမှတ်-၁၈၄ ဖြင့် စွဲဆိုသည့်အမှု စီရင်ချက်အမိန့်ချမှတ်ပြီး နှစ်ရက်အကြာတွင် ၎င်းလက်လွှတ်ခဲ့ရသည်ဟုဆိုသော အချင်းဖြစ်မြေကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၅၂၂ (၁)အရ ပြန်လည်ပေးအပ်စေသည့် အမိန့်ချမှတ်ပေးရန် အထွေထွေမှုလျှောက်ထားခြင်းအပေါ် စမ်းချောင်းမြို့နယ်တရားရုံးက ခွင့်ပြုခဲ့ပြီး အထက်တရားရုံးအဆင့်ဆင့်ကလည်း ဆက်လက် အတည်ပြုခဲ့သည်။ ထိုသို့ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၅၂၂(၁) အရ ခွင့်ပြုခဲ့သည့်အမိန့်သည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၅၂၂ ပါ အင်္ဂါရပ်နှင့် အမှန်တကယ် ညီညွတ်မှု ရှိ၊ မရှိ အထူးအယူခံရုံးတော်က ဆက်လက်စိစစ်ခဲ့ပါသည်။

တရားလို ဒေါ်ရွှေစဉ်စိုးက အချင်းဖြစ်မြေပေါ်သို့ တရားခံ ဒေါ်အေးအေးကြည်ပါ သုံးဦးတို့က **ယခင်ကျော်နင်းဝင်ရောက်ပြီး ဖယ်ရှားမပေးသည့်အတွက် ထပ်မံစွဲဆိုသည့်အမှုကို စီရင်ဆုံးဖြတ်ပြီး နှစ်ရက်အကြာတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၅၂၂ (၁) အရ လျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း၊** အမှုတွင်ပေါ်ပေါက်ချက်အရ တရားလို ဒေါ်ရွှေစဉ်စိုးသည် ၎င်းထပ်မံစွဲဆိုသည့် ရာဇဝတ်ကြီးမှုအမှတ်-၁၈၄ မစွဲဆိုမီ ၂၀၁၇ ခုနှစ် ရာဇဝတ်ကြီးမှု အမှတ်-၄၅၃ စွဲဆိုစဉ်ကတည်းက **အချင်းဖြစ်မြေကို လက်လွှတ်ထားရပြီးဖြစ်ကြောင်း တွေ့ရှိရသည်**ဟု အထူးအယူခံခုံရုံးတော်က စိစစ်သုံးသပ်ခဲ့ပါသည်။

၂၀၁၇ ခုနှစ် ရာဇဝတ်ကြီးမှုအမှတ်-၄၅၃ ဖြင့် စွဲဆိုရာတွင် ဒေါ်ရွှေစဉ်စိုးက အချင်းဖြစ်မြေကို လက်လွှတ်ရခြင်းမှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၅၂၂ အရ ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှု အနိုင်အထက်ပြုကျင့်မည့် ဟန်အမူအရာ ပြသမှု ရာဇဝတ်မကင်းသော ခြောက်လှန့်မှုပါသည့် ပြစ်မှုတစ်စုံတစ်ရာမျိုးကြောင့် မဟုတ်ဘဲ **ရာဇဝတ်မကင်းသော ကျော်နင်းမှုသက်သက်အတွက်ကြောင့်သာ လက်လွှတ်ရခြင်းဖြစ်ကြောင်း** တရားလိုဒေါ်ရွှေစဉ်စိုးသည် ထပ်မံစွဲဆိုသည့် ၂၀၁၈ခုနှစ် ရာဇဝတ်ကြီးမှုအမှတ်-၁၈၄ တွင် ရာဇဝတ်မကင်းသော ခြောက်လှန့်မှုမြောက်သည့် ပြစ်မှုကျူးလွန်ခြင်းခံရသည်မှန်သော်လည်း **ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၅၂၂ တွင် အကျုံးဝင်နိုင်ရန် နောက်ထပ်အင်္ဂါရပ်ဖြစ်သည့် ရာဇဝတ်မကင်းသော ခြောက်လှန့်မှုကြောင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းတစ်ရပ်ရပ်ကို လက်လွှတ်ခဲ့ရခြင်းဖြစ်ကြောင်း သက်သေထင်ရှားပြသရမည်ဖြစ်သည်။**

သို့သော်လည်း **ယခုမှု ထိုသို့သော အကြောင်းကြောင့် အကျိုးဆက်အဖြစ် လက်လွှတ်ခဲ့ရခြင်းမျိုး မဟုတ်ဘဲ ယခင်ကတည်းက လက်လွှတ်ခဲ့ရပြီးဖြစ်ကြောင်း အမှုတွင် ပေါ်ပေါက်နေသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၅၂၂ တွင် အကျုံးဝင်သည့် ပြစ်မှုတစ်စုံတစ်ရာကြောင့် လက်လွှတ်ခဲ့ရခြင်းမျိုးဖြစ်ကြောင်း မပေါ်ပေါက်သည်ကို အယူခံရုံးတော်က အလေးအနက်ထား ဆင်ခြင်သုံးသပ်ဝေဖန်ထောက်ရှုခဲ့ပါသည်။**

တစ်နည်းအားဖြင့် ယခင်က လက်လွှတ်ခဲ့ရပြီးဖြစ်သည်ဆိုခြင်းမှာလည်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၅၂၂ တွင် ပါရှိသော ပြစ်မှုတစ်စုံတစ်ရာမျိုးဖြင့် ကျူးလွန်ခြင်းမခံရမီက **ဒေါ်ရွှေစဉ်စိုးသည် မရွှေ့မပြောင်းနိုင်သောပစ္စည်းဖြစ်သည့် အချင်းဖြစ်မြေပေါ်တွင် လက်ရှိ မဟုတ်ဟူသော အဓိပ္ပာယ်ဖော်ဆောင်နေကြောင်း** ရုံးတော်က ထပ်ဆင့်ဝေဖန်စိစစ်ခဲ့ပါသည်။ သို့ဖြစ်ရာ ဒေါ်ရွှေစဉ်စိုး၏ လျှောက်ထားမှုအပေါ် ခွင့်ပြုခဲ့ခြင်းမှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၅၂၂(၁)ပါ အင်္ဂါရပ်များနှင့် ညီညွတ်ခြင်းမရှိသည်ကို သုံးသပ်တွေ့ရှိရသည့်အတွက် အရေးယူလောက်သော ဥပဒေပြဿနာအပေါ် အောက်ပါအတိုင်း ဖြေကြားလိုက်ပါသည်။

**"စမ်းချောင်းမြို့နယ် တရားရုံးက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ- ၅၂၂ (၁)အရ အချင်းဖြစ်မြေကို တရားလိုသို့ ပြန်လည်ပေးအပ်စေရန်ချမှတ်သည့် အမိန့်အပေါ် တရားရုံးအဆင့်ဆင့်က အတည်ပြုခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မှန်ကန်မှုမရှိကြောင်း"**

ထို့ကြောင့် ဤရာဇဝတ်အထူးအယူခံမှုကို ခွင့်ပြုပြီး စမ်းချောင်းမြို့နယ်တရားရုံးက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၅၂၂ (၁)အရ အချင်းဖြစ်မြေကို တရားလို ဒေါ်ရွှေစဉ်စိုးသို့ ပြန်လည်ပေးအပ်စေရန် ချမှတ်သည့်အမိန့်နှင့် ၎င်းအမိန့်ကိုအတည်ပြုသည့် တရားရုံးအဆင့်ဆင့်၏ အမိန့်တို့ကို အထူးအယူခံခုံရုံးက ပယ်ဖျက်လိုက်ပါသည်။

မူလမြို့နယ်တရားရုံးအပါအဝင် ခရိုင်တရားရုံး၊ တိုင်းဒေသကြီးတရားလွှတ်တော်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့ထိ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၅၂၂ အပေါ် ရှုမြင်သုံးသပ်ဆုံးဖြတ်ချက်များကို အထူးအယူခံခုံရုံးက ထောက်ရှုဝေဖန်တည့်မတ်ပေးလိုက်ခြင်းသည် ဥပဒေသမားများအတွက်သာမက ပြည်သူများအတွက်ပါ အထူးပင်တန်ဖိုးကြီးမားလှသဖြင့် **ဒေါ်အေးအေးကြည်ပါ ၃ နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ပါ ၂ ၂၀၂၁ ခုနှစ်၊ ရာဇဝတ်အထူးအယူခံမှုအမှတ်-၁၀ စီရင်ထုံး**ကို ရည်ညွှန်းကိုးကား ရေးသားဖော်ပြလိုက်ရပါသည်။

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးခြောက်မျိုးစုံပိဿာချိန် ၈၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ကျိုက်လတ် ဇူလိုင် ၉**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးခြောက်အစုံ ပိဿာချိန် ၈၈၀၀၀ ထိတင်ပို့ရောင်းချခဲ့ရကြောင်း ကျိုက်လတ်မြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်မာက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်းက ငါးခြောက်အစုံပိသာချိန် ၅၅၀၀၀ ထိသာ ရောင်းချနိုင်ခဲ့ပြီး ဇွန် ၁ ရက်မှ ၃၀ ရက်ထိ ငါးခြောက်အစုံပိဿာချိန် ၈၈၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချနိုင်ခဲ့သည့် ငါးခြောက်အမျိုးအစားများသည် ငါးကွမ်းရှပ်(ငါးညို)ခြောက်၊ ငါးလိပ်ကျောက်ခြောက်၊ ငါးပြေမခြောက်၊ ငါးဖောင်ရိုးခြောက်၊ ငါးတံခွန်ခြောက်၊ အာပုံခြောက် စသည့်ငါးခြောက်အမျိုးအစားများကို အများဆုံး တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသကထွက်တဲ့ ပင်လယ်ငါးခြောက်အစုံကို စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေပါတယ်။ ပင်လယ်ငါးခြောက်တွေကတော့ ပြည်တွင်းမှာကို စားသုံးသူများလို့ ဝယ်ယူမှု များနေတာဖြစ်ပါတယ်။ ဇွန်လအတွင်း ငါးခြောက်အစုံ ပိဿာချိန် ၈၈၀၀၀ ထိ ရောင်းချခဲ့ရပါတယ်။ ဒေသထွက်ငါးခြောက်တွေကို ရန်ကုန်ဈေးကွက်ကအဝယ်လိုက်နေလို့ တင်ပို့မှုများပြားခဲ့တာပါ။ ဒီလထဲမှာလဲ ငါးခြောက်ဝယ်လိုအားကောင်းနေပါတယ်"ဟု ၎င်းကပြောပြသည်။

အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးခြောက်ဈေးနှုန်းများမှာ ငါးဖောင်ရိုးခြောက်တစ်ပိဿာလျှင် ငွေကျပ် ၂၁၅၀၀၊ ငါးကွမ်းရှပ်(ငါးညို) တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀၊ ပင်လယ်ငါးပြေမ ငါးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၅၇၀၀၀၊ ငါးလိပ်ကျောက်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၄၉၅၀၀၊ ငါးတံခွန်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၄၀၅၀၀၊ အာပုံခြောက်တစ်ပိဿာလျှင် ငွေကျပ် ၂၉၅၀၀ ပေါက်ဈေးရှိကြောင်း ကျိုက်လတ်မြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်မာက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# လှည်းကူးမြို့နယ် တောအင်းစိန်ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်း

**လှည်းကူး ဇူလိုင် ၉**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဆောင်ရွက်မည့် တောအင်းစိန်ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

ဈေးဦးစွာ လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီရွေးချယ်ရာတွင် လိုက်နာရန်အချက်များ၊ ကော်မတီဝင်များ၏တာဝန်များနှင့် အကျိုးဝင်သော စီမံကိန်းလုပ်ငန်းခွဲများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

လှည်းကူးမြို့နယ် တောအင်းစိန်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အိပိုးပိုး**

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၉၀၁ ကေထိစိုက်ပျိုးပြီးစီး

**ကျွန်းလှ ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၉၀၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၄၁၂ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲတီစိမ်း ၃၉၀၁ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။



"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ ပဲတီစိမ်း ၅၄၁၂ ကေထိစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၃၉၀၁ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးတာနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ဖို့ အထွက်နှုန်းကောင်းမွန်စေဖို့ မျိုးကောင်းမျိုးသန့်တွေသုံးစွဲနိုင်ဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ယခုနှစ် ကျွန်းလှမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိစေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းစေရေး၊ ဓာတ်မြေဩဇာများစနစ်တကျသုံးစွဲစေရေးစသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရန်အတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးလုပ်ငန်းဆောင်ရွက်ခြင်းတို့ကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# တောင်တွင်းကြီးမြို့နယ် သပြေပင်ကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းစစ်ဆေး

**တောင်တွင်းကြီး ဇူလိုင် ၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေကို အိမ်တိုင်ရာရောက် ရယူသုံးစွဲနိုင်စေရန်ရည်ရွယ်၍ တောင်တွင်းကြီးမြို့နယ် ကင်မွန်းတောင်ကျေးရွာအုပ်စု သပြေပင်ကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာသောက်သုံးရေရရှိရေးကော်မတီဝင်များနှင့် အတူ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ကျေးရွာသောက်သုံးရေရရှိရေးကော်မတီဝင်များနှင့်တင်ဒါအောင်မြင်သည့် ရွှေပန်းအောင်ကုမ္ပဏီမှ တာဝန်ရှိသူများကို သတ်မှတ်ကာလအတွင်း လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနိုင်ရေး အလေးထား ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

တောင်တွင်းကြီးမြို့နယ် ကင်မွန်းတောင်ကျေးရွာအုပ်စု သပြေပင်ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၉ ဒသမ ၄၃ သန်းဖြင့် လေးလက်မ PVC ပိုက် အရှည် ၁၂၆၅ ပေ၊ သုံးလက်မ PVC ပိုက် အရှည် ၁၆၅၈ ပေ၊ နှစ်လက်မ PVC ပိုက်အရှည် ၂၇၇၃ ပေ၊ တစ်လက်မခွဲ PVC ပေ ၅၂၀နှင့် တစ်လက်မ PVC ပိုက်အရှည် ၁၉၃၅ ပေ အတိုင်းအတာရှိ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ပူးပေါင်း၍ တင်ဒါအောင်မြင်သည့် ရွှေပန်းအောင်ကုမ္ပဏီမှ ယခုနှစ် ဇွန်လတတိယပတ်မှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ၄၂၃ အိမ်၊ လူဦးရေ ၂၂၇၄ဦးတို့အတွက် အိမ်တိုင်ရာရောက် သန့်ရှင်းသော သောက်သုံးရေကို အလွယ်တကူ ရရှိမည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးခုတ်မွန်းလျှန်ထံမှ သိရသည်။ **နွဲ့ယဉ်**

# မိုင်းလားမြို့နယ် ပန်ယောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းလား ဇူလိုင် ၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားခရိုင် မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ပန်ယောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းကို ဇူလိုင် ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ မိုင်းလားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ညီညီက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ပန်ယောင်းကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပန်ယောင်းကျေးရွာရှိ အသင်းသား၊ အသင်းသူ ၃၃ ဦးကို စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ရန် ငွေကြေးအရင်းအနှီးများ ရရှိစေရေး ၁၁ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ငွေကျပ်သိန်း ၄၀၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ညီညီက သိရသည်။

**ရိုသန်းညွန့်**

# ချဉ်သောအသီးများ၏ ကျန်းမာရေးဆိုင်ရာကောင်းကျိုးများ

ခိုင်ဇင်

ချဉ်တဲ့အသီးတွေမှာ ဗီတာမင်စီဓာတ်ကြွယ်ဝစွာပါဝင်ပါတယ်။ ဗီတာမင်စီက အနာကျက်မြန်စေသလို ရောင်ရမ်းမှုကိုသက်သာစေပြီး အသားအရေ အိုမင်းရင့်ရော်မှုကိုတားဆီးပေးတဲ့ ကော်လာဂျင်ထွက်ရှိမှုကို လှုံ့ဆော်ပေးပါတယ်။ ဒါ့ပြင် ကိုယ်ခံအားကို မြှင့်တင်ပေးပါတယ်။ ဒါကြောင့် ကျန်းမာရေးကောင်းပြီး အသားအရေစိုပြည်လှပချင်တယ်ဆိုရင် စားပေးသင့်တဲ့ အသီးတွေပဲဖြစ်ပါတယ်။ အောက်မှာဖော်ပြပေးသွားမှာကတော့ ချဉ်တဲ့အသီးတွေထဲက အချို့ပဲဖြစ်ပါတယ်။

**တာ့ထ်ချယ်ရီသီး**



ချယ်ရီသီးမှာ ချဉ်တဲ့အသီးနဲ့ ချိုတဲ့အသီးဆိုပြီး နှစ်မျိုးရှိပါတယ်။ တာ့ထ်ချယ်ရီသီးက ချဉ်တဲ့အရသာရှိတဲ့ချယ်ရီသီးဖြစ်ပြီး ကြက်သွေးရောင်ရှိပါတယ်။ ချိုတဲ့ချယ်ရီသီးကတော့ အနီရောင်ရှိပါတယ်။ တာ့ထ်ချယ်ရီသီးဟာ အဆစ်အမြက်နဲ့ ကြွက်သားတွေ ရောင်ရမ်းစေတဲ့အင်ဇိုင်းတွေကို ရပ်တန့်စေတဲ့ ဓာတ်တိုးဆန့်ကျင်ဓာတ်တွေ မြင့်မားစွာပါဝင်တာကြောင့် နှလုံးသွေးကြောဆိုင်ရာရောဂါတွေဖြစ်နိုင်ခြေကို လျော့နည်းစေပါတယ်။ ဒါ့ပြင် မကောင်းတဲ့ကိုလက်စထရောကိုလျှော့ချပေးနိုင်ပါတယ်။ တာ့ထ်ချယ်ရီသီးက အိပ်စက်ခြင်းကို ပိုမိုကောင်းမွန်စေကာ မှတ်ဉာဏ်စွမ်းရည်ကို မြှင့်တင်ပေးနိုင်ပါတယ်။ ဒါ့ပြင် ဦးနှောက်လုပ်ဆောင်ချက်တွေကို ပိုမိုကောင်းမွန်စေပြီး စိတ်ဖိစီးမှုအဆင့်ကို လျှော့ချပေးနိုင်တဲ့အတွက် မှတ်ဉာဏ်နဲ့အချက်အလက်လုပ်ဆောင်မှုကို ပိုမိုတိုးတက်စေပါတယ်။ ချယ်ရီသီးစားသုံးခြင်းက ယူရစ်အက်စစ်ပမာဏကို လျော့ကျစေပြီး ဂေါက်ရောဂါဝေဒနာကို သက်သာစေပါတယ်။

**မန်ကျည်းသီး**



မန်ကျည်းသီးက အပူပိုင်းဒေသမှာ ပေါက်ရောက်တဲ့အသီးတစ်မျိုးဖြစ်ပြီး သူ့မှာဆေးဖက်ဝင်တဲ့ အာနိသင်တွေရှိပါတယ်။ မန်ကျည်းသီးက အမျှင်ဓာတ်ကြွယ်ဝတဲ့အသီးဖြစ်တာကြောင့် ဝမ်းမှန်စေပြီး အစာအိမ်နဲ့ အူလမ်းကြောင်းကို သန့်စင်စေပါတယ်။ ဒါ့ပြင် မန်ကျည်းသီးက အသည်း၊ အူမကြီးနဲ့ အခြားအစာခြေအင်္ဂါအစိတ်အပိုင်းတွေကို ကျန်းမာစေပါတယ်။ မန်ကျည်းသီးမှာ သံဓာတ်ကြွယ်ဝစွာပါဝင်ပြီး သွေးလည်ပတ်မှုကို ကောင်းမွန်စေပါတယ်။ မန်ကျည်းသီးက နေ့စဉ်လိုအပ်တဲ့သံဓာတ်ကို ပံ့ပိုးပေးနိုင်ပါတယ်။ သံဓာတ်က သွေးနီဥဆဲလ်တွေကို တိုးစေပါတယ်။ ဒါ့ပြင် ဆဲလ်တွေနဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေဆီကို အောက်ဆီဂျင်ပံ့ပိုးပေးမှုကိုလဲ အထောက်အကူပေးပါတယ်။ အသက်အရွယ်ရလာတာနဲ့အမျှ အာရုံကြောစနစ်တွေရဲ့လုပ်ငန်းစဉ်တွေ လျော့ရဲလာမှုကို မန်ကျည်းသီးက ပြန်လည်တိုးမြှင့်ပေးနိုင်ပါတယ်။ မန်ကျည်းသီးမှာ အာရုံကြောရဲ့ လုပ်ငန်းစဉ်တွေနဲ့ မှတ်ဉာဏ်ကောင်းစေတဲ့ ဗီတာမင် B6 ကြွယ်ဝစွာ ပါဝင်ပါတယ်။ မန်ကျည်းသီးက သွေးတွင်းအချိုဓာတ်ကို ထိန်းညှိရာမှာ အထောက်အကူပြုပါတယ်။ မန်ကျည်းသီးက သကြားဓာတ်နဲ့အဆီဓာတ် တွေ ဖွဲ့စည်းမှုကိုဖြစ်ပေါ်စေနိုင်တဲ့ ကာဗိုဟိုက်ဒရိတ်စုပ်ယူမှုကို နှေးကွေးစေနိုင်သလို အင်ဆူလင်ပမာဏကိုလဲ တိုးစေနိုင်ပါတယ်။ ဒါကြောင့် ဆီးချိုဝေဒနာရှင်တွေအနေနဲ့ မန်ကျည်းသီးကို စားသုံးပေးသင့်ပါတယ်။ မန်ကျည်းသီးမှာ ရောင်ရမ်းမှုကိုတိုက်ဖျက်နိုင်တဲ့အစွမ်းရှိသလို ဗက်တီးရီးယားတွေကိုတိုက်ဖျက်နိုင်တဲ့အစွမ်း၊ ရောဂါကာကွယ်နိုင်တဲ့အစွမ်းတွေလဲရှိပါတယ်။ ကိုယ်ခံအားစနစ်ကို တိုးတက်အောင်လဲ အထောက်အကူပြုပါတယ်။ မန်ကျည်းသီးက နှလုံးကိုလဲ ကောင်းမွန်စေပါတယ်။ မန်ကျည်းသီးက ကိုလက်စထရောကို ထိထိရောက်ရောက် ထိန်းညှိပေးနိုင်ပါတယ်။ ခန္ဓာကိုယ်အတွက်အကျိုးမပြုတဲ့ ကိုလက်စရောကို ကျဆင်းစေပြီး အကျိုးပြု ကိုလက်စထရောကိုတိုးတက်အောင် လုပ်ဆောင်ပေးပါတယ်။ ပိုတက်ဆီယမ်ဓာတ်ကြွယ်ဝစွာပါဝင်တာကြောင့် သွေးပေါင်ချိန်ကို ထိန်းညှိပေးပါတယ်။ ဗီတာမင်စီကြွယ်ဝမှုကလဲ နှလုံးသွေးကြောစနစ်အပေါ်မှာ ဖိအားသက်ရောက်မှုတွေကို လျော့ကျစေပါတယ်။

**သရက်သီးစိမ်း**



သရက်သီးစိမ်းမှာ ဗီတာမင်စီကြွယ်ဝတာကြောင့် ကိုယ်တွင်းခုခံအားစနစ်ကိုတိုးတက်လာစေပြီး ရောဂါတွေကို တိုက်ထုတ်ပေးနိုင်တဲ့အပြင် သွားဖုံးသွေးယိုတာနဲ့ အခြားသွေးအားနည်းရောဂါတွေကိုတောင် ကာကွယ်ပေးနိုင်ပါတယ်။ သရက်သီးမှာ ဓာတ်တိုးဆန့်ကျင်ပစ္စည်းပါဝင်တဲ့အတွက် ကိုယ်တွင်းက မကောင်းတဲ့ ဓာတုအဆိပ်အတောက်တွေကို ဖယ်ရှားပေးပါတယ်။ ဒါ့ပြင် သရက်သီးစိမ်းဟာ ဆဲလ်အသစ်တွေဖြစ်ပေါ်မှုကိုအားပေးတဲ့အတွက် အရေးအကြောင်းပေါ်တာ၊ အရွယ်မတိုင်ခင်အိုမင်းရင့်ရော်တာတွေကို တားဆီးပေးနိုင်ပါတယ်။ ကင်ဆာရောဂါကိုလဲ ကာကွယ်ပေးနိုင်ပါတယ်။ သရက်သီးအစိမ်းမှာပါတဲ့ အမျှင်ဓာတ်က အဆာခံစေလို့ ကိုယ်အလေးချိန်ကို ထိန်းပြီးသားဖြစ်စေပါတယ်။ သရက်သီးစိမ်းစားပေးတာက ဝမ်းမှန်စေတဲ့အပြင် အစာအိမ်တွင်းက အက်စစ်ဓာတ်ကိုပြေလျော့စေတဲ့အစွမ်းသတ္တိကြောင့် အစာခြေရည်ပြန်ဆန်တက်လို့ ရင်ပူတာနဲ့အစာမကြေတာကိုလဲ သက်သာစေပါတယ်။ ဒါ့ပြင် သည်းခြေရည်တွေပိုထွက်အောင် လှုံ့ဆော်ပေးနိုင်တဲ့ အစွမ်းသတ္တိကြောင့် ကိုယ်တွင်းက မကောင်းတဲ့အဆိပ်တွေကို ဖယ်ရှားပေး သန့်စင်ပေးနိုင်ပါတယ်။ သရက်သီးစိမ်းမှာပါဝင်တဲ့ ပိုတက်ဆီယမ်ဓာတ်ရဲ့ သွေးကြောတွေကို ပြေလျော့စေတဲ့အာနိသင်ကြောင့် သွေးပေါင်ချိန်မှန်အောင်ထိန်းညှိပေးနိုင်တဲ့အပြင် နှလုံးကြွက်သားကိုလဲ အားကောင်းစေပါတယ်။ သရက်သီးစိမ်းမှာပါဝင်တဲ့ ဗီတာမင်စီနဲ့ဗီတာမင်အေ နှစ်မျိုးစလုံးဟာ အသားအရေအတွက် အထူးလိုအပ်တဲ့ဗီတာမင်တွေဖြစ်တာကြောင့် သရက်သီးစိမ်းစားသုံးခြင်းဟာ အသားအရေကို သန့်ရှင်းစိုပြည်စေပါတယ်။ ဗီတာမင်အေကြွယ်ဝတာကြောင့် မျက်စိနဲ့ ဆံပင်အတွက်လဲ ကောင်းမွန်စေမှာဖြစ်ပါတယ်။

**မက်မန်းသီး**



မက်မန်းသီးမှာပါတဲ့ ဖလာဗိုနွိုက်ဓာတ်တွေက အရိုးကျန်းမာရေးအတွက် အထောက်အကူပြုတာကြောင့် အရိုးတစ်ရှူးတွေ ယိုယွင်းပျက်စီးတာကိုတားဆီးပေးပြီး အရိုးပွရောဂါကို ကာကွယ်ပေးပါတယ်။ ဒါ့ပြင် မက်မန်းသီးမှာပါဝင်တဲ့ ပိုတက်ဆီယမ်နဲ့ ပိုလီဖီနော ဓာတ်တွေက အရိုး ထုထည်ကို အားဖြည့်ပေးပါတယ်။ မက်မန်းသီးဟာ အဝလွန်တာနဲ့ ရောင်ရမ်းမှုကိုတားဆီးပေးတဲ့ အာနိသင်ရှိ ဘိုင်အိုအက်တစ်ဓာတ်ပေါင်းတွေ၊ ဖလာဗိုနွိုက်ဓာတ်တွေပါဝင်တဲ့အတွက် ကိုလက်စထရောများတာ၊ ဆီးချို၊ သွေးချိုတက်တာနဲ့ နှလုံးသွေးကြောကျဉ်းရောဂါတွေလိုမျိုး အဝလွန်တာနဲ့ဆက်နွှယ်တဲ့ပြဿနာတွေမဖြစ်အောင် ကာကွယ်တားဆီးပေးနိုင်ပါတယ်။ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးတဲ့ အာနိသင်ကြောင့် ဆီးချိုရောဂါအတွက် အထောက်အကူဖြစ်စေပြီး သူ့မှာပါတဲ့ ဖလာဗိုနွိုက်ဓာတ်တွေက ဆီးချိုဝေဒနာရှင်တွေမှာ အဖြစ်များတဲ့ အင်ဆူလင်မတုံ့ပြန်နိုင်တဲ့ပြဿနာကို ကာကွယ်ပေးပါတယ်။ အမျှင်ဓာတ်ကြွယ်ဝတာကြောင့် အစာခြေစနစ်ကို ကောင်းမွန်စေပါတယ်။ မက်မန်းသီးက ဝမ်းချုပ်တာလို အစာခြေစနစ်ပြဿနာတွေကို သက်သာစေပါတယ်။ ဒါ့ပြင် ဦးနှောက်ဉာဏ်ရည်တိုးတက်စေကာ အသက်အရွယ်ရလာတဲ့အခါဖြစ်တတ်တဲ့ မှတ်ဉာဏ်ယိုယွင်းမှုတွေကို ကာကွယ်ပေးနိုင်ပါတယ်။ မက်မန်းသီးမှာပါတဲ့ အကျိုးပြုဖိုတိုန်ျူထရီးရန့်အာဟာရဓာတ်တွေကြောင့် လေ့လာသင်ယူနိုင်စွမ်းနဲ့မှတ်ဉာဏ်ကို တိုးတက်စေတဲ့အပြင် ပုံမှန်စားမယ်ဆိုရင် အယ်ဇိုင်းမားနဲ့ ပါကင်ဆန် ရောဂါဖြစ်နိုင်ခြင်းကို ကာကွယ်ပေးပါတယ်။

**ပင်မှည့်သီး**



ပင်မှည့်သီးဟာ ရေဓာတ်ကြွယ်ဝတဲ့အတွက် ဖျော်ရည်အနေနဲ့သောက်မယ်ဆိုရင် ချက်ချင်းလန်းဆန်းကာ ရေဆာတာမျိုးမဖြစ်စေဘဲ ခံတွင်းရှင်းစေပါတယ်။ သူ့ရဲ့အချဉ်ဓာတ်ကြောင့် ဗီတာမင်စီ ကြွယ်ဝတယ်ဆိုတာ သိကြမှာဖြစ်ပါတယ်။ ပင်မှည့်သီးဟာ နှလုံးကြွက်သားတွေနဲ့ သွေးကြောတွေအတွက် လိုအပ်တဲ့ ပိုတက်ဆီယမ်ဓာတ်ကြွယ်ဝတဲ့ အသီးလဲဖြစ်ပါတယ်။ ဒါ့ပြင် အမျှင်ဓာတ်၊ သံဓာတ်နဲ့ ကယ်လ်ဆီယမ်ဓာတ်တွေ ကြွယ်ဝစွာပါတဲ့ အသီးတစ်မျိုးဖြစ်တဲ့အတွက် ခုခံအားကောင်းစေပြီး ပြင်ပကဝင်လာမဲ့ရောဂါပိုးတွေကို ကူပြီးတိုက်ထုတ်ပေးမှာဖြစ်ပါတယ်။ ပင်မှည့်သီးက အစာကြေစေတဲ့အပြင် အစာခြေစနစ်ကို ကူညီပေးတဲ့အတွက် အစာအိမ်သမားတွေအတွက် စားသင့်တဲ့အသီးတစ်မျိုးပါ။ ဒါ့ပြင် ဓာတ်မတည့်တဲ့အခါ အဖုအပိမ့်ထွက်တာ၊ ကိုယ်တွင်းရောင်ရမ်းတာတွေကို သက်သာစေတဲ့အပြင် ပန်းနာရင်ကျပ်သမားတွေ ဆောင်ထားသင့်တဲ့ အသီးတစ်မျိုးဖြစ်ပါတယ်။ ပင်မှည့်သီးဟာ ဖလာဗိုနွိုက်ဓာတ်ကြွယ်ဝတာကြောင့် မျက်လုံးကျန်းမာရေးကို အကျိုးပြုတဲ့ အသီးဖြစ်ပါတယ်။

အထက်မှာဖော်ပြပေးခဲ့တာကတော့ အချဉ်ဓာတ်ပါတဲ့အသီးတွေပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလဲ အလွယ်တကူဝယ်ယူစားသုံးနိုင်တဲ့ အသီးတွေဖြစ်ပြီး ကျန်းမာရေးကောင်းကျိုးများစွာရှိပါတယ်။ ဒါပေမဲ့ တန်ဆေး၊ လွန်ဘေးဖြစ်တတ်တာမို့ သတိနဲ့ဆင်ခြင်စားသုံးဖို့တော့ လိုမှာဖြစ်ပါတယ်။

**ကိုးကား**

- **The surprising benefits of sour food**
- **The Health Benefits of Sour Foods**

# စာပေနှင့်လူ့အဖွဲ့အစည်း

ဇင်မင်းစိုး(ဗိုလ်ကလေး)

စာပေသည် လောကအလင်းရောင်ဖြစ်သည်။ မြန်မာတို့သည် စာပေကို အလွန်မြတ်နိုးကာ တန်ဖိုးထားလေးစားလျက်ရှိသည်ကို "စာတစ်လုံး ဘုရားတစ်ဆူ"ဟူ၍လည်းကောင်း၊ "နှုတ်တစ်ရာ စာတစ်လုံး" ဟူ၍လည်းကောင်း တင်စားပြောဆိုကြပါသည်။ စာပေသည် လောကကောင်းကျိုး၊ ဘဝကောင်းကျိုးတို့ကို ညွှန်ပြနိုင်သည်။ စာမတတ်၊ စာမဖတ်ပါက အသိဉာဏ်ဗဟုသုတမပြည့်စုံသောကြောင့် မည်သည့်အရာမျှ အောင်မြင်ပေါက်မြောက်အောင် ဆောင်ရွက်နိုင်မည်မဟုတ်ပေ။

စာပေကို လူတိုင်းဖတ်ရှုနိုင်ရန် ပုဂံခေတ်ကပင် ကျောက်စာ၊ မင်စာ၊ ပေစာများဖြင့် မှတ်တမ်းတင်ခဲ့ပါသည်။ ပုဂံခေတ် ကျောက်စာ၊ မင်စာ၊ ပေစာများသည် မြန်မာတို့၏ ယဉ်ကျေးမှုမှတ်တမ်းများသာမက ပုဂံခေတ်လူ့အဖွဲ့အစည်း၏ စာတတ်မြောက်မှုကို အလေးအနက်ထားဖော်ပြသည်ဟု ဆိုနိုင်ပါသည်။

"စာပေ"ဟူသည် လူမျိုးတိုင်းက မိမိတို့တစ်မျိုးသားလုံး သိအပ်၊ တတ်အပ်၊ နားလည်အပ်သောအသိပညာများကို ဖတ်ရှု၊ ရေးသား၊ လေ့လာ၊ ဆည်းပူးနိုင်ရန် တီထွင်ထားသော လူမျိုးတိုင်းအတွက် မရှိမဖြစ်အရေးကြီးလှသည့် ယဉ်ကျေးမှုဆိုင်ရာ ဂုဏ်ဒြပ်တစ်ခုပင်ဖြစ်ပါသည်။ ထို့ကြောင့် စာပေကို မဖြစ်မနေတတ်မြောက်အောင် သင်ယူကြရမှာဖြစ်သကဲ့သို့ စာဖတ်ကြရန်လည်း အရေးကြီးပါသည်။ စာပေသည် နားလည်တတ်မြောက်ခြင်း၏ သင်္ကေတ၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုရေသောက်မြစ်၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုဟုဆိုကြလျှင် စာပေမရှိခြင်း သို့မဟုတ် စာမတတ်ခြင်းသည် မသိနားမလည်ခြင်း၊ ဆင်းရဲနိမ့်ကျခြင်း၊ ကြမ်းတမ်းရိုင်းပျခြင်းများပင်ဖြစ်ပါသည်။

"မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို
ရှာ၍မပြတ်၊ အိမ်တွင်ဖတ်က
ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက
သားမယားပင်
သိမြင်ကင်းကွာ၊ မလိမ္မာလည်း
စာပေစကား၊ နေ့တိုင်းကြားက
ထူးခြားလိမ္မာ၊ ရှိသည်သာတည်း" ဟူ၍ ရှင်မဟာရဋ္ဌသာရက ဆုံးမလမ်းညွှန်ခဲ့ရာ စာပေ၏တန်ဖိုး၊ စာတတ်ခြင်း၏ အကျိုးကျေးဇူးတို့ကို သိမြင်ရပါသည်။ စာပေသည် လူ့အဖွဲ့အစည်းနှင့် လူသားကောင်းကျိုးအတွက် များစွာအထောက်အကူပြုသည်။

မြန်မာလူမျိုးတို့သည် ခေတ်အဆက်ဆက် စာပေကို ကောင်းစွာတတ်မြောက်ကြပါသည်။ ရာနှုန်းပြည့်နီးပါး အမျိုးသား၊ အမျိုးသမီးများပါမကျန် စာကို ကောင်းမွန်စွာတတ်မြောက်ကြောင်း အထောက်အထားများ ခိုင်မာစွာရှိသည်။

သူ့ကျွန်ဘဝကျရောက်သွားသောအခါ ပညာသင်စရိတ်ကြီးမြင့်ခြင်း၊ နယ်ချဲ့တို့၏ နှိမ့်ချခြင်းနှင့်စစ်ဘေးစစ်ဒဏ်ကြောင့် စာတတ်မြောက်မှု နည်းပါးခဲ့ရလေသည်။ စာမတတ်ခြင်းကြောင့် သူတစ်ပါးကြိုးဆွဲသလိုကခဲ့ရလေသည်။ သူတစ်ပါးဖိနှိပ်သမျှ ခံခဲ့ရသည်။ စာမတတ်မြောက်မှုဒဏ်ကို ကျေးလက်ဒေသက မြို့ပြဒေသများထက် ပို၍ခံစားကြရလေသည်။

လွတ်လပ်ရေးရလာပြီးနောက် တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးတွင် စာတတ်မြောက်ရေးသည် အခြေခံကျသောကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးက စာတတ်မြောက်ရေး ကြိုးပမ်းခဲ့ကြပါသည်။ ကုလသမဂ္ဂအဖွဲ့ကြီးကလည်း စာတတ်မြောက်ရေးအတွက် အရှိန်အဟုန်ကို တိုးမြှင့်ပေးခဲ့လေသည်။ မြန်မာနိုင်ငံတွင်လည်း လုပ်ငန်းခွင်မပျက် "အ သုံးလုံး"သင်တန်းများကိုဖွင့်လှစ်၍ မြန်မာလူထုကို စာတတ်မြောက်စေခဲ့သည်။ စာမတတ်မြောက်မှုနှင့်ဆင်းရဲမှုသည် အတူယှဉ်တွဲနေသော ဆိုးကျိုးရလဒ်များဖြစ်သည်ဟု ကုလသမဂ္ဂအဖွဲ့ကြီးက သုံးသပ်ထုတ်ပြန်ခဲ့လေသည်။ စာမတတ်မြောက်မှုသည် ခေတ်နောက်ကျကာ ဆင်းရဲတွင်းနက်အောင် အရှိန်ပြင်းထန်စွာဆွဲချနေသော အားနည်းချက်ဖြစ်သည်။

ထို့ကြောင့် စာတတ်မြောက်ရေးလုပ်ငန်း၏ရည်မှန်းချက်သည် "အရေး၊ အဖတ်၊ အတွက်" ဟူသော 'အ' သုံးလုံးကျေရေးအဆင့်မှ အသိပညာနှင့်ကျွမ်းကျင်မှုများပါတိုးမြှင့်ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးနှင့် ဘဝလုံခြုံရေးအတွက် အထောက်အကူဖြစ်သည်ထိ ဦးတည်လာခဲ့သည်။

ကျေးလက်နေပြည်သူများ အသိမြင့်မားခြင်းသည် တိုင်းပြည်၏ အားထားရာဖြစ်သကဲ့သို့ လယ်သမားများ စာဖတ်တတ်၍ စိုက်ပျိုးရေးနည်းပညာကို တတ်မြောက်နားလည်ပါက သီးနှံအထွက်တိုးမည်ဖြစ်ပါသည်။ အလုပ်သမားစာတတ်ပါက နည်းပညာ၊ အတတ်ပညာများ ကောင်းစွာရရှိပြီး ကုန်ထုတ်လုပ်မှုလည်းတိုးတက်နိုင်ပါသည်။

❖ "အလိမ္မာစာမှာရှိ" ဆိုသကဲ့သို့ ယဉ်ကျေးလိမ္မာသော လူ့အဖွဲ့အစည်းကြီးတစ်ခု ထူထောင်ရာတွင် စာပေသည် မရှိမဖြစ်အရေးပါလှလေသည်။ စာပေတန်ဖိုး၊ လူ့ကောင်းကျိုးဆိုသည့်ပမာ လူသားတို့အတွက် စာပေသည် ကောင်းကျိုးကိုသာ ပေးစွမ်းလေသည်။ စာပေဖတ်သော ပညာရှိကို ပေါင်းသင်းခြင်းသည် မိမိအတွက် ချမ်းသာသုခကို ရရှိနိုင်ပြီး အများအကျိုးကို ထမ်းဆောင်နိုင်လေသည်။ အမှား၊ အမှန်လမ်းပြပေးသောစာပေသည် လူသားတို့အတွက် "ပညာအလင်းရောင် မီးရှူးတန်ဆောင်"ဖြစ်သည်။ ❖

မြန်မာနိုင်ငံသည် တစ်မျိုးသားလုံးစာတတ်မြောက်ရေးလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် တစ်နိုင်ငံလုံး တက်ကြွစွာ ပါဝင်လှုပ်ရှားဆောင်ရွက်ခဲ့သောကြောင့် ၁၉၇၁ ခုနှစ်တွင် "မိုဟာမက်ရီဇာပလာဗီဆု" နှင့် ၁၉၈၃ ခုနှစ်တွင် "နိုမာဆု"တို့ကိုရရှိခဲ့ရာ နိုင်ငံအတွက် ဂုဏ်ယူစရာကောင်းလှပါသည်။

အသုံးလုံး ကြွေးကြော်သံများဖြစ်သည့် -
"အချိန်ရှိတုန်း၊ အသုံးလုံး
အသုံးချလေ သင့်တွက်ပေ"
"စီးပွားလူမှု၊ တိုးတက်ရေး
အသုံးလုံးကို ဝိုင်းဝန်းပေး"
"လူတိုင်းတတ်ဖို့ လူတိုင်းသင်
တိုင်းပြည်လိုအင် ဖြည့်လိုက်ကြစို့"
"စာမတတ်သူ ပပျောက်ရေး
စာတတ်သူတိုင်း သင်ပြပေး"
"စာမတတ်သူ မရှိရ
စာတတ်သူတိုင်း သင်ပြကြ" ဟူသော ကြွေးကြော်သံများသည် ထိုခေတ်အချိန်အခါက စာမတတ်သူများအတွက် စာသင်ကြရန် ခွန်အားတစ်ရပ် ရရှိခဲ့သလို စာသင်ပြလိုသူများအတွက်လည်း စိတ်ဓာတ်တက်ကြွနိုးကြားလာခဲ့ပါသည်။ အလုပ်လုပ်ရင်းစာသင်ကြသလို စာသင်နေရင်းမှပင် အလုပ်လုပ်ကြသဖြင့် အားလုံးအကျိုးရှိသော ပရဟိတလုပ်ငန်းကြီးတစ်ခုပင်ဖြစ်ခဲ့သည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ လူတိုင်းစာတတ်မြောက်ရေးသည် အရေးကြီးလှပေသည်။ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုများ၊ နိုင်ငံတကာတွင် ဖြစ်ပေါ်နေသော အခြေအနေများကို သိရှိနားလည်ထားမှသာ လူ့အဖွဲ့အစည်းကြီးတစ်ရပ်လုံးကို ကောင်းမွန်စွာ အကျိုးပြုနိုင်မည်ဖြစ်သည်။ စာကောင်းစွာတတ်မြောက်သော လူ့အဖွဲ့အစည်းနှင့် စာဖတ်သောလူ့အဖွဲ့အစည်းသည် တိုးတက်ယဉ်ကျေးသော လူ့အဖွဲ့အစည်းဖြစ်ပါသည်။ တိုးတက်ယဉ်ကျေးသော လူ့အဖွဲ့အစည်းဖြစ်စေရန်နှင့် စာမပြတ်ဖတ်ရှုနိုင်ရန် စာဖတ်ရှိန်မြှင့်တင်ခြင်း၊ စာဖတ်ခန်းများ၊ စာကြည့်တိုက်များဖွင့်ပေးခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

"အလိမ္မာစာမှာရှိ" ဆိုသကဲ့သို့ ယဉ်ကျေးလိမ္မာသော လူ့အဖွဲ့အစည်းကြီးတစ်ခု ထူထောင်ရာတွင် စာပေသည် မရှိမဖြစ်အရေးပါလှလေသည်။ စာပေတန်ဖိုး၊ လူ့ကောင်းကျိုးဆိုသည့်ပမာ လူသားတို့အတွက် စာပေသည် ကောင်းကျိုးကိုသာ ပေးစွမ်းလေသည်။ စာပေဖတ်သောပညာရှိကို ပေါင်းသင်းခြင်းသည် မိမိအတွက် ချမ်းသာသုခကို ရရှိနိုင်ပြီး အများအကျိုးကို ထမ်းဆောင်နိုင်လေသည်။ အမှား၊ အမှန်လမ်းပြပေးသောစာပေသည် လူသားတို့အတွက် 'ပညာအလင်းရောင် မီးရှူးတန်ဆောင်'ဖြစ်သည်။

စာပေဖန်တီးသူများသည် ကမ္ဘာလောကထဲတွင် တစ်ဦးတစ်ယောက်ထဲ နေထိုင်ကြသည်မဟုတ်ဘဲ လူ့အဖွဲ့အစည်းအတွင်း နေထိုင်နေကြသည့်အတွက် ၎င်းတို့၏စာပေများသည် လူသားတို့၏ လူမှုဘဝများစွာကို ထင်ဟပ်လျက်ရှိပါသည်။ ခွန်အားဖြည့်သော စာပေများ၊ ပျော်ရွှင်စေသော စာပေများ၊ ဆင်ခြင်၊ သုံးသပ် သင်ခန်းစာယူသင့်သော စာပေများစွာရှိသည့်အနက် မိမိနှင့်သင့်လျော်သော စာပေများကို ဖတ်ရှုလိုက်နာကျင့်ကြံခြင်းဖြင့် မိမိဘဝကို တိုးတက်အောင် ဆောင်ရွက်နိုင်ပါသည်။

စာပေဖတ်ရှုခြင်းကြောင့် မိမိမသိတာများကို သိနိုင်သလို မိမိမကြားဖူးတာများကို ကြားသိနိုင်သည်ဟု စာရေးဆရာကြီးအောင်သင်းက ဆိုမိန့်ဖူးလေသည်။ မျက်မှောက်ခေတ်တွင် ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာဖြစ်ပြီး စာပေဖတ်ရှုခြင်းဖြင့် ကမ္ဘာပတ်စရာမလိုပါဟု ဆိုလေသည်။ စာပေဖတ်ရှုခြင်းကြောင့် အသိဉာဏ်ပညာနှင့် ဗဟုသုတ၊ ရသများရရှိပြီး ဆင်ခြင်တုံတရားနှင့် ကိုယ်ချင်းစာတရားများ ပွားများလာကာ လူ့အဖွဲ့အစည်း ရှင်သန်ကောင်းမွန်စေရေးတို့ကို များစွာအကျိုးပြုလေသည်။

လူသားတစ်ယောက်၏ ဘဝတစ်ခုလုံးကိုပြောင်းလဲစေရန် စာပေမှလွဲ၍ အခြားမရှိပါ။ စာပေဖတ်ရှုနေသူတစ်ဦးသည် စာဖတ်ခြင်း၏ အကျိုးကျေးဇူးအများအပြားကို စာမဖတ်သူထက်ပို၍ သိနိုင်လေသည်။ စာပေသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို ပြုစုပျိုးထောင်ပေးနိုင်ကြောင်း၊ ပြောင်းလဲပစ်နိုင်ကြောင်း သမိုင်းမှတ်တမ်းများအရ သိမြင်နိုင်ပါသည်။

ကုဋေရှစ်ဆယ်ကြွယ်ချမ်းသာသော သူဌေးသားသည် ပညာကို ကောင်းစွာမသင်သဖြင့် စာမတတ်သောကြောင့် တောင်းစားရကာ နောက်ဆုံးတွင် ဆင်းရဲချို့တဲ့စွာ အသက်ဆုံးရှုံးရလေသည်။ ပညာ၏တန်ဖိုး၊ စာပေ၏ကောင်းကျိုးကို မသိခြင်းကြောင့် သူဌေးသား၏ ဘဝတစ်ခုလုံးသည် သူဌေးသားဘဝမှ ဆင်းရဲနွံချာသော လူမွဲတစ်ဦးအဖြစ် ပြောင်းလဲသွားပုံသည် စာပေမတတ်ခြင်းကြောင့်ဖြစ်ကြောင်း မှတ်သားရပါသည်။

"အိမ်ကိုရောင်း၍၊ ထောင်းထောင်းကြေလျက်
ခွက်လက်စွဲကာ
တောင်းစားပါလည်း
နင်သာလူမိုက်၊ ဒုစရိုက်ဟု
ရိုက်ပုတ်လိုက်ကြ၊ ရွာမှထွက်လေ
တောမှာသေသည်
ကောင်သေလင်းတ ကျ၏တည်း"ဟူသော ဆားတုံဆရာတော်၏ "ပညာမရှိသော သူဌေးသားအကြောင်း" လင်္ကာကဗျာလေးသည် သူဌေးသားလေး၏ ပညာမရှိမှု၊ စာမတတ်မှုကြောင့် ဆင်းရဲနွံချာစွာ ဘဝနိဂုံးချုပ်ရပုံကို မြင်ယောင်တွေ့ရှိရသဖြင့် များစွာသတိသံဝေဂရပါသည်။ ပညာရှိ၍ စာပေတတ်မြောက်သူသည်လည်း ကြွက်သေတစ်ကောင်ကို အရင်းပြု၍ ကျိကျိတက်ကြွယ်ဝချမ်းသာသွားသည်ကိုလည်း ဖတ်ရှုလေ့လာမှတ်သားရပါသည်။

"တိုးတက်သောလူမျိုးတိုင်းစာဖတ်ကြသည်၊ စာဖတ်သောလူမျိုးတိုင်းသည် တိုးတက်ကြသည်"ဟု ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်က မိန့်ဆိုဖူးပါသည်။ နည်းပညာတွေ မည်မျှတိုးတက်စေကာမူ ကမ္ဘာ့နိုင်ငံများရှိ ပြည်သူများသည် စာကြည့်တိုက်သို့သွားရောက်၍ စာဖတ်လေ့ရှိကြပါသည်။ ကြီးမားကျယ်ပြန့်လှပသော စာကြည့်တိုက်ကြီးများကို တည်ဆောက်ထားကြလေသည်။ စာပေကို တန်ဖိုးထားသောကြောင့် "ရေမြင့် ကြာမြင့်" စကားပုံပမာ နိုင်ငံသည်လည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိပါသည်။

စာပေဖတ်ရှုခြင်းကြောင့် အရာရာကို အကျိုးအကြောင်း၊ အဆိုးအကောင်း ဝေဖန်ပိုင်းခြားနိုင်လေသည်။ စာပေဖတ်ရှုခြင်းသည် မိမိဘဝတစ်ခုလုံးကို ရင့်ကျက်သန်မာလာစေပါသည်။ မိမိ၏ အနာဂတ်အတွက် ခိုင်မာသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ပြီး လူကောင်းအဖြစ်မှ လူတော်သို့ ပြောင်းလဲနိုင်လေသည်။ စာပေဖတ်ရှုခြင်းဖြင့် ဘဝခရီးလမ်းတွင် ကြုံတွေ့ရသော လောကဓံတရားကို ရင်ဆိုင်ဖြေရှင်းနိုင်သော သတ္တိတို့ရရှိလာနိုင်သည်။ အတွေ့အကြုံနှင့် အတွေးအကြံတို့ကို မြင့်မားစေပြီး အဆင်းရောအချင်းပါ ပြည့်ဝလာစေလေသည်။ ထို့ကြောင့် စာပေဖတ်ရှုခြင်းကို အထူးအားပေးတိုက်တွန်းလျက်ရှိသည်။

စာပေဖတ်ရှုခြင်းဖြင့် မိမိကိုယ်ကိုယ် ဦးဆောင်နိုင်သလို စာပေကပေးသော စာပေယဉ်ကျေးမှုသည်လည်း မြင့်မားလာလေသည်။ စာပေဖတ်ရှုခြင်းဖြင့် ဗဟုသုတကြွယ်ဝခြင်း၊ ဘဝတိုးတက် အောင်မြင်ခြင်း၊ နားလည်နိုင်စွမ်းရည်တိုးတက်ခြင်း၊ ကြိုတင်ပြင်ဆင်တတ်ခြင်း၊ အခြားသူများထံမှ အတွေ့အကြုံရရှိခြင်း၊ လူမှုဆက်ဆံရေးကောင်းမွန်ခြင်း၊ အာရုံစူးစိုက်နိုင်ခြင်းနှင့် စိတ်ကူးစိတ်သန်းနှင့်ဖန်တီးမှုစွမ်းအား ပိုမိုကောင်းမွန်လာခြင်းစသောအကျိုးကျေးဇူးများကိုလည်း ရရှိစေနိုင်ပါသည်။

အချုပ်အားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် စာပေတတ်မြောက်မှုနှင့်စာပေဖတ်ရှုခြင်းသည် အခရာကျလှသည်ဖြစ်ရာ လူတိုင်းစာဖတ်ကြရမည်ဖြစ်သည်။ စာပေဖြင့် လူမျိုးဂုဏ်ကို မြှင့်တင်ကြရမည်ဖြစ်ပါသည်။ စာပေဖြင့် လူ့အဖွဲ့အစည်းကြီးကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါသည်။ စာပေသည်သာ လူ့အဖွဲ့အစည်းကြီး၏ အနာဂတ်အလင်းရောင်မီးရှူးတန်ဆောင်ဖြစ်ပါသည်။ ထို့ကြောင့် တစ်မျိုးသားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူတိုင်းစာတတ်မြောက်ရေးအတွက် နိုင်ငံသူ၊ နိုင်ငံသားအားလုံးက အတူတကွ ဝိုင်းဝန်းကြိုးစားအားထုတ်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# တောင်တရုတ်ပင်လယ်ရှိ သန္တာကျောက်တန်းများ ပျက်စီးမှုနှင့်ပတ်သက်၍ ဖိလစ်ပိုင်နိုင်ငံ၏စွပ်စွဲမှုကို တရုတ်နိုင်ငံပယ်ချ



**ပေကျင်း ဇူလိုင် ၉**

တောင်တရုတ်ပင်လယ်ရှိ သန္တာကျောက်တန်းများ ပျက်စီးမှုနှင့်ပတ်သက်၍ ဖိလစ်ပိုင်နိုင်ငံ၏ စွပ်စွဲခဲ့မှုကို တရုတ်နိုင်ငံက ဇူလိုင် ၈ ရက်တွင် ပယ်ချခဲ့ကြောင်း သိရသည်။

တောင်တရုတ်ပင်လယ်အတွင်း သန္တာကျောက်တန်းများ ပျက်စီးမှုသည် ဖိလစ်ပိုင်နိုင်ငံနှင့်ပတ်သက်ကြောင်း တရုတ်နိုင်ငံဘက်မှ ပြောဆိုနေစဉ်အတွင်း ဖိလစ်ပိုင်နိုင်ငံဘက်က စွပ်စွဲမှုထွက်ပေါ်လာခြင်းဖြစ်ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံက တောင်တရုတ်ပင်လယ် **Nansha (Spratly)** ကျွန်းစုရှိ သန္တာကျောက်တန်းများတွင် စစ်သင်္ဘောများကို တရားမဝင်ရပ်နားခဲ့ခြင်းကြောင့် သန္တာကျောက်တန်းများ၏ဂေဟစနစ်ကို ထိခိုက်စေခဲ့ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံပိုင် မီဒီယာတွင်ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံသဘာဝအရင်းအမြစ်ဝန်ကြီးဌာန၏ အစီရင်ခံစာအရ သန္တာကျောက်တန်းများသည် အရောင်ဖျော့လာပြီး သန္တာကျောက်တန်း အရေအတွက်များ သိသိသာသာ ကျဆင်းလာကြောင်း၊ ထို့ပြင် အဏ္ဏဝါပင်လယ်ပြင်ထဲတွင် လေးလံသောဓာတုပစ္စည်းများ ပျံ့နှံ့နေကြောင်း၊ ထို့ပြင် တရုတ်နိုင်ငံမှ သုတေသီများသည် ပျက်စီးနေသော သန္တာကျောက်တန်းများ၊ သန္တာကျောက်အပိုင်းအစများနှင့် ရှားပါးခရုခွံများကို ရှာဖွေတွေ့ရှိခဲ့ပြီး အဆိုပါသန္တာကျောက်တန်းများနှင့် ရှားပါးအဏ္ဏဝါမျိုးစိတ်များသည် ဒေသတွင်း စီးပွားရေးအတွက် အရေးပါသောမျိုးစိတ်များဖြစ်ပြီး ယခုအခါ ပိုမိုရှားပါးလာကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံဘက်က တရုတ်နိုင်ငံ၏ အလွန်အကျွံငါးဖမ်းမှုများကြောင့် ဒေသတွင်းမျိုးသုဉ်းပျောက်ကွယ်လုနီးပါး အဏ္ဏဝါမျိုးစိတ်များ ခြိမ်းခြောက်ခံနေရကြောင်း၊ သန္တာကျောက်တန်းပျက်စီးမှုသည် တရုတ်နိုင်ငံ၏ လုပ်ရပ်များကြောင့် ဖြစ်ကြောင်း စွပ်စွဲထားသည်။

**Ref : Xinhua News**
**Trs : KZ**

# အင်ဒိုနီးရှားနိုင်ငံ ဆူလာဝီစီကျွန်းတွင် မြေပြိုကျမှုကြောင့် လူ ၁၂ ဦးသေဆုံးပြီး ၁၈ ဦးပျောက်ဆုံး

**ဂျကာတာ ဇူလိုင် ၉**

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝီစီကျွန်းတွင် ဇူလိုင် ၇ ရက်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှုဖြစ်ပွား၍ မြေပြိုကျမှုများလည်း ဖြစ်ပေါ်လျက်ရှိရာ ဇူလိုင် ၇ ရက်မှ ယနေ့ထိ လူ ၁၂ ဦး သေဆုံးပြီး ၁၈ ဦး ပျောက်ဆုံးနေကြောင်း အင်ဒိုနီးရှားနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မြေပြိုကျမှုသည် မိုင်းတွင်းလုပ်ကွက်များတွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ မိုင်းတွင်းများမှာလည်း တရားမဝင် မိုင်းတွင်းများဖြစ်ကြောင်း၊ သေဆုံးသူအများစုမှာ မိုင်းတွင်း လုပ်သားများဖြစ်ပြီး ပျောက်ဆုံးနေသူ တချို့မှာလည်း မိုင်းတွင်းလုပ်သားများဖြစ်ကြောင်း၊ ၎င်းမိုင်းတွင်းများအနီးတွင်နေထိုင်သော ကျေးလက်ဒေသများမှ ဒေသခံတချို့လည်း သေဆုံးမှုတွင် ပါဝင်သွားခဲ့ပြီး ကယ်ဆယ်ရေးဝန်ထမ်းများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ အမြောက်အမြားရှိခဲ့ကြောင်း အင်ဒိုနီးရှားအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။



"ဆူလာဝီစီကျွန်းမှာ ဇူလိုင် ၇ ရက်ကစတင်ပြီးတော့ မိုးသည်းထန်စွာရွာသွန်းခဲ့တယ်။ မိုးရေချိန်မြင့်မားခဲ့တဲ့အတွက် ရေကြီးရေလျှံမှုတွေဖြစ်ပေါ်ခဲ့သလို မြေပြိုကျမှုတွေလဲဖြစ်ပေါ်ခဲ့ပါတယ်။ မြေပြိုကျမှုကြောင့် လူ ၁၂ ယောက် သေဆုံးခဲ့ပါတယ်။ ၁၈ ယောက်ထက်မနည်း ပျောက်ဆုံးနေပြီးတော့ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ အမြောက်အမြားရှိခဲ့ပါတယ်။ အရေးပေါ်အခြေအနေနဲ့ ရွှေ့ပြောင်းခဲ့ရသူ ၁၆၄ ယောက်ထက်မနည်းရှိခဲ့ပါတယ်။ သေဆုံးသူအများစုကတော့ မိုင်းတွင်းပြိုကျမှုကြောင့် သေဆုံးခဲ့တာဖြစ်ပါတယ်။ မိုင်းတွင်းအနီးမှာ နေထိုင်တဲ့ ဒေသခံတချို့ကလဲ သေဆုံးမှုစာရင်းမှာ ပါဝင်ခဲ့ပါတယ်။ မြေပြိုကျမှုကြောင့် လမ်းပိတ်ဆို့မှုတွေလဲ ဖြစ်ပေါ်နေပါတယ်"ဟု အင်ဒိုနီးရှား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဟီရီယန်တိုက ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် အပူချိန်မြင့်တက်နေဆဲဖြစ်

**အော့တာဝါ ဇူလိုင် ၉**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် ပြီးခဲ့သည့်ရက်သတ္တပတ်ကစတင်၍ အပူလှိုင်းဖြတ်သန်းခဲ့ခြင်းဖြစ်ပြီး အပူလှိုင်းဖြတ်သန်းမှုမှာ ဇူလိုင် ၈ ရက်ထိ ဖြတ်သန်းနေဆဲဖြစ်ကာ အပူချိန်ပမာဏမှာလည်း ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ကြောင်း ကနေဒါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အပူချိန်မြင့်တက်မှုနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီသတိပေးချက်များ ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ ဗြိတိသျှကိုလံဘီယာပြည်နယ်အပြင် ကနေဒါနိုင်ငံအနောက်ဘက်ပိုင်း ပြည်နယ်များတွင်လည်း ပူပြင်းခြောက်သွေ့သည့်ရာသီဥတုဖြင့် ရင်ဆိုင်နေရကြောင်း ကနေဒါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

"ပြီးခဲ့တဲ့ရက်သတ္တပတ်က စတင်ခဲ့တဲ့ အပူလှိုင်းဖြတ်သန်းမှုဟာ ဒီရက်သတ္တပတ်လုံးမှာလဲ ဆက်လက်ဖြတ်သန်းဖွယ်ရှိနေပါတယ်။ ဇူလိုင်လ ၈ ရက်မှာ အပူချိန်ပမာဏဟာ ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ပြီးတော့ လာမဲ့ရက်သတ္တပတ်အတွင်းမှာလဲ အပူချိန်ပမာဏဟာ ၃၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ဖွယ်ရှိနေပါတယ်။ အပူချိန်ပမာဏအနေနဲ့ ၃၅ ဒီဂရီစင်တီဂရိတ်ကနေ ၃၉ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်သွားဖွယ်ရှိနေပါတယ်။ အပူချိန်ပြောင်းလဲမှုကို အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးသွားမှာဖြစ်ပါတယ်"ဟု ကနေဒါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကနေဒါနိုင်ငံတွင် အပူချိန်မြင့်တက်မှုပြဿနာဖြင့် ရင်ဆိုင်နေရသည့် ဧရိယာများမှာ ဝစ်တလာနယ်မြေ၊ ဆန်းရှိုင်းကမ်းခြေ၊ ဗန်ကူဗားဒေသ၊ ဖရေဇာချိုင့်ဝှမ်းအရှေ့ဘက်ပိုင်းနှင့် ဗန်ကူဗားကျွန်းကုန်းတွင်းပိုင်းတို့ဖြစ်ကြောင်း ကနေဒါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် ဘာရယ်ဟာရီကိန်းမုန်တိုင်းကြောင့် လေကြောင်းခရီးစဉ် ၁၃၀၀ ကျော် ယာယီပိတ်ထား

**ဝါရှင်တန် ဇူလိုင် ၉**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်တွင် ဇူလိုင် ၈ ရက်က ဘာရယ်ဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်သဖြင့် မုန်တိုင်းဒဏ်သင့်ဧရိယာများတွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပြီး လေကြောင်းခရီးစဉ်များ အန္တရာယ်ရှိသောကြောင့် လေကြောင်းခရီးစဉ်ပေါင်း ၁၃၀၀ ကျော်ကို ယာယီပိတ်ထားခဲ့ကြောင်း အမေရိကန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မုန်တိုင်းကြောင့် လေဆိပ်များကိုပိတ်ထားရသည့်အပြင် ဆိပ်ကမ်းများကိုလည်း ယာယီပိတ်ထားကြောင်း၊ ကော့ပက်စ်ခရစ္စတီမြို့၊ ဟောက်စတန်မြို့၊ ဂယ်လ်ဗက်စတန်မြို့၊ ဖရီးပေါ့သ်မြို့နှင့် တက္ကဆက်မြို့တော်တို့တွင် ဆိပ်ကမ်းများကို ယာယီပိတ်ထားခြင်းဖြစ်ပြီး မုန်တိုင်း အခြေအနေပေါ်မူတည်၍ ဆိပ်ကမ်းများကို ပြန်လည်အသုံးပြုခွင့် ပေးသွားမည်ဖြစ်ကြောင်း တက္ကဆက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မုန်တိုင်းအန္တရာယ်နဲ့ပတ်သက်ပြီး ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်မယ်လို့မျှော်လင့်ပါတယ်။ ပြည်သူတွေ အန္တရာယ်ကင်းဖို့အတွက် ကယ်ဆယ်ရေးဝန်ထမ်းတွေ အချိန်ပြည့် ကူညီပေးနေပါတယ်"ဟု တက္ကဆက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဘာရယ်ဟာရီကိန်းမုန်တိုင်းကြောင့် တက္ကဆက်ပြည်နယ်တွင် လျှပ်စစ်မီးပြတ်တောက်သည့် လူနေအိမ်ပေါင်း ၁၄၀၀၀ ကျော်ထိရှိနေကြောင်း၊ မုန်တိုင်းသည် အားပိုကောင်းလာဖွယ် ရှိနေပြီး တက္ကဆက်ပြည်နယ်တွင် မုန်တိုင်းကြောင့် ပျက်စီးမှုနှုန်း ပိုမိုမြင့်တက်လာဖွယ်ရှိနေကြောင်း သိရသည်။

တက္ကဆက်ကမ်းခြေသို့ အပန်းဖြေအနားယူရန် ရောက်ရှိနေသည့် ပြည်တွင်း၊ ပြည်ပ ခရီးသည်တချို့မှာ မုန်တိုင်းစတင်ဝင်ရောက်စဉ်ကတည်းက နေရပ်သို့ပြန်သွားခဲ့ပြီး မပြန်ဖြစ်သော ခရီးသည်များမှာ တက္ကဆက်ပြည်နယ်တွင် ပိတ်မိလျက်ရှိကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# အီရန်နိုင်ငံတွင်ဖြစ်ပွားခဲ့သော အဆိပ်သင့်မှု ရေထုညစ်ညမ်းမှုကြောင့်ဖြစ်နိုင်

**တီဟီရန် ဇူလိုင် ၉**

ပြီးခဲ့သည့် သီတင်းနှစ်ပတ်ခန့်က အီရန်နိုင်ငံမြောက်ပိုင်း **Rezvanshahr** မြို့တွင်နေထိုင်သူ လူဦးရေ ၄၀၀ ထက်မနည်း အဆိပ်သင့်မှုဖြစ်ပွားခဲ့သော ဖြစ်စဉ်သည် ရေထုညစ်ညမ်းမှုကြောင့် ဖြစ်ပွားခြင်းဖြစ်နိုင်ကြောင်း ဂီလန်ဆေးသိပ္ပံတက္ကသိုလ်၏ဥက္ကဋ္ဌ တာဂီအဘူဘီက ပြောကြားခဲ့သည်ဟု ဇူလိုင် ၈ ရက်သတင်းများအရ သိရသည်။

အီရန်နိုင်ငံမြောက်ပိုင်း **Rezvanshahr** မြို့တွင်နေထိုင်သူ လူဦးရေ ၄၀၀ ထက်မနည်းသည် ပြီးခဲ့သည့်သီတင်းနှစ်ပတ်ခန့်မှစ၍ အဆိပ်သင့်မှုဖြင့် ကြုံတွေ့ခဲ့ရပြီး ဆေးရုံများသို့ တက်ရောက်ကုသရလျက်ရှိကြောင်း၊ အဆိုပါဖြစ်စဉ်သည် သောက်သုံးရေအတွင်း မသန့်ရှင်းသောရေဆိုးများ ဝင်ရောက်ရာမှ အဆိပ်သင့်ခြင်းကြောင့် ဖြစ်နိုင်ကြောင်း ဒေသတွင်းအစီရင်ခံစာတချို့က ဖော်ပြခဲ့ကြသော်လည်း သက်ဆိုင်ရာအာဏာပိုင်များကမူ တိတိကျကျ သတင်းထုတ်ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

"ဆေးရုံကိုရောက်နေတဲ့လူတွေကို ကနဦးစုံစမ်းစစ်ဆေးမှုတွေအရ အဆိပ်သင့်မှုဖြစ်ရတာဟာ ရေထုညစ်ညမ်းမှုကြောင့်ဖြစ်တာကို ညွှန်ပြနေပေမဲ့ ဒီဖြစ်ရပ်ရဲ့အကြောင်းရင်းကို စုံစမ်းနေဆဲပါ"ဟု တာဂီအဘူဘီက ပြောကြားခဲ့သည်။

သက်ဆိုင်ရာအာဏာပိုင်များအနေဖြင့် အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းအတိအကျ ထုတ်ပြန်ရေးအတွက် အတည်ပြုရန် တွန့်ဆုတ်နေပြီး သတိကြီးကြီးထား၍ကိုင်တွယ်ဖြေရှင်းရန် ကြိုးစားလျက်ရှိကြောင်း ဒေသတွင်း သတင်းရင်းမြစ်များက ဖော်ပြထားသည်။

သောက်သုံးရေ အဆိပ်သင့်မှုကြောင့် ဆေးရုံသို့ရောက်ရှိလာသော လူနာများသည် ပျို့အန်ခြင်း၊ ခန္ဓာကိုယ်နာကျင်ခြင်းနှင့် ဝမ်းဗိုက်အတွင်းမှ ပူလောင်သည့်ဝေဒနာများ ခံစားရကြောင်း၊ အဆိပ်သင့်လူနာများကို ဆေးရုံများတွင် လာရောက်ကြည့်ရှုခွင့်ကိုလည်း အာဏာပိုင်များက ပိတ်ပင်ထားကြောင်း သိရသည်။

**Rezvanshahr** မြို့ရှိ ဆေးရုံအကြီးအကဲက ပြည်သူများအနေဖြင့် သောက်သုံးရေကို ဆူအောင်ကျိုချက်၍သောက်သုံးရန် အကြံပြုထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : AZH**

အရည်အသွေးမြင့် စားသောက်ကုန်များ အပါအဝင် ထုတ်ကုန်ပစ္စည်း အမျိုးမျိုးကို ဝိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ အောင်မြေသာစံ၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄



CNC 3D ရုပ်လုံးဖော်စက်ကြီးများ
အသုံးပြု၍
ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊
လူသုံးကုန်ပစ္စည်းများအား
ထုတ်လုပ် ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်။

# မာဘယ်ကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .





ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## ကန့်ကွက်လွှာခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါမြေနေရာများမှ မြေငှားဂရန်အမှုတွဲ (သက်တမ်းတိုး)များ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

(က) နွားထိုးကြီးမြို့နယ်၊ ပြင်စည်ကျေးရွာအုပ်စု၊ ပြင်စည်ကျေးရွာ၊ ကွင်းအမှတ်- (၇၅၄)၊ ကွင်းအမည်-ပြင်စည်ရွာမကွင်း၊ မြေကွက်အမှတ်-(၃၅၉/၅၁၁)၊ မြေဧရိယာ-(၀. ၁၈၆) ဧကရှိ မြေနေရာအား ပြင်စည်ကျေးရွာနေ ဒေါ်ဌေးမြင့် (၉/နထက(နိုင်)၀၈၁၇၉၈)မှ လူနေထိုင်ရန် မြေငှားဂရန်(သက်တမ်းတိုး)လျှောက်ထားခြင်း။

(ခ) နွားထိုးကြီးမြို့နယ်၊ ပြင်စည်ကျေးရွာအုပ်စု၊ ပြင်စည်ကျေးရွာ၊ ကွင်းအမှတ်- (၇၅၄)၊ ကွင်းအမည်-ပြင်စည်ရွာမကွင်း၊ မြေကွက်အမှတ်-(၄၃၈/၄၉၅)၊ မြေဧရိယာ-(၀. ၁၁၂) ဧကရှိ မြေနေရာအား ပြင်စည်ကျေးရွာနေ ဒေါ်ပေါ်ကြိုင် (၉/နထက(နိုင်)၁၇၉၄၅၉)မှ လူနေထိုင်ရန် မြေငှားဂရန်(သက်တမ်းတိုး) လျှောက်ထားခြင်း။

(ဂ) နွားထိုးကြီးမြို့နယ်၊ ပြင်စည်ကျေးရွာအုပ်စု၊ ပြင်စည်ကျေးရွာ၊ ကွင်းအမှတ်- (၇၅၁/က)၊ ကွင်းအမည်-အောက်ကံသစ်(န)ကွင်း၊ ဦးပိုင်အမှတ်-(၄၅)၊ မြေဧရိယာ- (၀. ၈၁)ဧကရှိ မြေနေရာအား ပြင်စည်ကျေးရွာနေ ဦးမောင်ထွေး (၉/တသန(နိုင်)၀၀၁၉၂၉) စက်မှု/စီးပွားမြေငှားဂရန်(သက်တမ်းတိုး)လျှောက်ထားခြင်း။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**နွားထိုးကြီးမြို့**

## ကန့်ကွက်လွှာခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါမြေနေရာများမှ မြေငှားဂရန်အမှုတွဲ (သက်တမ်းတိုး)များ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

(က) နွားထိုးကြီးမြို့နယ်၊ ပြင်စည်ကျေးရွာအုပ်စု၊ ပြင်စည်ကျေးရွာ၊ ကွင်းအမှတ်- (၇၅၄)၊ ကွင်းအမည်-ပြင်စည်ရွာမကွင်း၊ မြေကွက်အမှတ်-(၃၉၈/၅၃၁)၊ မြေဧရိယာ-(၀. ၁၈၃) ဧကရှိ မြေနေရာအား ပြင်စည်ကျေးရွာနေ ဦးညိမ်းမောင် (၉/နထက(နိုင်)၀၁၄၇၉၄) မှ လူနေထိုင်ရန် မြေငှားဂရန်(သက်တမ်းတိုး)လျှောက်ထားခြင်း။

(ခ) နွားထိုးကြီးမြို့နယ်၊ ပြင်စည်ကျေးရွာအုပ်စု၊ ပြင်စည်ကျေးရွာ၊ ကွင်းအမှတ်- (၇၅၄)၊ ကွင်းအမည်-ပြင်စည်ရွာမကွင်း၊ မြေကွက်အမှတ်-(၄၆၃/၅၀၈)၊ မြေဧရိယာ-(၀. ၂၄၉) ဧကရှိ မြေနေရာအား ပြင်စည်ကျေးရွာနေ ဒေါ်ကြည်အေး (၉/နထက(နိုင်)၀၇၆၃၅၄)၊ ဒေါ်ချောစုခိုင် (၉/နထက(နိုင်)၁၂၀၇၆၆)တို့မှ လူနေထိုင်ရန် မြေငှားဂရန်(သက်တမ်းတိုး) လျှောက်ထားခြင်း။

(ဂ) နွားထိုးကြီးမြို့နယ်၊ ပြင်စည်ကျေးရွာအုပ်စု၊ ပြင်စည်ကျေးရွာ၊ ကွင်းအမှတ်-(၇၅၄)၊ ကွင်းအမည်-ပြင်စည်ရွာမကွင်း၊ မြေကွက်အမှတ်-(၃၉၆/၅၁၄)၊ မြေဧရိယာ-(၀. ၂၃၂) ဧကရှိမြေနေရာအား ပြင်စည်ကျေးရွာနေ ဒေါ်ခင်ဆွေဝင်း (၉/နထက(နိုင်)၀၇၇၁၇၄)မှ လူနေထိုင်ရန် မြေငှားဂရန်(သက်တမ်းတိုး)လျှောက်ထားခြင်း။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**နွားထိုးကြီးမြို့**

## ပျောက်ဆုံးကြောင်း

မကွေးမြို့၊ ရန်ပယ်
ရပ်ကွက်နေ စမ်းစမ်းဝင်း
(ဘ) ဦးထွန်းရွှေ (၅/မကန
(နိုင်)၀၁၅၆၉၉)၏ နိုင်ငံကူး
လက်မှတ်အမှတ်
(MB-411952) မှာ
ပျောက်ဆုံးသွားပါသဖြင့်
တွေ့ရှိပါက
အကြောင်းကြားပေးပါရန်။
**၀၉-၄၂၀၅၅၅၆၇၂**

## ပျောက်ဆုံးကြောင်း

မကွေးမြို့၊ ရန်ပယ်
ရပ်ကွက်နေ ခင်မာညို
(ဘ) ဦးကြည်ဝိုင်း (၈/မကန
(နိုင်)၁၃၃၁၈၅)၏
နိုင်ငံကူးလက်မှတ်အမှတ်
(MB-411950) မှာ
ပျောက်ဆုံးသွားပါသဖြင့်
တွေ့ရှိပါက
အကြောင်းကြားပေးပါရန်။
**၀၉-၄၂၀၅၅၅၆၇၂**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အကွက်(၅၇၁)နေ ဒေါ်အေးမြစိုး (ဘ) ဦးခင်မောင်စိုး (၉/ခအဇ(နိုင်)၀၀၄၅၄၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၄၄၀၁၅၀၀၆**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အကွက်(၆၆၀)နေ မောင်စိုင်းမျိုး (ဘ) ဦးအိုက်အောင် (၉/မဟမ(နိုင်)၀၄၁၂၆၆) ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၀၂၅၇၅၄၂၈**

## ဖခင်အမည်မှန်

စဉ့်ကိုင်မြို့၊ အ. ထ. က(စဉ့်ကိုင်)၊ Grade-9 တွင် ပညာသင်ကြားနေသော မကြယ်ဇင်ချို ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမောင်လွင် ဖြစ်ပါကြောင်း။

**ဦးမောင်လွင်(၉/သပက(နိုင်)၀၃၇၁၃၆)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ဂရိတ်ဖရုသီးသည် ကင်ဆာဖြစ်စေသောအင်ဇိုင်းကို ဟန့်တားပေးသည်။ ဆေးလိပ်ဖြတ်ပြီးနောက်ပိုင်း အဆုတ်သန့်ရှင်းရေးအတွက် အထူးကောင်းမွန်သည်။



လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ ပြည်ထောင်စုကြီးငြိမ်းချမ်းရေးအတွက် NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသာလျှင် မိမိတို့အားလုံးမျှော်လင့်ထားသည့်အေးချမ်းသာယာသောနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။မိမိတို့နိုင်ငံ၏ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုနှင့် ပြည်တွင်းပယောဂကင်းကင်းဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ကျရောက်သော (၄၉)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏ စိမ်းလန်းသောဖွံ့ဖြိုးတိုးတက်မှုဖိုရမ်သို့ တက်ရောက်ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိ



**နေပြည်တော် ဇူလိုင် ၉**

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏ စိမ်းလန်းသောဖွံ့ဖြိုးတိုးတက်မှုဖိုရမ်သို့ တက်ရောက်ခဲ့သည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် **စာမျက်နှာ ၁၆ ကော်လံ ၃ ☆**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။**

### ထူးခြားသည့် နေ့အပူချိန်များ

(၉-၇-၂၀၂၄)

| | |
|---|---|
| ချောက် | ၄၀ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၈ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၈ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ် |

## ဧရာဝတီမြစ်ရေ ညောင်ဦးမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၉**

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် ညောင်ဦးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
SIN MINN
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com


BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ